# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

၁၃၈၁ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၃ ရက်  ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီ ၂၁ ရက်၊ သောကြာနေ့  အတွဲ (၅၉)၊ အမှတ် (၁၄၄)


### ခန္ဓာငါးပါးကို မပြတ်ရှုမြင်

ခန္ဓာငါးပါးတို့၏ အဖြစ်အပျက်ကို မရှုမမြင်ဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်ရခြင်းထက် ခန္ဓာငါးပါးတို့၏ အဖြစ်အပျက်ကို မပြတ်ရှုမြင်ရသော ပုဂ္ဂိုလ်၏ တစ်ရက်မျှ အသက်ရှည်ရခြင်းသည် မြတ်၏။

သဟဿဝဂ် (ဓမ္မပဒ - ၁၁၃)

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် (၇၂)နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြား



နေပြည်တော် ဖေဖော်ဝါရီ ၂၀

၂၀၂၀ ပြည့်နှစ် (၇၂)နှစ်မြောက် ချင်းအမျိုးသားနေ့ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ထန်တလန်မြို့ အမှတ်(၃)ရပ်ကွက်ရှိ ဘောလုံးကွင်း၌ ကျင်းပရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။

အခမ်းအနားသို့ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၏ ဇနီး ဒေါက်တာ ရွှေလွှမ်း၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် ဇနီး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာမြင့်ထွေး၊ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို၊ ချင်းပြည်နယ် အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွှယ်၊ ချင်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးဇိုဘွဲ့၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှမော်ဦး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများ၏ ဇနီးများ၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ တိုင်းရင်းသားခေါင်းဆောင်များ၊ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

**ရင်းရင်းနှီးနှီးကြိုဆို**

နံနက် ၉ နာရီတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့ဝင်များသည် ၂၀၂၀ ပြည့်နှစ် (၇၂)နှစ်မြောက် ချင်းအမျိုးသားနေ့ အခမ်းအနားကျင်းပမည့် ထန်တလန်မြို့ အမှတ်(၃)ရပ်ကွက်ရှိ ဘောလုံးကွင်းသို့ ရောက်ရှိကြရာ ဒေသခံတိုင်းရင်းသားများက ဂုဏ်ပြုပန်းစည်းများ ပေးအပ်၍ ရင်းရင်းနှီးနှီးကြိုဆို နှုတ်ဆက်ကြသည်။

*စာမျက်နှာ ၄ ကော်လံ ၁* ✻

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် (၇၂)နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

သတင်းစဉ်




KBZ BANK

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

မြန်မာ့အလင်း

# သင်ခန်းစာယူဖွယ်

၂၄ နာရီ မပြည့်သေးမီ ရန်ကုန်မြို့လယ်ဒေသများ၌ မီးနှစ်ကြိမ်လောင်ခြင်းဖြင့် ယခုနှစ်၏ ခြောက်သွေ့ရာသီ မီးဘေးအန္တရာယ်တို့ နိဒါန်းပျိုးလိုက်ပြီဖြစ်ရာ နောက်ထပ်မဖြစ်ပွားရေးအတွက် ကြိုတင်ကာကွယ်မှုများနှင့်အတူ တစ်ရံမလပ်သတိပြုကြရတော့မည်ဖြစ်သည်။

ဖေဖော်ဝါရီလ ၁၉ ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် ၉၇ လမ်း၌ ဖြစ်ပွားသည့် မီးလောင်မှုတွင် လူသုံးဦးအသက်ဆုံးရှုံးခဲ့ရပြီး ဖေဖော်ဝါရီလ ၂၀ ရက်က ဖြစ်ပွားသည့် လမ်းမတော်သံဈေးမီးလောင်မှုတွင်မူ ဈေးဆိုင်ခန်း ၄၀ ကျော် မီးသင့်ခဲ့ကာ လူ ၁၈ ဦး ထိခိုက်မှုရှိခဲ့ရာ ၎င်းမီးလောင်မှုများမှ သင်ခန်းစာယူဖွယ်ရာများလည်းရှိခဲ့သည်။ အထူးသဖြင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် မီးလောင်မှုဖြစ်ပွားလာပါကလည်း အရေးပေါ်ရှောင်တိမ်း လွတ်မြောက်နိုင်ရေးအတွက် တိကျသေချာသော အစီအမံများကို အမြော်အမြင်ရှိရှိ ဆောင်ရွက်ထားရန်ပင်ဖြစ်သည်။

မီးလောင်သည့်အခါတွင်ဖြစ်စေ၊ သဘာဝဘေးအန္တရာယ်တစ်ခုခု ကျရောက်သည့်အခါတွင်ဖြစ်စေ၊ ကပ်ရောဂါ သို့မဟုတ် ဘေးအန္တရာယ် တစ်ခုခုကျရောက်သည့်အခါတွင်ဖြစ်စေ၊ မီးငြိမ်းသတ်ခြင်း၊ ကာကွယ်တားဆီးခြင်း၊ ရှာဖွေကယ်ဆယ်ခြင်းတို့ကို မီးသတ်တပ်ဖွဲ့ဝင်များက ဆောင်ရွက်ကြရသည်။ ယင်းသို့ဆောင်ရွက်သည့်အခါတွင် ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုတို့ အဓိကလိုအပ်ပြီး ပြည်သူတို့၏ ပူးပေါင်းဆောင်ရွက်မှုရရှိနိုင်ရန်အတွက်လည်း ပညာပေးစည်းရုံးလှုံ့ဆော်မှု ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ထားရန် လိုအပ်သည်။

ထို့ပြင် သုံးထပ်နှင့်အထက်ရှိ အဆောက်အအုံ၊ စုပေါင်းပိုင်အိမ်ရာ၊ ဈေး၊ လူအများအပြား စုဝေးအသုံးပြုသည့် အဆောက်အအုံများ ဆောက်လုပ်ခြင်း၊ ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်းလုပ်ငန်း လုပ်ကိုင်ခြင်း၊ စက်ရုံ၊ အလုပ်ရုံ ၊ သိုလှောင်ရုံနှင့် သိုလှောင်ကန်များ ဆောက်လုပ်ခြင်း၊ မီးဘေးအန္တရာယ်စိုးရိမ်ရသော လုပ်ငန်း သို့မဟုတ် ပေါက်ကွဲစေတတ်သည့် ပစ္စည်းအသုံးပြု၍ လုပ်ငန်း လုပ်ကိုင်ခြင်း၊ မီးဘေးလုံခြုံရေးဆိုင်ရာ ပစ္စည်းကိရိယာများ တင်သွင်းခြင်း၊ ထုတ်လုပ်ခြင်းနှင့် ရောင်းချခြင်း၊ မော်တော်ယာဉ်၊ ရထား၊ လေယာဉ်၊ ရဟတ်ယာဉ်၊ သင်္ဘော၊ စက်တပ်ရေယာဉ်တို့ကို အသုံးပြု၍ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ လုပ်ကိုင်ခြင်းတို့တွင် မီးဘေးလုံခြုံရေးအတွက် မီးသတ်ဦးစီးဌာန၏ မီးဘေးလုံခြုံရေးဆိုင်ရာ စစ်ဆေးထောက်ခံချက်ကို ရရှိပြီးမှသာ သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းတို့က ခွင့်ပြုမိန့်ကို ထုတ်ပေးရန် ဥပဒေတွင် ပြဋ္ဌာန်းထားရှိသည်။

မီးငြိမ်းသတ်ရေးဆောင်ရွက်ရာတွင် ခါတ်အားဖြတ်တောက်ခြင်း၊ လမ်းများရှင်းလင်းခြင်း၊ နေအိမ်အဆောက်အအုံများအတွင်း ဝင်ရောက်ခြင်း၊ မီးကူးစက်နိုင်သည့် နေအိမ်၊ အဆောက်အအုံများကို လိုအပ်သလို ဖြိုဖျက်ခြင်း၊ ရေရရှိရေးအတွက် မည်သည့်နေရာ ရေကန်၊ ရေတွင်းမှမဆို ရေရယူခြင်း၊ မီးငြိမ်းသတ်ရေးအတွက် မည်သည့်ယာဉ်ကိုမဆို ရယူခြင်းတို့သည် မီးသတ်တပ်ဖွဲ့ဝင်များအား ဥပဒေကပေးအပ်ထားသည့် လုပ်ပိုင်ခွင့်များဖြစ်သလို မီးငြိမ်းသတ်ရန်ထွက်ခွာလာသည့် မီးသတ် တပ်ဖွဲ့ဝင်များနှင့် မီးသတ်ယာဉ်များကို အကြောင်းမဲ့ဟန့်တားခြင်း၊ လမ်းပိတ်ဆို့ခြင်း၊ နှောင့်ယှက်ခြင်း၊ ရန်ပြုခြင်း၊ မီးလောင်မှုနှင့် မဆိုင်သည့် နေရာသို့ တစ်နည်းနည်းဖြင့် လမ်းပြခေါ်ယူခြင်း၊ မီးငြိမ်းသတ်နေသည့် မီးသတ်တပ်ဖွဲ့ဝင်များကို ဟန့်တားခြင်း၊ နှောင့်ယှက်ခြင်း၊ လက်ရောက်ပြုခြင်းတို့ကို မည်သူမျှ မပြုလုပ်ရန် ဥပဒေအရတားမြစ်ထားပြီး ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားပါက ထောင်ဒဏ်ငါးနှစ်အထိ ကျနိုင်သည့် ပြစ်မှုများပင်ဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီးသည် နိုင်ငံ၏ စီးပွားရေးရပ်ဝန်းကြီးဖြစ်သည်နှင့်အညီ လူဦးရေ ထူထပ်သိပ်သည်းသလို အထပ်မြင့်အဆောက် အအုံကြီးများ၊ ဈေးကြီးများ၊ စက်ရုံအလုပ်ရုံများ များပြားသည်နှင့်အမျှ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်မှုကို အထူးဝါယမ စိုက်ထုတ်ပြုလုပ်ထားရန် လိုအပ်သည်။ မီးဘေးရှောင် မလောင်ခင်က တားရာတွင် မီးသတ်ဦးစီးဌာနနှင့်အတူ ပြည်သူတို့၏ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုအားကောင်းသည်နှင့်အမျှ မီးအန္တရာယ်ကာကွယ်နိုင်ကြမည် ဖြစ်ပါကြောင်း။ ။

## နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားခြင်းကို ပယ်ဖျက်၍ ပါတီအား ဖျက်သိမ်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၅၆ / ၂၀၂၀ )
၁၃၈၁ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၂ ရက်
( ၂၀၂၀ ပြည့်နှစ် ၊ ဖေဖော်ဝါရီလ ၂၀ ရက် )
နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားခြင်းကို ပယ်ဖျက်၍
ပါတီအား ဖျက်သိမ်းခြင်း

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် **ရှမ်းပြည်နယ်အရှေ့ပိုင်း ဖွံ့ဖြိုးတိုးတက်ရေး ဒီမိုကရက်တစ်ပါတီ** ကို မှတ်ပုံတင်အမှတ် (၉၁)၊ ၂-၇-၂၀၁၅ ရက်စွဲပါ ကြေညာချက်အမှတ် (၂၆/၂၀၁၅) ဖြင့် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခဲ့ပါသည်။

၂။ **ရှမ်းပြည်နယ်အရှေ့ပိုင်း ဖွံ့ဖြိုးတိုးတက်ရေးဒီမိုကရက်တစ်ပါတီ** ၏ ၉-၁-၂၀၂၀ ရက်စွဲပါ စာအမှတ်၊ ၀၀၁ / က - ၂ / ၂၀၂၀ ဖြင့် နိုင်ငံရေးပါတီအဖြစ်မှ ဖျက်သိမ်းခွင့်ပြုပါရန် တင်ပြချက်နှင့် စပ်လျဉ်း၍ ၂၀-၂-၂၀၂၀ ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် စုံညီအစည်းအဝေး အမှတ်စဉ် (၅/၂၀၂၀)တွင် တင်ပြဆွေးနွေးခဲ့ပြီး နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၁၉ (က) နှင့်အညီ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းမှပယ်ဖျက်၍ ပါတီကို ဖျက်သိမ်းခွင့်ပြုရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တွင် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားသည့် **ရှမ်းပြည်နယ်အရှေ့ပိုင်းဖွံ့ဖြိုးတိုးတက်ရေးဒီမိုကရက်တစ်ပါတီ**ကို ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့မှစ၍ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းမှ ပယ်ဖျက်၍ ပါတီအား ဖျက်သိမ်းလိုက်သည်။

( လှသိန်း )
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ယာယီခိုလှုံရာစခန်းများရှိ နေရပ်စွန့်ခွာသူများကို မဟာဗျူဟာနှင့်အညီ ပြန်လည်နေရာချထားရေး စီမံချက်လမ်းညွှန်ရေးဆွဲရန် ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၀

**ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာနှင့်အညီ စခန်းများ ပိတ်သိမ်းနိုင်ရေးအတွက် စီမံချက်များ စနစ်တကျရေးဆွဲအကောင်ထည်ဖော် ဆောင်ရွက်နိုင်ရန် လမ်းညွှန်ရေးဆွဲရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၌ ကျင်းပသည်။**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာနှင့်အညီ စခန်းများ ပိတ်သိမ်းနိုင်ရေးအတွက် စီမံချက်များ စနစ်တကျရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် လမ်းညွှန်ရေးဆွဲရေး ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေး၊ ဒုတိယဝန်ကြီး ဦးစိုးအောင်၊ ဆက်နွှယ်ဝန်ကြီးဌာနများနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ ကိုယ်စားလှယ်များ၊ UEHRD မှ ကိုယ်စားလှယ်များ၊ ဆွစ်ဇာလန်နိုင်ငံမှ International Consultant, Professor Walter Kaelin တို့ တက်ရောက်ကြသည်။

### နေရာချထားရေး ဆောင်ရွက်ရန်

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး က မြန်မာနိုင်ငံအတွင်း ပဋိပက္ခများကြောင့် IDP စခန်းများ ဖွင့်လှစ်ခဲ့ရာ လက်ရှိတွင် ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့၌စခန်း (၁၂၈) ခု ဖွင့်လှစ်ထားပါကြောင်း၊ အဆိုပါ စခန်းများမှာ ယာယီသာ ဖြစ်သင့်သည့်အတွက် စခန်းနေသူများကို ပြန်လည်နေရာချထားရေးနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပေးရန် မိမိတို့အစိုးရ၏ တာဝန်ဖြစ်ပါကြောင်း၊ ထို့အတွက် ပြည်တွင်း နေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာကို ၂၀၁၉ ခုနှစ် နိုဝင်ဘာလတွင် ထုတ်ပြန်ခဲ့ပြီး IDP စခန်းများရှိသည့် ပြည်နယ်များတွင် ရှင်းလင်းဆွေးနွေးပြီးဖြစ်ပါကြောင်း။

### စခန်းနေထိုင်သူများ ဆန္ဒရယူ

အဆိုပါ မဟာဗျူဟာနှင့်အညီ လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် စခန်းများအလိုက် စီမံချက် (Action Plan) များ ရေးဆွဲကြရမည်ဖြစ်ရာ လမ်းညွှန် (Guideline) ရှိရန် အရေးကြီးပါကြောင်း၊ လက်ရှိစခန်းများအနက်မှ မည်သည့်စခန်းများကို ဦးစားပေး နေရာပြန်လည်ချထားရန် ရွေးချယ်ခြင်း၊ ဆောင်ရွက်ချိန်တွင် စခန်းတွင်း နေထိုင်သူများ၏ ပညာရေး၊ ကျန်းမာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများကိုပါ အလေးထားဆောင်ရွက်မှသာ ရေရှည်တည်တံ့မည်ဖြစ်ပါကြောင်း၊ မဟာဗျူဟာနှင့်အညီ လုပ်ငန်းများ ဆောင်ရွက်ရာတွင် စခန်းတွင်နေထိုင်သူများ၏ ဆန္ဒများရယူဆွေးနွေးပြီး လက်တွေ့မြေပြင်အခြေအနေများကို ပါ ပေါင်းစပ်ထည့်သွင်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

မိမိတို့ဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် ဖြစ်ရပ်စီမံခန့်ခွဲမှုအဖွဲ့များဖွဲ့စည်း၍ ကွင်းဆင်းဆန်းစစ်မှုများ ဆောင်ရွက်ရန် လျာထားပါကြောင်း၊ ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာကော်မတီများကို အမျိုးသားအဆင့်၊ ပြည်နယ်အဆင့်များအနေဖြင့် ဖွဲ့စည်း ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် လမ်းညွှန်ရေးဆွဲရာတွင် လူမှုရေးအဖွဲ့အစည်းများ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးအဖွဲ့များ၊ စခန်းတာဝန်ခံများနှင့် ဒေသခံလူထုများအကြား ချိတ်ဆက်ပူးပေါင်းဆောင်ရွက်နိုင်မည့် အစီအမံများ စနစ်တကျ ထည့်သွင်းရေးဆွဲနိုင်ရေး အလေးထား ဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။

### ဆောင်ရွက်သင့်သည့် လုပ်ငန်းစဉ်များ

ထို့နောက် မဟာဗျူဟာရေးဆွဲစဉ်ကပင် နိုင်ငံတော်၏ ဦးဆောင်မှုအောက်တွင် ဝန်ကြီးဌာနနှင့်အတူ ပံ့ပိုးကူညီခဲ့သည့် ဆွစ်ဇာလန်နိုင်ငံမှ International Consultant, Professor Walter Kaelin က မဟာဗျူဟာပါလုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး မြေပြင်အခြေအနေ သိရှိစေရန် ရှမ်းပြည်နယ်ရှိ IDP စခန်းများသို့ ကွင်းဆင်းသွားရောက်ခဲ့သည့် အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သင့်သည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

### အတွေ့အကြုံများနှင့်နှိုင်းယှဉ်

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးစိုးအောင်က ပြည်နယ်အသီးသီး၌ ယခင်က ဆောင်ရွက်ခဲ့သည့် ပြန်လည်နေရာချထားမှုများမှ ရရှိသည့် အတွေ့အကြုံများအား ပြန်လည်ရည်ညွှန်း အသုံးပြုနိုင်ကြောင်း၊ လတ်တလောတွင်လည်း ကချင်ပြည်နယ်အတွင်း ပြန်လည်နေရာချထားမှုများအတွက် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၏ လမ်းညွှန်မှုနှင့်အညီ ဆောင်ရွက်နေမှု အခြေအနေများ၊ ပြန်လည်နေရာချထားရေးအတွက် ဆွေးနွေးကြရာတွင် ဒေသအလိုက် မတူညီကြသည့် လူမှုအသိုက်အဝန်းများအကြား ဦးစားပေးဖြေရှင်းရမည့်ကိစ္စများ၊ မတူကွဲပြားသော်လည်း အကောင်းဆုံးဆောင်ရွက်နေမှု အခြေအနေများ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဖော်ဆောင်ရာတွင် ဒေသအခြေအနေနှင့် ကိုက်ညီမှုရှိမှသာ အကျိုးရှိမည်ကို လက်တွေ့လုပ်ငန်းဆောင်ရွက်ခဲ့မှုများမှ ရရှိသည့် အတွေ့အကြုံများနှင့် နှိုင်းယှဉ်ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ကရင်ပြည်နယ် လူမှုရေးဝန်ကြီး၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ကချင်ပြည်နယ်အစိုးရအဖွဲ့ကိုယ်စားလှယ်များက IDP စခန်းများတွင် နေထိုင်သူများအတွက် ပြန်လည်နေရာ ချထားရေးနှင့် စပ်လျဉ်းသည့် လုပ်ငန်းအစီအမံများ လက်ရှိဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းဆွေးနွေးတင်ပြခဲ့ကြပြီး သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် UEHRD မှ တက်ရောက်လာသူများက ကဏ္ဍအလိုက် အကြံပြု မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ချင်းအမျိုးသားတွေရဲ့ သစ္စာရှိမှု၊ လေးနက်တည်ကြည်မှုဟာ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုတည်ဆောက်ရေး ခရီးလမ်းမှာ တစ်တပ်တစ်အားဖြစ်စေတာ အမှန်ပဲဖြစ်

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် (၇၂) နှစ်မြောက် ချင်းအမျိုးသားနေ့တွင် ပြောကြားသည့် မိန့်ခွန်း
(၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်)

(၇၂) နှစ်မြောက် ချင်းအမျိုးသားနေ့ အခမ်းအနားကို တက်ရောက်လာကြတဲ့ ဧည့်သည်တော်များအားလုံး၊ ပြည်ထောင်စုသားချင်းအားလုံး၊ အထူးသဖြင့် ချင်းတိုင်းရင်းသား ညီအစ်ကို မောင်နှမများကို ကြိုဆိုနှုတ်ခွန်းဆက်ပါတယ်။ အားလုံး ကျန်းမာချမ်းသာပါစေကြောင်း မေတ္တာပို့ပါတယ်။

ချင်းအမျိုးသားတို့ရဲ့ ယခုလို နေ့ထူးနေ့မြတ် အခါသမယမှာ မြန်မာနိုင်ငံအနှံ့အပြားသာမက နိုင်ငံတကာမှာရောက်နေတဲ့ ချင်းတိုင်းရင်းသားများအားလုံးကို ပျော်ရွှင်ချမ်းမြေ့ကြပါစေလို့ ဆုတောင်းမေတ္တာပို့ပါတယ်။

ဒီကနေ့အခမ်းအနားက (၇၂)နှစ်မြောက် ချင်းအမျိုးသားနေ့ ဖြစ်ပါတယ်ဆိုတာကို အားလုံးအသိဖြစ်ပါတယ်။ ခုနက နိုင်ငံတော်သမ္မတကြီးရဲ့ သဝဏ်လွှာထဲမှာရော၊ သဘာပတိမိန့်ခွန်းထဲမှာရော ချင်းအမျိုးသားနေ့ အကြောင်းပါ ပါတယ်။

ကျွန်မအနေနဲ့လည်း ထပ်ပြီးဖြည့်စွက်ပြောချင်တာရှိပါတယ်။ ချင်းအမျိုးသားနေ့ ဖြစ်တည်ပေါ်ပေါက်လာခဲ့တဲ့ သမိုင်းကြောင်းကို ပြန်ပြောင်းကြည့်ရင် (၂၀)ရာစုပင်လုံညီလာခံက အစပြုပြီး ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ ချင်းဝိသေသတိုင်းရယ်လို့ စတင်ပေါ်ပေါက်လာခဲ့တာ ဖြစ်ပါတယ်။

### လွတ်လပ်ရေးပြန်လည်ရယူဖို့ နိုင်ငံရေးလှုပ်ရှားမှုတွေ ဆောင်ရွက်ခဲ့

မြန်မာနိုင်ငံကို ဗြိတိသျှနယ်ချဲ့တွေ သိမ်းပိုက်လိုက်တဲ့ အချိန်ကတည်းက ချင်းတိုင်းရင်းသားညီနောင်တွေဟာ ရရာလက်နက်ကိုစွဲကိုင်ပြီး စွမ်းစွမ်းတမံ ခုခံတော်လှန်ခဲ့တာကို ဗိုလ်ကြွမ်ဘိခ့်၊ ဗိုလ်ခိုင်ကမ်းတို့လို ထင်ရှားတဲ့ ချင်းအမျိုးသား တော်လှန်ရေးခေါင်းဆောင်တွေက သမိုင်းသက်သေပြုနေပါတယ်။ ဒ့ါအပြင် ချင်းမျိုးချစ်များဟာ တို့ဗမာအစည်းအရုံးနဲ့ ပူးပေါင်းပြီး သခင်ဘွဲ့ခံယူပြီးတော့ နယ်ချဲ့လက်အောက်က လွတ်လပ်ရေး ပြန်လည်ရယူဖို့အတွက် နိုင်ငံရေးလှုပ်ရှားမှုတွေ ဆောင်ရွက်ခဲ့ကြတာကိုလည်း အားလုံး သိပြီးသားဖြစ်မှာပါ။

ချင်းအမျိုးသားတွေဟာ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ(၁၂)ရက်နေ့က ရှမ်းပြည်နယ် ပင်လုံမြို့မှာကျင်းပတဲ့ တောင်တန်းနဲ့ ပြည်မ သွေးစည်းညီညွတ်ရေးညီလာခံမှာလည်း တက်ရောက်ခဲ့ကြပြီး ပင်လုံစာချုပ်မှာ ချင်းအမျိုးသား ကိုယ်စားလှယ်ကြီးများဖြစ်ကြတဲ့ ဦးလှုန်မှုန်း၊ ဦးထောင်ဇာခုပ်၊ ဦးကီယိုမန်းတို့က သက်သေပြုပါဝင်ပြီး လက်မှတ်ရေးထိုးခဲ့ကြပါတယ်။ ချင်း – ဗမာ ချစ်ကြည်ရေးညီလာခံကိုလည်း ၁၉၄၇ ခုနှစ် မတ်လ ၃ ရက်နေ့ကနေ မတ်လ ၅ ရက်နေ့အထိ မကွေးတိုင်းဒေသကြီး ထီးလင်းမြို့မှာ ကျင်းပခဲ့ပါတယ်။

လွတ်လပ်ရေးရပြီးတဲ့နောက် ချင်းဝိသေသတိုင်းလုံးဆိုင်ရာ ညီလာခံကြီးကို ၁၉၄၈ ခုနှစ် ဖေဖော်ဝါရီလ (၁၉ ရက်နေ့မှ ၂၂ ရက်နေ့အထိ) ဖလမ်းမြို့မှာ ကျင်းပခဲ့ပါတယ်။ ဒီညီလာခံကြီးမှာ တင်သွင်းခဲ့ကြတဲ့ အဆိုတွေအနက် ဖေဖော်ဝါရီလ(၂၀)ရက်နေ့မှာ တင်သွင်းတဲ့ တိုက်သူကြီး အုပ်ချုပ်ရေးစနစ်ကို ပယ်ဖျက်ပြီး လူထုရွေးချယ်တဲ့ ကိုယ်စားလှယ်တွေက အုပ်ချုပ်ရန် အဆိုကို မဲခွဲဆုံးဖြတ်တဲ့အခါ ထောက်ခံမဲ (၅၀၀၀)ကျော်၊ ကန့်ကွက်မဲ(၁၇)မဲနဲ့ အနိုင်ရရှိခဲ့ပါတယ်။ ဒါဟာ ချင်းတိုင်းရင်းသားအများစုက စနစ်သစ်ကို လိုလားတယ်ဆိုတာ သက်သေထူတာပဲဖြစ်ပါတယ်။

လွန်ခဲ့တဲ့ နှစ်ပေါင်း (၇၂) နှစ်က ဒီနေ့လို ဖေဖော်ဝါရီလ ၂၀ ရက်နေ့ အချိန်အခါမှာ ဖလမ်းမြို့ လူထုညီလာခံကြီးကနေ ဒီမိုကရေစီ အုပ်ချုပ်ရေးစနစ်ကို ပြောင်းလဲကျင့်သုံးဖို့ တစ်ခဲနက်ဆုံးဖြတ်ခဲ့တဲ့နေ့ ဖြစ်တဲ့အတွက်လည်း နိုင်ငံရေးအရရော၊ သမိုင်းတန်ဖိုးအရပါ အနှစ်သာရပြည့်ဝပြီး တန်ဖိုးကြီးမားလှပါတယ်။

ဒီလိုသမိုင်းကြောင်းနောက်ခံကို ကြည့်လိုက်တာနဲ့ ကျွန်မတို့ရဲ့ ချင်းတိုင်းရင်းသားတွေဟာ ဝေးလံပြီး သွားလာရခက်ခဲတဲ့ တောင်တန်းဒေသတွေမှာ နေထိုင်ကြပေမယ့် နိုင်ငံရေးအရ ဘယ်တုန်းကမှ နောက်မကျခဲ့ဘူး၊ ပြည်မနဲ့ အခြားတောင်တန်းဒေသတွေက နိုင်ငံရေးရေစီးကြောင်းနဲ့အတူ မျက်ခြည်မပြတ် လိုက်ပါနိုင်တယ်ဆိုတာကို အထင်အရှား တွေ့မြင်နိုင်ပါတယ်။

### ပြည်ထောင်စုအိပ်မက်ကို ဆက်လက်ဖြည့်ဆည်းနိုင်ဖို့

(၂၀)ရာစုပင်လုံညီလာခံမှာ ကျွန်မတို့ရဲ့ မိဘတွေ မျှော်မှန်းခဲ့တဲ့ ပြည်ထောင်စုကြီးကို တည်ထောင်ရာမှာ ကံမကောင်း အကြောင်းမလှစွာနဲ့ပဲ ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခကို ရင်ဆိုင်ခဲ့ရပါတယ်။ အကျိုးဆက်အနေနဲ့ ကျွန်မတို့ရဲ့ မိဘ၊ ဘိုးဘွားတွေ မျှော်လင့်ခဲ့တဲ့ ပြည်ထောင်စုတည်ဆောက်ရေးပန်းတိုင်ဟာလည်း ဆုံးခန်းမတိုင်ခဲ့ပါဘူး။ ကျွန်မတို့ မိဘ၊ ဘိုးဘွားတွေ မျှော်လင့်ခဲ့တဲ့ ပြည်ထောင်စုအိပ်မက်ကို ဆက်လက်ဖြည့်ဆည်းနိုင်ဖို့ ဒီကနေ့ (၂၁) ရာစုခေတ်မှာ ကျွန်မတို့ အစိုးရအနေနဲ့ (၂၁) ရာစုပင်လုံညီလာခံကို ခေါ်ယူကျင်းပနေပါတယ်။ မပြီးဆုံးသေးတဲ့ ပြည်ထောင်စုတည်ဆောက်ရေးခရီးလမ်းကို ကျွန်မတို့ခေတ်၊ ကျွန်မတို့ အချိန်အခါမှာ ဆက်လက်လျှောက်လှမ်းနေတာပဲ ဖြစ်ပါတယ်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် (၇၂) နှစ်မြောက် ချင်းအမျိုးသားနေ့ အခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ – (၂၁) ရာစု ပင်လုံအစည်းအဝေးတွေမှာ ချင်းတိုင်းရင်းသားကိုယ်စားလှယ်တွေဟာ ပြည်ထောင်စုကြီးရဲ့ ကောင်းကျိုးကို ရည်ရွယ်ပြီးတော့ တက်တက်ကြွကြွ ပါဝင်ကြိုးပမ်းလျက်ရှိကြတဲ့အတွက်လည်း များစွာဝမ်းမြောက်မိပါတယ်။ ကျေးဇူးလည်း တင်ပါတယ်။

### ဆက်သွယ်သွားလာမှု အခက်အခဲမရှိရအောင် ဦးစားပေးဆောင်ရွက်

ချင်းတိုင်းရင်းသား အများစုနေထိုင်တဲ့ ချင်းပြည်နယ်ဟာ ပထဝီအနေအထားအရ အခွင့်မသာမှုကြောင့် လူမှုစီးပွားရေးပိုင်းမှာ ဖွံ့ဖြိုးမှု အနည်းဆုံး ဒေသတွေထဲက တစ်ခုဖြစ်ပါတယ်။ ဖွံ့ဖြိုးဆဲနိုင်ငံ တစ်နိုင်ငံဖြစ်တဲ့ ကျွန်မတို့ နိုင်ငံထဲကမှ အကြောင်းကြောင်းကြောင့် ဖွံ့ဖြိုးမှုအနည်းဆုံးဒေသဖြစ်ရတာဟာ အင်မတန်မှ စိတ်မကောင်းစရာ ဖြစ်ပါတယ်။ ဒါကြောင့်လည်း ကျွန်မတို့ အစိုးရလက်ထက်မှာ ချင်းပြည်နယ်ကို ဦးစားပေးဖွံ့ဖြိုးရေး ပြည်နယ်အဖြစ် သတ်မှတ်ပြီး ဘက်စုံထောင့်စုံကနေ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့တာ ဖြစ်ပါတယ်။ မြေပြင်ပထဝီအနေအထားအရ ဆက်သွယ်သွားလာမှု အခက်အခဲတွေ မရှိရလေအောင် ဆက်သွယ်ရေးနဲ့ လမ်းပန်းဆက်သွယ်ရေးတို့ကို ဦးစားပေးဆောင်ရွက်လျက်ရှိပါတယ်။ နောက်ကျကျန်ရစ်ခဲ့ရတဲ့ ပညာရေးနဲ့ ကျန်းမာရေးကဏ္ဍ၊ လျှပ်စစ်ဓာတ်အားရရှိရေးတို့ကို အလေးထားပြီး ဆောင်ရွက်ပေးနေပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ တိုင်းရင်းသားလူမျိုးစု ခေါင်းဆောင်များနဲ့ ရပ်ရွာလူထုတို့ကို ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှုရှိပြီး လူထုက တုံ့ပြန်မှုပေးနိုင်တဲ့ စနစ်နဲ့ တိုင်ပင်ဆွေးနွေးပြီး ဆောင်ရွက်ဖို့ မူဝါဒချမှတ်ထားပြီး ဒီအတိုင်းပဲ တာဝန်ရှိသူတွေကို ကျွန်မတို့ ဆောင်ရွက်စေပါတယ်။

မြင့်မားလှတဲ့ ထင်းရှူးတောင်တန်းတွေကြားမှာ တောင်ဇလပ်ပန်းတွေ အမြဲတစေ ဝေဆာပွင့်လန်းနေတဲ့ ချင်းပြည်နယ်၊ အေးချမ်းလှတဲ့ ရာသီဥတု တည်ရှိတဲ့ ချင်းပြည်နယ်ဟာ သီးခြားထူးခြားတဲ့ သဘာဝအလှအပတွေ၊ သီးသန့်အလှတွေနဲ့ လှပနေတာဖြစ်ပါတယ်။ အစဉ်အဆက် ထိန်းသိမ်းစောင့်ရှောက်လာခဲ့တဲ့ ရိုးရာယဉ်ကျေးမှု အမွေအနှစ်တွေနဲ့ ချင်းပြည်နယ်ရဲ့ ဝိသေသလက္ခဏာတွေကိုလည်း ကိုယ်စားပြုတည်ရှိနေတာ ဖြစ်ပါတယ်။

### ခက်ခဲကြမ်းတမ်းမှုတွေကို ရင်ဆိုင်နိုင်ကြတဲ့သူများဖြစ်

ကျွန်မအနေနဲ့ မကြာခဏဆိုသလို ချင်းပြည်နယ်ကို ရောက်ဖြစ်ပါတယ်။ ရောက်ဖြစ်တဲ့အခါတိုင်းမှာလည်း ချင်းတိုင်းရင်းသားတွေဟာ အေးချမ်းလှတဲ့ ရာသီဥတု၊ ခက်ခဲလှတဲ့ လမ်းပန်းဆက်သွယ်ရေးတို့ကို အန်တုပြီး ကြံ့ခိုင်တဲ့စိတ်ဓာတ်နဲ့ ခက်ခဲကြမ်းတမ်းမှုတွေကို ရင်ဆိုင်နိုင်ကြတဲ့သူများ ဖြစ်တာကို မျက်မြင်သတိပြုမိပါတယ်။

ချင်းတိုင်းရင်းသားတွေအနေနဲ့ ဒေသအလိုက် ဘာသာစကားနဲ့ စာပေတွေ မတူညီကြပေမယ့် “မတူကွဲပြားမှုတွေကို စည်းလုံးမှုအင်အားတစ်ရပ်” အဖြစ် အသုံးချပြီး ချင်းပြည်နယ် ကောင်းရာကောင်းကျိုးအတွက် ကြိုးပမ်းကြမယ်ဆိုတာကိုလည်း အခိုင်အမာ ယုံကြည်ထားပါတယ်။ ချင်းပြည်နယ်ရဲ့ အမှတ်တံဆိပ်၊ သင်္ကေတလို့ သတ်မှတ်ထားတဲ့ အောက်ချင်းငှက်ဟာ သစ္စာရှိမှု၊ လေးနက်တည်ကြည်မှုကို ကိုယ်စားပြုပါတယ်။ ချင်းအမျိုးသားတွေရဲ့ သစ္စာရှိမှု၊ လေးနက်တည်ကြည်မှုဟာ ကျွန်မတို့ရဲ့ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုတည်ဆောက်ရေး ခရီးလမ်းမှာ တစ်တပ်တစ်အား ဖြစ်စေတာလည်း အမှန်ပဲဖြစ်ပါတယ်။

> “ချင်းတိုင်းရင်းသားအများစု နေထိုင်တဲ့ ချင်းပြည်နယ်ဟာ ပထဝီအနေအထားအရ အခွင့်မသာမှုကြောင့် လူမှုစီးပွားရေးပိုင်းမှာ ဖွံ့ဖြိုးမှုအနည်းဆုံး ဒေသတွေထဲက တစ်ခုဖြစ်ပါတယ်။ ဖွံ့ဖြိုးဆဲ နိုင်ငံတစ်နိုင်ငံဖြစ်တဲ့ ကျွန်မတို့ နိုင်ငံထဲကမှ အကြောင်းကြောင်းကြောင့် ဖွံ့ဖြိုးမှုအနည်းဆုံးဒေသ ဖြစ်ရတာဟာ အင်မတန်မှ စိတ်မကောင်းစရာဖြစ်ပါတယ်။ ဒါကြောင့်လည်း ကျွန်မတို့ အစိုးရလက်ထက်မှာ ချင်းပြည်နယ်ကို ဦးစားပေးဖွံ့ဖြိုးရေး ပြည်နယ်အဖြစ် သတ်မှတ်ပြီး ဘက်စုံထောင့်စုံကနေ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့တာ ဖြစ်ပါတယ်”

### ဒီမိုကရေစီစိတ်ဓာတ်တွေကို လက်ဆင့်ကမ်းအမွေပေး

“ချင်းအမျိုးသားနေ့”ဟာ ပဒေသရာဇ်အုပ်ချုပ်ရေးစနစ်ကို ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်နဲ့ အစားထိုးဖို့ ဆုံးဖြတ်ခဲ့တဲ့နေ့ဖြစ်တဲ့အတွက် ချင်းတိုင်းရင်းသားများ တန်ဖိုးထားရှိကြပြီး နှစ်စဉ်နှစ်တိုင်း နိုင်ငံရေးအနှစ်သာရရှိရှိ ကျင်းပပြုလုပ်ကြသလိုပဲ ချင်းတိုင်းရင်းသား လူငယ်မျိုးဆက်သစ်တွေကိုလည်း တန်ဖိုးကြီးမားလှတဲ့ နိုင်ငံရေးအမြင်ကျယ်မှုနဲ့ ဒီမိုကရေစီစိတ်ဓာတ်တွေကို လက်ဆင့်ကမ်း အမွေပေးသွားနိုင်ရေးဟာလည်း တောင်ပေါ်၊ မြေပြန့်၊ ပြည်တွင်းနဲ့ ပြည်ပနေ ချင်းတိုင်းရင်းသားများအားလုံးရဲ့ အဓိကတာဝန်တစ်ရပ်ပဲ ဖြစ်ပါတယ်။ နိဂုံးချုပ်အနေနဲ့ (၇၂)နှစ်မြောက် ချင်းအမျိုးသားနေ့ကို ဂုဏ်ယူဝမ်းမြောက်စွာ ကြိုဆိုပါတယ်။ ချင်းတိုင်းရင်းသားများနဲ့ ချင်းပြည်နယ်ကြီး ဖွံ့ဖြိုးတိုးတက်ပါစေ၊ ချင်းတောင်တန်းတွေရဲ့ အလှတရားကို ဆက်လက်ထိန်းသိမ်းနိုင်ကြပါစေ၊ မျိုးဆက်သစ်လူငယ်တွေကို နိုင်ငံရေးအမြော်အမြင်နဲ့ ဒီမိုကရေစီ စိတ်ဓာတ်တွေကို လက်ဆင့်ကမ်း အမွေပေးနိုင်ကြပါစေ။ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်နိုင်ရေး ကြိုးပမ်းအားထုတ်မှုမှာ ပြည်ထောင်စုရဲ့ သားသမီးတွေဖြစ်တဲ့ အခြားသော တိုင်းရင်းသားတွေနဲ့အတူ ချင်းတိုင်းရင်းသားများကလည်း တက်တက်ကြွကြွ၊ စည်းစည်းလုံးလုံးနဲ့ လက်တွဲပူးပေါင်းပါဝင်နိုင်ကြပါစေကြောင်း နှုတ်ဆက်တိုက်တွန်းပါတယ်။

ကျွန်မတို့ ချင်းတိုင်းရင်းသားတွေရဲ့ လှပတဲ့ နှလုံးသားများအားလုံးကို ဘုရားသခင်ကောင်းချီးပေးပါစေ။ ကျေးဇူးတင်ပါတယ်။




**ချင်းအမျိုးသားနေ့သည် ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကို မောင်နှမများနှင့်အတူ သူ့ကျွန်မခံလို၍ နယ်ချဲ့ဆန့်ကျင်ရေး လွတ်လပ်ရေးတိုက်ပွဲများနှင့် ပဒေသရာဇ်အာဏာဖျက်သိမ်းရေး၊ တောင်တန်းမြေပြန့် တိုင်းရင်းသားအားလုံး သွေးစည်းညီညွတ်ရေး၊ တိုက်သူကြီးများ အုပ်ချုပ်သည့်စနစ်မှ ဒီမိုကရေစီ အုပ်ချုပ်ရေးစနစ်သို့ ပြောင်းလဲကျင့်သုံးရေးတို့ကို ဖော်ဆောင်သည့် နေ့ထူးနေ့မြတ်ဖြစ်**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် (၇၂)နှစ်မြောက် ချင်းအမျိုးသားနေ့ အထိမ်းအမှတ်မုခ်ဦးကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

သတင်းစဉ်

* ***ရှေ့ဖုံးမှ***

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ ချင်းပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွှယ်၊ ချင်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဇိုဘွဲ့နှင့် မြို့မိမြို့ဖ ဦးငွန်ဟရန်းတို့က (၇၂)နှစ်မြောက် ချင်းအမျိုးသားနေ့ အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က (၇၂)နှစ်မြောက် ချင်းအမျိုးသားနေ့ အထိမ်းအမှတ်မုခ်ဦးကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ဒေသခံတိုင်းရင်းသား တိုင်းရင်းသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

**ဆုတောင်းစကားပြောကြား**

ယင်းနောက် (၇၂)နှစ်မြောက် ချင်းအမျိုးသားနေ့ အခမ်းအနားကို ဆက်လက်ကျင်းပရာ သိက္ခာတော်ရဆရာတော် ဒေါက်တာလာလ်အုပ်က ချင်းအမျိုးသားနေ့ ပွဲတော်အတွက် ကောင်းချီးမင်္ဂလာဆုတောင်းစကားပြောကြားသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဧည့်သည်တော်များသည် နိုင်ငံတော်အလံအားအလေးပြုခြင်း၊ ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများနှင့် ရဲဘော်အပေါင်းအားအလေးပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။

**သဝဏ်လွှာဖတ်ကြား**

ယင်းနောက် သဘာပတိက (၇၂)နှစ်မြောက် ချင်းအမျိုးသားနေ့ အထိမ်းအမှတ် အမှာစကားပြောကြားပြီး ချင်းပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွှယ်က နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံမှ ပေးပို့သည့် (၇၂)နှစ်မြောက် ချင်းအမျိုးသားနေ့ သဝဏ်လွှာကို ဖတ်ကြားသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က မိန့်ခွန်းပြောကြားသည်။

**(နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ပြောကြားသည့် မိန့်ခွန်းအပြည့်အစုံကို စာမျက်နှာ - ၃ တွင် သီးခြားဖော်ပြထားပါသည်။)**

ယင်းနောက် သဘာပတိက (၇၂)နှစ်မြောက် ချင်းအမျိုးသားနေ့ အခမ်းအနားသို့ အဖွဲ့အစည်းအသီးသီးက ပေးပို့လာသည့် သဝဏ်လွှာများကို မှတ်တမ်းတင်သည်။

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ(ဗဟို)၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ(ဗဟို) နှင့် ခူမီး(ခမီး) အမျိုးသားပါတီဥက္ကဋ္ဌတို့က (၇၂)နှစ်မြောက် ချင်းအမျိုးသားနေ့ အခမ်းအနားသို့ သဝဏ်လွှာများ ပေးပို့ခဲ့ကြသည်။



ထို့နောက် ဒေသခံပြည်သူတစ်ဦးဖြစ်သည့် ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်းက ကျေးဇူးတင်စကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**မှတ်တမ်းတင်ဓာတ်ပုံရိုက်**

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ပြည်ထောင်စုဝန်ကြီးများသည် အခမ်းအနားသို့ တက်ရောက်လာသည့် ချင်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ သဘာပတိအဖွဲ့များ၊ ယဉ်ကျေးမှုအဖွဲ့ဝင်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

**လှည့်လည်ကြည့်ရှုအားပေး**

အခမ်းအနား အပြီးတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့ဝင်များသည် (၇၂)နှစ်မြောက် ချင်းအမျိုးသားနေ့ အထိမ်းအမှတ် ပြည်နယ်လွှတ်တော်နှင့် ပြည်နယ်အစိုးရပြခန်းများ၊ ဝန်ကြီးဌာနဆိုင်ရာပြခန်းများနှင့် ဒေသခံယဉ်ကျေးမှုပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် အဖွဲ့ဝင်များနှင့်အတူ ရဟတ်ယာဉ်များဖြင့် ထန်တလန်မြို့မှ ကလေးမြို့သို့ ရောက်ရှိပြီး ကလေးလေဆိပ်ဧည့်ခန်းမ၌ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် တွေ့ဆုံသည်။

**နေပြည်တော်သို့ ပြန်လည်ရောက်ရှိ**

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် အဖွဲ့ဝင်များနှင့်အတူ အထူးလေယာဉ်ဖြင့် ကလေးမြို့မှ ထွက်ခွာလာရာ ညနေပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။

ချင်းအမျိုးသားနေ့သည် ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများနှင့်အတူ သူ့ကျွန်မခံလို၍ နယ်ချဲ့ဆန့်ကျင်ရေး လွတ်လပ်ရေးတိုက်ပွဲများနှင့် ပဒေသရာဇ်အာဏာဖျက်သိမ်းရေး၊ တောင်တန်းမြေပြန့် တိုင်းရင်းသားအားလုံး သွေးစည်းညီညွတ်ရေး၊ တိုက်သူကြီးများ အုပ်ချုပ်သည့်စနစ်မှ ဒီမိုကရေစီ အုပ်ချုပ်ရေးစနစ်သို့ ပြောင်းလဲကျင့်သုံးရေးတို့ကို ဖော်ဆောင်သည့် နေ့ထူးနေ့မြတ်ဖြစ်သည်။

ချင်းမျိုးချစ်စစ်သည်တော်များက "ချင်းတိုင်းရင်းသားများ ပညာရေးမြှင့်တင်ရေးအဖွဲ့" ကို ၁၉၁၈ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်တွင် မေမြို့၌ ဖွဲ့စည်းခဲ့ပြီး ချင်းတိုင်းရင်းသားများ၏ပညာမျက်စိကို အလင်းဖွင့်ပေးကာ အမျိုးသားစိတ်ဓာတ် ရှင်သန်ထက်မြက်ရေးကို မီးမောင်းထိုးဖော်ဆောင်ပေးခဲ့သော အမျိုးသားရေး

*စာမျက်နှာ ၅ သို့*



ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ ချင်းပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွှယ်၊ ချင်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဇိုဘွဲ့နှင့် မြို့မိမြို့ဖ ဦးငွန်ဟရန်းတို့က (၇၂)နှစ် မြောက် ချင်းအမျိုးသားနေ့အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

သတင်းစဉ်




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၏ ဇနီး ဒေါက်တာရွှေလွှမ်း၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

*စာမျက်နှာ ၄ မှ*

သမိုင်းဝင်ဖြစ်ရပ်၊ ချင်းအမျိုးသား ခေါင်းဆောင် ဦးဝမ္မသူးမောင် ခေါင်းဆောင်ပြီး ၁၉၃၃ ခုနှစ်တွင် ချင်းတောင် ညီညွတ်ရေးအဖွဲ့ကို ဖွဲ့စည်းခဲ့ပြီး ချင်းတိုင်းရင်းသားတို့၏ လူမှုစီးပွားရေးဘဝ တိုးတက်မြင့်မား ရေးအတွက် ဗြိတိသျှအစိုးရကို တောင်းဆိုချက် (၉)ချက် တင်ပြ တောင်းဆိုခဲ့ရာ ဗြိတိသျှအစိုးရက တောင်းဆိုချက်များကို မလိုက်လျော သည့်အတွက် ချင်းတိုင်းရင်းသားများ က ဗြိတိသျှကိုဆန့်ပြ သပိတ်မှောက် ခဲ့ကြသည့် နယ်ချဲ့ဆန့်ကျင်ရေး သမိုင်းဝင်ဖြစ်ရပ်နှင့် ၁၉၄၈ ခုနှစ် ဖေဖော်ဝါရီ (၂၀)ရက် ချင်းပြည်နယ် ဖလမ်းမြို့တွင် လူထု(၅၀၀၀)ကျော် ခန့်က ပဒေသရာဇ်အုပ်ချုပ်ရေးစနစ် ဟောင်းကို ဖျက်သိမ်းပြီး ဒီမိုကရေစီ စနစ်ကို ကျင့်သုံးရန် တောင်းခံ အတည်ပြုခဲ့ကြသည့် လွတ်လပ်ရေး သမိုင်းဝင်ဖြစ်ရပ် စသည့် သမိုင်းဝင် ဖြစ်ရပ်(၃)ရပ်ကို အကြောင်းပြု၍ ဖေဖော်ဝါရီ (၂၀)ရက်ကို ချင်းအမျိုး သားနေ့အဖြစ် သတ်မှတ်ခဲ့ခြင်း ဖြစ်သည်။

**သမိုင်းဝင်နေ့တစ်နေ့ဖြစ်**

ထို့ပြင် အင်္ဂလိပ်နယ်ချဲ့လက်ထက် ရခိုင်တောင်တန်းဒေသအုပ်ချုပ်ရေး ထဲတွင် ပါဝင်နေသည့် ပလက်ဝဒေသ ကို လည်းကောင်း၊ မကွေးတိုင်းဒေသ ၏ အုပ်ချုပ်မှုအောက်တွင် ရောက်နေ သည့် ကန်ပက်လက်ဒေသကို လည်းကောင်း ၁၉၄၇ ခုနှစ် ဖွဲ့စည်း အုပ်ချုပ်ပုံအခြေခံဥပဒေအရ ဖွဲ့စည်း ဖြစ်ပေါ်လာသည့် ချင်းဝိသေသတိုင်း ထဲသို့ တစိတ်တဝမ်းတည်း ပါဝင်လာ သည့်အတွက် ယနေ့ ချင်းပြည်နယ်ဟု စည်းလုံးညီညွတ်စွာဖြစ် တည်လာ သည့် သမိုင်းဝင်နေ့တစ်နေ့ ဖြစ်သည်။

**နှစ်စဉ်ကျင်းပလျက်ရှိ**

ဖေဖော်ဝါရီ (၂၀)ရက်သည် ချင်းအမျိုးသား တစ်ရပ်လုံးအတွက် ထူးခြားဂုဏ်ယူဖွယ်ရာ နေ့ထူး နေ့မြတ်အဖြစ် ချင်းရေးရာကောင်စီ က သတ်မှတ်ထားသည့် ချင်းအမျိုး သားနေ့ကို အထွတ်အမြတ်ထား၍ နှစ်စဉ်ကျင်းပလျက်ရှိကြောင်း သိရ သည်။ **သတင်းစဉ်**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် (၇၂)နှစ်မြောက် ချင်းအမျိုးသားနေ့အထိမ်းအမှတ် ဒေသခံယဉ်ကျေးမှုပြခန်းကို ကြည့်ရှုအားပေးစဉ်။ သတင်းစဉ်

# အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီအောက်ရှိ အထောက်အကူပြုအဖွဲ့များ၏ လုပ်ငန်းညှိနှိုင်း

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း များ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကော်မတီအောက်ရှိ အထောက်အကူပြုအဖွဲ့များ၏ လုပ်ငန်းညှိနှိုင်းအစည်း အဝေးကို ယနေ့ နံနက် ၉ နာရီတွင် ရုံးအမှတ်(၃၀) အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

ရှေးဦးစွာ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ ဥက္ကဋ္ဌ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက MSME များ ဖွံ့ဖြိုးတိုးတက် ရေးအတွက် ဝိုင်းဝန်းဆောင်ရွက်လျက်ရှိသည်ကို တွေ့ရ သည့်အတွက် ဝမ်းမြောက်ပါကြောင်း၊ လုပ်ငန်းစတင် ထူထောင်မည့် MSME များကိုလည်း ပံ့ပိုးကူညီပေးရမည် ဖြစ်ကြောင်း၊ MSME များအနေဖြင့် သီးခြားရပ်တည်၍ မနေဘဲ သက်ဆိုင်ရာဝန်ကြီးဌာန/အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်သွားရန်လိုကြောင်း၊ သို့မှသာ မိမိ တို့ လုပ်ငန်းများတွင် လိုအပ်သောနည်းပညာ၊ ငွေကြေး အရင်းအနှီး၊ ဈေးကွက်များကိုလွယ်လင့်တကူ ရရှိမည် ဖြစ်ပါကြောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး



ဝန်ကြီးဌာနတွင် National Export Strategy ကို ၂၀၂၀ ပြည့်နှစ်မှ ၂၀၂၅ ခုနှစ်ထိ ရေးဆွဲလျက်ရှိပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးတွင်လည်း Myanmar International Trade Center ဖွင့်လှစ်ထားရှိသဖြင့် MSME ထုတ်ကုန်များကို လာရောက်ခင်းကျင်းပြသရောင်းချနိုင် ပါကြောင်း၊ အဆိုပါ Center တွင် ကုန်စည်ပြပွဲများ၊ Workshop များလည်း ကျင်းပလျက်ရှိပါကြောင်း၊ ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးတိုးတက်ရန်အတွက် Informal Sector များကို Formal Sector သို့ ကူးပြောင်းနိုင်ရေး စီစဉ်ဆောင်ရွက် လျက်ရှိပါကြောင်း၊ MSME များ ဖွံ့ဖြိုးတိုးတက်ရန်အတွက် အားလုံးအကျုံးဝင်သော မှတ်ပုံတင်ပြုလုပ်ထားရမည် ဖြစ်ကြောင်း၊ ထို့ပြင် E-commerce ကဏ္ဍ ဖွံ့ဖြိုးတိုးတက် မှသာ မိမိထုတ်ကုန်ပစ္စည်းများကို Online နှင့် ချိတ်ဆက် ပြီး ရောင်းချနိုင်မည်ဖြစ်ကြောင်း၊ တက်ရောက်လာသူများ အနေဖြင့် MSME များဖွံ့ဖြိုးတိုးတက်ရေးအတွက် ပွင့်ပွင့် လင်းလင်း ဝိုင်းဝန်းအကြံပြု ဆွေးနွေးပေးကြပါရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ယင်းနောက် လုပ်ငန်းသုံးသပ်မှုနှင့် ညှိနှိုင်းအကောင် အထည်ဖော်ရေးဥက္ကဋ္ဌ ဦးခင်မောင်ကျော်၊ ရန်ပုံငွေစီမံ ခန့်ခွဲမှုအဖွဲ့ အတွင်းရေးမှူး၊ ရသုံးမှန်းခြေငွေစာရင်းဦးစီး ဌာန ညွှန်ကြားရေးမှူးချုပ်တို့က လုပ်ငန်းအကောင် အထည်ဖော်ဆောင်ရွက်နေသည့် အခြေအနေနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံတို့ကို ဆွေးနွေး ပြောကြားပြီး တက်ရောက်လာသည့် သက်ဆိုင်ရာဝန်ကြီး ဌာန/အဖွဲ့အစည်းများ၏ ကိုယ်စားလှယ်များက ကဏ္ဍ တစ်ခုချင်းစီအလိုက် အသေးစိတ် တင်ပြဆွေးနွေးသည်။

ထို့နောက် အေဂျင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီး ဦးအောင်ထူးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

❑ *ကျော့ဖုံးမှ*

အခမ်းအနားတွင် ဦးတွာနင်းက ချင်းအမျိုးသားနေ့ ဖြစ်ပေါ်လာပုံ သမိုင်းကို ဖတ်ကြားသည်။

ထို့နောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံမှ (၇၂)နှစ်မြောက် ချင်းအမျိုးသားနေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး အဖွဲ့ဝင် ဦးတွာလ်ကျင်းပေါင်က ဖတ်ကြားသည်။

### အမှာစကားပြောကြား

ထို့နောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ က နှုတ်ခွန်းဆက် အမှာစကား ပြောကြားရာတွင် အတိတ်သမိုင်းကြောင်းကို ပြန်ပြောင်း ခြုံငုံသုံးသပ်ကြည့်မည်ဆိုလျှင် ချင်းအမျိုးသားများ၏ သမိုင်းသည် လည်းကောင်း၊ ချင်းအမျိုးသားနေ့ ပေါ်ပေါက်လာပုံ သမိုင်းသည် လည်းကောင်း ဗြိတိသျှလက်အောက် ကျရောက်ခြင်းမှအစပြုခဲ့သည်ကို တွေ့ရှိရမည် ဖြစ်ပါကြောင်း။

၁၈၂၄ - ၁၈၂၆ ခုနှစ် အင်္ဂလိပ်-မြန်မာ ပထမစစ်ကတည်းကပင် ပလက်ဝနယ်နှင့် လူရှေတောင်တန်း ပေါ်၌ ဖြစ်ပွားခဲ့သော တိုက်ပွဲမှ အစပြုကာ ဗြိတိသျှလက်အောက် ကျရောက်ချိန်ထိ လည်းကောင်း၊ ဗြိတိသျှလက်အောက် ကျရောက်ပြီး သည့်နောက်ပိုင်း လွတ်လပ်ရေးရရှိ ချိန်ထိ လည်းကောင်း ချင်းအမျိုးသား များသည် ကျရာနေရာ အသီးသီးမှ ရရာလက်နက်များဆွဲကိုင်ကာ အခြား တိုင်းရင်းသား ညီအစ်ကိုများနှင့် အတူ အသက်သွေးချွေး၊ အိုးအိမ် စည်းစိမ်များစွာကိုစတေးပြီး ကိုလိုနီ လက်အောက်ကနေ လွတ်မြောက်ရန် တော်လှန် တိုက်ခိုက်ခဲ့ကြခြင်းဖြစ် ပြီး လွတ်လပ်ရေးရပြီးသည့်နောက် လွတ်လပ်ရေး ထိန်းသိမ်းတိုက်ပွဲများ တွင်လည်း ရှပ်ရှပ်ချွံချွံဖြင့် တိုင်းပြည် အတွက် တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသည်ကို သမိုင်း မှတ်တမ်းများက သက်သေအဖြစ် ရှိနေပါကြောင်း။

### များစွာဂုဏ်ယူ

ချင်းအမျိုးသားနေ့ဆိုသည်မှာ တိုက်သူကြီးများ (စော်ဘွားများ) အုပ်ချုပ်သည့်စနစ်မှ ဒီမိုကရေစီ အုပ်ချုပ်ရေးစနစ်သို့ ပြောင်းလဲ ကျင့်သုံးရန် ဆုံးဖြတ်ချက်ချမှတ်ခဲ့ ခြင်းကို အခြေခံပြီး သတ်မှတ်ခဲ့သည့် နေ့တစ်နေ့ပင်ဖြစ်ပါကြောင်း၊ ထိုသို့ အုပ်ချုပ်မှုစနစ် တစ်ခုကနေ နောက် စနစ်တစ်ခုကို ပြောင်းခဲ့ခြင်းသည် လွယ်လွယ်ကူကူဖြင့် ဆောင်ရွက် နိုင်ခဲ့ကြခြင်း မဟုတ်ဘဲ ခက်ခဲသည့် သမိုင်းနောက်ခံများကြားကနေ ချင်း အမျိုးသား အများစု၏ ဘုံသဘော တူညီချက်ဖြင့် သတ်မှတ်ဆောင်ရွက် နိုင်ခဲ့ကြခြင်း ဖြစ်ပါကြောင်း၊ ချင်းအမျိုးသားနေ့သည် ချင်းအမျိုးသား များ၏ ဒီမိုကရေစီနေ့လည်းဖြစ် သည့်အတွက်လည်း များစွာဂုဏ်ယူ ဝမ်းမြောက်မိပါကြောင်း။



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ (၇၂)နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနားတွင် နှုတ်ခွန်းဆက်အမှာစကား ပြောကြားစဉ်။ သတင်းစဉ်

### ကမ္ဘည်းမှတ်တမ်းတင်နိုင်

ချင်းအမျိုးသားနေ့ သတ်မှတ် ပေါ်ပေါက်နိုင်ရန်အတွက် ချင်း အမျိုးသား ခေါင်းဆောင်ကြီးများ၏ ဦးဆောင်မှုအခန်းကဏ္ဍသည်လည်း များစွာပင် အရေးပါခဲ့သည်ကို သိရှိ ကြမည်ဖြစ်ပါကြောင်း၊ လွတ်လပ်ရေး မရမီကာလမှ လွတ်လပ်ရေးရရှိပြီး ချိန်ကာလအထိ မိမိတို့ ချင်းလူမျိုး များတွင် ခေါင်းဆောင်ကြီးများစွာ ရှိခဲ့သည့်အနက် သမိုင်းမှတ်တမ်း များအရ လေးစားစံပြုထိုက်သည့် သမိုင်းဝင်အထင်ကရ ချင်းအမျိုးသား ခေါင်းဆောင်ကြီးအချို့ကို ဖော်ပြ လိုပါကြောင်း၊ ဗြိတိသျှနယ်ချဲ့ တော်လှန်ရေးတွင် ဦးဆောင်ဆင်နွှဲ ခဲ့ကြသည့် ဗိုလ်ကြွမ်ဘိခ့်နှင့် ဗိုလ်ခိုင်ကမ်း၊ ပင်လုံစာချုပ်တွင် ပါဝင် လက်မှတ်ရေးထိုးခဲ့ကြသည့် ချင်း အမျိုးသား ကိုယ်စားလှယ်များဖြစ် သော ဦးလှူရုံမှုန်၊ ဦးထောင်ဇာခုပ် နှင့် ဦးကီယိုမန်း၊ ရန်ကုန်မြို့ ကန်တော်ကြီးစောင်းရှိ နေသူရိန် ညီလာခံ၌ တောင်တန်းသားများ ကိုယ်စား မြန်မာနိုင်ငံ လွတ်လပ်ရေး အဆိုကို တင်သွင်းခဲ့သည့်အပြင် ရွှေတိဂုံအလယ်ပစ္စယံ၌ကျင်းပသော ပြည်လုံးကျွတ် (ဖဆပလ) ညီလာခံ ကြီးတွင် အဖွဲ့ချုပ်ကိုယ်စား တောင်တန်း ပြည်မ လွတ်လပ်ရေး တစ်ချိန်တည်းပေးရန် တောင်းဆိုခဲ့ ပြီး လွတ်လပ်ရေးတိုက်ပွဲများတွင် ရှေ့တန်းမှပါဝင်ခဲ့သော သတိုး မဟာသရေစည်သူ၊ လွတ်လပ်ရေး မော်ကွန်းဝင်(ပထမအဆင့်) ဦးဝမ္မ သူးမောင်နှင့် နိုင်ငံ့တာဝန်များကို သက်စွန့်ဆံဖျား ရှပ်ရှပ်ချွံချွံ ထမ်းဆောင်ခဲ့သဖြင့် နိုင်ငံတော်၏ အမြင့်ဆုံး စွမ်းရည်ဘွဲ့ဖြစ်သည့် အောင်ဆန်းသူရိယဘွဲ့ကို ချီးမြှင့်ခြင်း ခံရသော ဗိုလ်ကြီး သူရအောင်ဆန်း သူရိယတိုက်ချွန်းတို့သည် ယနေ့တိုင် ချင်းအမျိုးသားအားလုံး၏ နှလုံးသား တွင် ကမ္ဘည်းမှတ်တမ်းတင်နိုင်ခဲ့ကြ ပါကြောင်း။

### အားကျဖွယ်ဖြစ်

ထို့ပြင် နိုင်ငံတော်၏ ဦးဆောင်မှု အခန်းကဏ္ဍ အသီးသီးတွင် တာဝန်ကို ကျေကျေပွန်ပွန် ထမ်းဆောင်ခဲ့ကြ သည့်အတွက် နိုင်ငံတော်အစိုးရက ချီးမြှင့်အပ်နှင်းခြင်းခံရသည့် မဟာ သရေစည်သူဘွဲ့၊ စည်သူဘွဲ့၊ သီရိ ပျံချီဘွဲ့၊ ဝဏ္ဏကျော်ထင်ဘွဲ့တို့နှင့် တပ်မတော်စွမ်းဆောင်ရည်ဘွဲ့များ ဖြစ်သည့် သီဟသူရဘွဲ့၊ သူရဘွဲ့ ရရှိခဲ့ကြသူများလည်း အမြောက် အမြားပင်ရှိခဲ့သည့်အတွက် ချင်း အမျိုးသားများအတွက် ဂုဏ်ယူ ဝမ်းမြောက်ဖွယ်၊ အားကျဖွယ်ဖြစ်ရ ပါကြောင်း၊ ထို့ကြောင့် နောင် အနာဂတ်တွင် မိမိတို့ ချင်းအမျိုးသား များထဲကနေ ချင်းပြည်နယ်နှင့် ချင်းအမျိုးသားများကို ဦးဆောင်မှု ပေးနိုင်မည့် ခေါင်းဆောင်ကောင်း များ ပေါ်ထွန်းလာရန်နှင့် အမိမြန်မာ နိုင်ငံတော်အတွက် သားကောင်း ရတနာများ ပေါ်ထွန်းလာရန်အတွက် ချင်းအမျိုးသားအားလုံးက သတိ တရားနှင့် ကြိုးပမ်းဆောင်ရွက် ကြရန်လည်း တိုက်တွန်းလိုပါ ကြောင်း။

### ခေတ်ပညာတတ်ရေး

ချင်းအမျိုးသားများ၏ နယ်ချဲ့ တော်လှန်ရေးသမိုင်းစဉ်ကို ပြန်လည် သုံးသပ်ပါကလည်း ဦးဝမ္မသူးမောင် ကဲ့သို့သော ခေတ်ပညာ အခြေခံရှိ သော လူငယ်များ ဦးဆောင်လာသည့် နောက်ပိုင်းတွင် အရေးပါ အရာ ရောက်သော တော်လှန်ရေးအဖြစ် ပီပြင်လာကြောင်း တွေ့ရှိရပါကြောင်း၊ နယ်ချဲ့အုပ်ချုပ်မှု အတန်ကြာလာ သည်နှင့်အမျှ ခေတ်ပညာ အတော် အသင့်ရှိသော လူငယ်အချို့သည် လည်း ဗြိတိသျှအစိုးရ အမှုထမ်း များ ဖြစ်လာကြပါကြောင်း၊ ဗြိတိသျှ စစ်တပ်သည် အနယ်နယ်အရပ်ရပ်မှ ချင်းအမျိုးသား ညီအစ်ကိုများ၏ ဆုံစည်းရပ်သဖွယ် ဖြစ်လာပါ ကြောင်း၊ ခေတ်ပညာတတ်ရေးသည် အဓိက လိုအပ်ချက်ဖြစ်ကြောင်း သိရှိလာကြသဖြင့် မကြာခဏညှိနှိုင်း မှုများ ပြုလုပ်ခဲ့ကြကြောင်းကိုလည်း လေ့လာသိရှိရသည့်အတွက် ယနေ့ မိမိတို့ ချင်းလူမျိုးများအတွက် ပညာရေးကဏ္ဍ ဖွံ့ဖြိုးရေးသည် အင်မတန် အရေးကြီးကြောင်းကို သင်ခန်းစာရယူစေလိုပါကြောင်း။

နိဂုံးချုပ်အနေဖြင့် ချင်းအမျိုး သားနေ့အခမ်းအနားများ ကျင်းပ ပြုလုပ်ခွင့်ပေးပြီး ရန်ပုံငွေများ ထောက်ပံ့ပေးရုံသာမက ချင်း ပြည်နယ်တွင်ဖြစ်စေ၊ အနယ်နယ် အရပ်ရပ်တွင်ဖြစ်စေ ကိုယ်တိုင် တက်ရောက် ချီးမြှင့်ပေးကြပါသော နိုင်ငံတော် အကြီးအကဲများကိုလည်း ချင်းအမျိုးသားထုကိုယ်စား အထူးပင် ကျေးဇူးတင်ရှိပါကြောင်း၊ ချင်းလူမှု ရေးအသင်း၊ နေပြည်တော်အနေဖြင့် လည်း ချင်းအမျိုးသားနေ့ အခမ်း အနားကို မြန်မာနိုင်ငံ၏ မြို့တော် နေပြည်တော်တွင် နှစ်စဉ်စည်ကား သိုက်မြိုက်စွာ ကျင်းပနိုင်ရေး ဦးဆောင်ပေးကြသည့် အတွက် များစွာပင် ကျေးဇူးအထူးတင်ရှိပါ ကြောင်း။

### လက်တွဲကြိုးပမ်း

နိုင်ငံတော်သမ္မတကြီးက ပေးပို့ သည့် သဝဏ်လွှာတွင် “ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု တည် ဆောက်ရာတွင် အခက်အခဲများနှင့် စိန်ခေါ်မှုများ ကြုံတွေ့ရသော်လည်း နိုင်ငံတော်အစိုးရနှင့်အတူ ချင်း တိုင်းရင်းသားများ အပါအဝင် ပြည်ထောင်စုဖွား တိုင်းရင်းသား အားလုံး၏ စုစည်းညီညွတ်မှု အင်အားဖြင့် ကျော်လွှားနိုင်မည်ဟု အခိုင်အမာ ယုံကြည်ထားပါသည်”ဟု ဖော်ပြထားသည့်အတိုင်း နိုင်ငံတော် အစိုးရ၏ ယုံကြည်ချက်များအတိုင်း မိမိအပါအဝင် ချင်းအမျိုးသား အားလုံးကလည်း အခြားတိုင်းရင်း သား မိဘညီအစ်ကိုမောင်နှမများ နှင့်အတူ စည်းစည်းလုံးလုံး ညီညီ ညွတ်ညွတ်ဖြင့် အတူတကွ လက်တွဲ ကြိုးပမ်း ဆောင်ရွက်ကြပါစို့ဟု သန္နိဋ္ဌာန်ပြုပါကြောင်း ပြောကြား သည်။

ယင်းနောက် တိုင်းရင်းသား လူမျိုးများရေးရာ ဝန်ကြီးဌာနက ထောက်ပံ့သည့် ထောက်ပံ့ငွေကို တိုင်းရင်းသား လူမျိုးများရေးရာ ဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းအေးကိုက ချင်းလူမှုရေး အသင်း(နေပြည်တော်)ဥက္ကဋ္ဌ ဦးဝင်း စိုးဦးထံ ပေးအပ်သည်။

### ဖျော်ဖြေတင်ဆက်

ထို့နောက် ချင်းတိုင်းရင်းသား တိုင်းရင်းသူ တေးသံရှင်များက ချင်း ပြည်နယ်အကြောင်း ရေးဖွဲ့ထားသည့် ကျေးလက်တောတန်း၊ Cung Van Sang၊ တောင်ဇလပ်အိမ်ပြန်ချိန်၊ Dawtnak Le Deihnak ၊ ချင်းပြည် အလှ စသည့်တေးသီချင်းများဖြင့် လည်းကောင်း၊ ချင်းတိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအဖွဲ့များက ဝါးညှပ် အက၊ ကြယ်အက စသည့်ချင်းရိုးရာ အကများဖြင့် လည်းကောင်း ကပြ သီဆို ဖျော်ဖြေတင်ဆက်ကြသည်။

### မှတ်တမ်းတင် ဓာတ်ပုံရိုက်

ယင်းနောက် ဒုတိယသမ္မတ သည် အခမ်းအနားသို့ တက်ရောက် လာကြသည့် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်း ဝင်များ၊ ချင်းလူမှုရေးအသင်း (နေပြည်တော်)မှ တာဝန်ရှိသူများ၊ ချင်းတိုင်းရင်းသား တိုင်းရင်းသူများ နှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသူများသည် “ချင်းတောင်တန်းမှ ကြိုဆိုလျက်” တေးသီချင်းကို အတူတကွသီဆိုပြီး စုပေါင်းဝိုင်းဖွဲ့ကကြကာ အခမ်း အနားကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

● *ကျော့ဖုံးမှ*

ဂိုးပေါက်ကန်သွင်းမှု၊ အခွင့်အရေးဖန်တီးနိုင်မှု အသာရယူနိုင်ခဲ့သော်လည်း အဆုံးသတ်မသေချာမှုကြောင့် ယခုလို ဂိုးပြတ်ရှုံးနိမ့်ခဲ့ခြင်း ဖြစ်သည်။ ၂၀၁၇ ခုနှစ်တွင် ချစ်ကြည်ရေးခြေစမ်းပွဲအဖြစ် နှစ်သင်း ထိပ်တိုက်တွေ့ဆုံမှုတွင်လည်း အတ္တလန္တာအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ဖူးသည်။

တော့တင်ဟမ်နည်းပြ မော်ရင်ညိုသည် ချန်ပီယံလိဂ် ရှုံးထွက်အဆင့် အိမ်ကွင်းပွဲစဉ်များတွင် နှစ်ကြိမ်သာ ရှုံးနိမ့်ဖူးပြီး ယခုအခါ လိုက်ပ်ဇစ်အသင်းကို ရှုံးနိမ့်ခဲ့ခြင်းမှာ မော်ရင်ညိုအတွက် သုံးကြိမ်မြောက်ရှုံးနိမ့်မှုဖြစ်လာခဲ့သည်။ ထို့အပြင် တော့တင်ဟမ်အသင်းကို အနိုင်ယူနိုင်ခဲ့သော လိုက်ပ်ဇစ်နည်းပြ ဂျူလီယန်နဂယ်စ်မန်းသည် အသက် ၃၂နှစ်နှင့် ၂၁၁ ရက်ဖြင့် ချန်ပီယံလိဂ် ရှုံးထွက်အဆင့်ပွဲစဉ်များကို နည်းပြဖူးသည့် အသက်ငယ်ဆုံးနည်းပြ ဖြစ်လာခဲ့သည်။ မော်ရင်ညိုသည် ဖာဂူဆန်၊ အာစင်ဝင်းဂါးနှင့် ကားလို့စ်အန်ဆယ်လော့တီတို့ပြီးနောက် ချန်ပီယံလိဂ်ပွဲ ၁၅၀ မြောက် နည်းပြခဲ့သည့် စတုတ္ထမြောက် နည်းပြလည်း ဖြစ်လာခဲ့သည်။

အခြားသော ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ပထမအကျော့ပွဲစဉ်များကို ဖေဖော်ဝါရီ ၁၉ ရက် နံနက်ပိုင်းက ဒေါ့မွန်နှင့် ပီအက်စ်ဂျီ၊ အက်သလက်တီကို မက်ဒရစ်နှင့် လီဗာပူးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဒေါ့မွန်အသင်းက ဟာလန်း၏ သွင်းဂိုးများဖြင့် ပီအက်စ်ဂျီအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ပီအက်စ်ဂျီအသင်းအတွက် ချေပဂိုးကို ပွဲကစားချိန် ၇၅ မိနစ်တွင် နေမာက သွင်းယူပေးခဲ့သည်။ အက်သလက်တီကိုမက်ဒရစ်က ပွဲချိန်လေးမိနစ်တွင် ဆောလ်နီဂွက်ဇ်၏ တစ်လုံးတည်းဂိုးဖြင့် လက်ရှိချန်ပီယံ လီဗာပူးအသင်းကို အနိုင်ရရှိခဲ့သည်။

**အောင်ဇော်**

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး နဝမနေ့ကျင်းပ


ဒုတိယဝန်ကြီး ဦးစိုးအောင်


တွံတေးမဲဆန္ဒနယ်မှ ဦးမြင့်လွင်


ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း


သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး နဝမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်က ပြည်သူ့လွှတ်တော်မှ ဖွဲ့စည်းထားသော နိုင်ငံတကာဆက်ဆံရေးကော်မတီမှ အဖွဲ့ဝင် ဗိုလ်မှူးချုပ်ဇော်ဝင်း အစား ဗိုလ်မှူးချုပ် ဝင်းမိုးအား လည်းကောင်း၊ နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီမှ အဖွဲ့ဝင် ဗိုလ်မှူးကြီး စိုးလွင် အစား ဗိုလ်မှူးချုပ် ဇော်ဝင်းအား လည်းကောင်း၊ လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ အဖွဲ့ဝင် ဗိုလ်မှူးကြီး ခင်မောင်ထွန်း အစား ဗိုလ်မှူးချုပ် သက်ထွန်းအောင် အားလည်းကောင်း၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီမှ အဖွဲ့ဝင် ဗိုလ်မှူးကြီး စိုးဝင်း အစား ဗိုလ်မှူးချုပ် အောင်ဇော်လှိုင်အားလည်းကောင်း အစားထိုးလဲလှယ်ဖွဲ့စည်းခြင်းအတွက် လွှတ်တော်၏ သဘောထားရယူအတည်ပြုသည်။

ထို့နောက် တွံတေးမဲဆန္ဒနယ်မှ ဦးမြင့်လွင်၏ တွံတေးမြို့နယ်အတွင်းရှိ "အမျိုးသမီးများပြုစုစောင့်ရှောက်ရေးဌာန" အား အမျိုးသမီးများဘဝဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ သင်တန်းကျောင်းတစ်ခုအဖြစ်သို့ ပြောင်းလဲဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်း နှင့်စပ်လျဉ်း၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်က အဆိုပါ အမျိုးသမီးများပြုစုစောင့်ရှောက်ရေးဌာန (တွံတေး)ကို ယခုအခါတွင် မိမိတို့ဝန်ကြီးဌာနက ရေးဆွဲလျက်ရှိသည့် ပြည့်တန်ဆာဆိုင်ရာဥပဒေတွင် ပါဝင်သည့် လိင်လုပ်သားများနှင့် ပတ်သက်၍ ပြုစုစောင့်ရှောက်ရေးဌာန အသစ်တစ်ခုအနေဖြင့် ပြောင်းလဲဖွင့်လှစ်ရန် လျာထားစီစဉ်လျက်ရှိပါကြောင်း။

## အသက်မွေးဝမ်းကျောင်းနှင့် ပြန်လည်ထူထောင်ရေးသင်တန်းများ ဖွင့်လှစ်သွားရန် လျာထား

လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် ၁၉၄၉ ခုနှစ် ပြည့်တန်ဆာနှိပ်ကွပ်ရေး အက်ဥပဒေကို ပြည့်တန်ဆာဆိုင်ရာဥပဒေအဖြစ် ဆက်စပ်ဌာနအဖွဲ့အစည်းများနှင့် ပူးပေါင်းပြင်ဆင်ရေးဆွဲလျက်ရှိရာ ဥပဒေမူကြမ်းတွင် ဥပဒေပါ ပြဋ္ဌာန်းချက်အရ လိင်လုပ်သားများ၏ လူမှုဘဝရပ်တည်နိုင်ရေး၊ စိတ်ပိုင်းရုပ်ပိုင်း ပြန်လည်ထူထောင်ပေးခြင်း၊ အသက်မွေးဝမ်းကျောင်းပညာ သင်ကြားပေးခြင်း၊ ပညာရေး၊ ကျန်းမာရေး၊ ဥပဒေရေးရာဝန်ဆောင်မှုများ လက်လှမ်းမီရရှိစေရန် ချိတ်ဆက်ဆောင်ရွက်ပေးခြင်းတို့ကို သင်တန်းကျောင်း ဖွင့်လှစ်ဆောင်ရွက်ပေးရန်ဆိုသည်တို့ကို ထည့်သွင်းရေးဆွဲထားပါကြောင်း၊ သို့ပါ၍ အဆိုပါဥပဒေအတည်ပြုပြဋ္ဌာန်းပြီးပါက အမျိုးသမီးများပြုစုစောင့်ရှောက်ရေးဌာန(တွံတေး)ကို အဆိုပါ အမျိုးသမီးများ၏ဘဝရပ်တည်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအအတွက် ပြောင်းလဲစောင့်ရှောက်၍ အသက်မွေးဝမ်းကျောင်းနှင့် ပြန်လည်ထူထောင်ရေးသင်တန်းများ ဖွင့်လှစ်သွားရန် လျာထားစီစဉ်ထားရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဒေးဒရဲမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်ညို၏ ဒေးဒရဲမြို့နှင့် တော်ကမယ်၊ ကျုံကြပ်၊ သာယာကုန်း၊ သံဒိဇီးဖြူကုန်း ဆက်သွယ်သော လမ်းအရှည် ၁၄ မိုင် ၆ ဖာလုံအား ပိုမိုမြန်ဆန်စွာ အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်းက အဆိုပါလမ်းအား ဒေသခံပြည်သူများမှ ဒေသဖွံ့ဖြိုးရေးအတွက် ဆောက်လုပ်ခဲ့သော လမ်းဖြစ်ပြီး ယခုအခါ မိမိတို့ဝန်ကြီးဌာနက စီမံခန့်ခွဲလျက်ရှိပါကြောင်း၊ အဆိုပါလမ်းသည် မြေသားလမ်းအဖြစ် ၁၁ မိုင် ၃ ဖာလုံ အထိ ကျန်ရှိနေပြီး ပွင့်လင်းရာသီတွင်သာ သွားလာနိုင်သည့်အတွက် ရာသီမရွေးသွားလာနိုင်ရန် ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ရန် လိုအပ်လျက်ရှိပါကြောင်း၊ သို့ပါ၍ အဆိုပါလမ်းအား အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ရန်ပုံငွေတွင် ထည့်သွင်းလျာထား၍ ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

## လုပ်ငန်း ၁၂ ခုအတွက် လိုအပ်သောရန်ပုံငွေကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ဖြည့်စွက်ခွင့်ပြုငွေအဖြစ် တင်ပြတောင်းခံသွားမည်

သနပ်ပင် မဲဆန္ဒနယ်မှ ဦးမြင့်ဦး၏ ပညာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် တည်ဆောက်ရေးလုပ်ငန်းများတွင် သတ်မှတ်ဘဏ္ဍာနှစ်အတွင်း ပြီးစီးအောင် ဆောင်ရွက်နိုင်ခြင်းမရှိ၍ ပိုလျှံငွေအဖြစ် ပြန်လည်အပ်နှံခဲ့ရသော ဘဏ္ဍာငွေများအား ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ပြန်လည်ခွင့်ပြုပေးနိုင်ခြင်း ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက အဆင့်မြင့်ပညာဦးစီးဌာနအနေဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်ရေးလုပ်ငန်း ၃၂၃ ခုအနက် လုပ်ငန်း မပြီးပြတ်၍ ပြန်လည်အပ်နှံခဲ့သော လုပ်ငန်း ၁၂ ခု တန်ဖိုး ငွေကျပ် ၄၉၇၉ ဒသမ ၉၈၅ သန်း ရှိခဲ့ပါကြောင်း၊ အဆိုပါလုပ်ငန်း ၁၂ ခုအတွက် လိုအပ်သော ရန်ပုံငွေကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ဖြည့်စွက်ခွင့်ပြုငွေအဖြစ် တင်ပြတောင်းခံသွားမည်ဖြစ်ပြီး ခွင့်ပြုချက်ရရှိပါက ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

အခြေခံပညာဦးစီးဌာနအနေဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် စီမံကိန်းလုပ်ငန်းပေါင်း ၅၁၄၀ အတွက် ခွင့်ပြုရန်ပုံငွေ ငွေကျပ် ၂၂၂ ဒသမ ၀၃၀ ဘီလီယံ ဖြစ်ပါကြောင်း၊ အဆိုပါလုပ်ငန်းများအနက် ၁၀၀ ရာခိုင်နှုန်း ပြီးစီးသည့် လုပ်ငန်း ၂၉၁၇ ခု၊ ၉၉ ရာခိုင်နှုန်းမှ ၈၀ ရာခိုင်နှုန်းအတွင်း ပြီးစီးသည့် လုပ်ငန်း ၃၄၁ ခု၊ ၈၀ ရာခိုင်နှုန်းမှ ၆၀ ရာခိုင်နှုန်းအတွင်း ပြီးစီးသည့် လုပ်ငန်း ၈၃၅ ခု၊ ၆၀ ရာခိုင်နှုန်းမှ ၄၀ ရာခိုင်နှုန်းအတွင်း ပြီးစီးသည့် လုပ်ငန်း ၅၂၀ ၊ ၄၀ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းအတွင်း ပြီးစီးသည့် လုပ်ငန်း ၄၁၉ ခု၊ ၂၀ ရာခိုင်နှုန်းအောက် ပြီးစီးသည့်လုပ်ငန်း ၇စ်ခုတို့ဖြစ်ပါကြောင်း၊ ပြန်လည်အပ်နှံသည့် လုပ်ငန်းပေါင်း ၁၀၀ ရှိပြီး ယင်းတို့အတွက် နိုင်ငံတော်သို့ ၁၅ ဒသမ ၆၁၃ ဘီလီယံ ပြန်လည်အပ်နှံထားပါကြောင်း၊ လုပ်ငန်းများအားလုံးအတွက် လိုအပ်သော ရန်ပုံငွေများကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် အပြီးသတ်နိုင်ရေးအတွက် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၏ သတ်မှတ်ချက်များနှင့်အညီ ဖြည့်စွက်ရန်ပုံငွေအဖြစ် တင်ပြတောင်းခံသွားမည်ဖြစ်ပါကြောင်း။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ငွေလုံးငွေရင်း အသုံးစရိတ်များအနက် အမျိုးသားစီမံကိန်းဥပဒေအရ မူလခွင့်ပြုရန်ပုံငွေတွင် ပါရှိသော လုပ်ငန်းများ၏ ဆောင်ရွက်ပြီးစီးမှုအပေါ် မူတည်၍ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေတွင် တင်ပြဆောင်ရွက်ခြင်းနှင့် မူလခွင့်ပြုရန်ပုံငွေတွင် မပါရှိသည့် လုပ်ငန်းများအတွက် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်၏ မူလခွင့်ပြုငွေရန်ပုံငွေတွင် ပြန်လည်လျာထားခြင်းများ ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း ပေါင်းစပ်ရှင်းလင်းဖြေကြားသည်။

ဒဂုံမြို့သစ်(တောင်ပိုင်း) မဲဆန္ဒနယ်မှ ဦးအေးနိုင်၏ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် အမှတ် (၁၀) အခြေခံပညာအလယ်တန်းကျောင်းအား အခြေခံပညာ အထက်တန်းကျောင်းခွဲသို့ အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးပါရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက အဆိုပါကျောင်း၌ ယခုနှစ်တွင် အလယ်ဆင့်သင် ကျောင်းသား ကျောင်းသူ ၅၅၅ ဦးရှိပါကြောင်း၊ အနီးဆုံးအထက်တန်းကျောင်းဖြစ်သည့် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း (ဒဂုံတောင်)နှင့်လည်း သွားလာရေးခက်ခဲသည်ကို သိရပါကြောင်း၊ သို့ပါ၍ အဆိုပါကျောင်းအား လာမည့် ၂၀၂၀-၂၀၂၁ ပညာသင်နှစ်အတွင်း ကျောင်းအဆင့်တိုးမြှင့်ရေး ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

## မြင်းခြံမြို့ မြို့နယ်ပညာရေးမှူးရုံးအား မြေဂရန်ရရှိပါက အနီးစပ်ဆုံးဘဏ္ဍာနှစ်တွင် အဆောက်အဦအသစ်အတွက် ဘဏ္ဍာငွေရရှိရေး လျာထားဆောင်ရွက်ပေးမည်

မြင်းခြံမဲဆန္ဒနယ်မှ ဦးစိန်မြင့်၏ မြင်းခြံမြို့ မြို့နယ်ပညာရေးမှူးရုံးအား ရုံးအသစ် တစ်ရုံး ဆောက်လုပ်ပေးနိုင်ခြင်း ရှိ၊ မရှိ သိရှိလိုခြင်း မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက အဆိုပါပညာရေးမှူးရုံးသည် လက်ရှိအားဖြင့် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်းတွင် ပူးတွဲဆောက်လုပ်ထားပါကြောင်း၊ အဆိုပါ ကျောင်းဝင်းဧရိယာသည် ၀ ဒသမ ၂၀ ဧက သာ ရှိသည့်အတွက် ထပ်မံဆောက်လုပ်ရန် မဖြစ်နိုင်ပါကြောင်း၊ နေရာအသစ်အတွက် မြေနေရာအား ဆောင်ရွက်ဆဲဖြစ်ပါကြောင်း၊ သို့သော် ပိုင်ဆိုင်မှုအနေဖြင့် ပုံစံ ၁၀၅ သို့မဟုတ် ဂရန်မရှိပါကြောင်း၊ ဘဏ္ဍာငွေလျာထားရာတွင် စည်းမျဉ်းစည်းကမ်းအနေဖြင့် မြေပိုင်ဆိုင်မှု အထောက်အထားရှိမှသာ လျာထား၍ရပါကြောင်းနှင့် မြေဂရန်ရရှိပါက အနီးစပ်ဆုံး ဘဏ္ဍာနှစ်တွင် အဆောက်အဦအသစ်အတွက် ဘဏ္ဍာငွေရရှိရေး လျာထား ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ပလက်ဝမဲဆန္ဒနယ်မှ ဦးစိန်အောင်၏ မတူပီ-ပလက်ဝကားလမ်းမှ ကျန်ရှိနေသော (၃၁)မိုင် လမ်းပိုင်းအား ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်းက လည်းကောင်း၊ မင်းတုန်းမဲဆန္ဒနယ်မှ ဒေါ်ခင်သန်းနု၏ မင်းတုန်းမြို့ အခြေခံပညာအထက်တန်းကျောင်းတွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ဆောက်လုပ်ခဲ့သည့် ပေ (၉၀x၃၀) RC တစ်ထပ်ကျောင်းဆောင်သစ်၏ အခန်းသုံးခန်းမှာ ယခုအက်ကွဲလာသဖြင့် မည်သို့ထပ်မံဆောင်ရွက်ပေးမည်ကို သိလိုခြင်းနှင့် ထိုသို့ စံချိန်မမီဆောက်လုပ်ခဲ့သော ကုမ္ပဏီအား မည်ကဲ့သို့ အရေးယူမည်ကို သိလိုခြင်း မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက လည်းကောင်း ရှင်းလင်းဖြေကြားကြသည်။

ယင်းနောက် ဆိပ်ကမ်းမဲဆန္ဒနယ်မှ ဦးတင်မောင်ဝင်းက မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်သဖြင့် အာဆီယံစီးပွားရေးအသိုက်အဝန်း (ASEAN Economic Community-AEC) အကောင်အထည်ဖော်ရာတွင် အဓိကလုပ်ငန်းစဉ်ဖြစ်သည့် (ASEAN Free Trade Agreement-AFTA) အား ထူထောင်ရမည်ဖြစ်သည်။ သို့မှသာ ကုန်စည်များ လွတ်လပ်စွာစီးဆင်းခြင်း (Free Flow of Goods)ကို ဆောင်ရွက်ရပါမည်။ ယင်းသို့ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံမှ ထုတ်လုပ်သော ကုန်ပစ္စည်းများသည် မြန်မာ့စံချိန်စံညွှန်း (Myanmar Standard & Specification) ပါရှိရမည်ဖြစ်ပြီး အာဆီယံနိုင်ငံအသီးသီးတွင် ထုတ်ကုန်ပစ္စည်းပေါင်း ၃၀၀၀ မှ ၁၀၀၀၀ ခန့် ရေးသားပြုစုပြီးဖြစ်ရာ မြန်မာနိုင်ငံအနေဖြင့် အရေးကြီးသည့် ထုတ်ကုန်ပစ္စည်းပေါင်း ၁၀၀၀ ခန့်ကို ASEAN Free Trade Agreement ကာလတွင် ရေးသားပြီးစီးနိုင်ရန် ပါဝင်ပတ်သက်သော ဝန်ကြီးဌာနများမှ ညှိနှိုင်းဆောင်ရွက်ကြရန် ပြည်ထောင်စုအစိုးရကို တိုက်တွန်းကြောင်း အဆိုကို တင်သွင်းသည်။

ထို့နောက် ပန်းဘဲတန်း မဲဆန္ဒနယ်မှ ဦးနေဖူးဘဆွေက အဆိုအား ထောက်ခံဆွေးနွေးသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက အဆိုအား လက်ခံဆွေးနွေးရန် သင့်၊ မသင့် လွှတ်တော်၏ဆန္ဒရယူရာ သဘောတူသဖြင့် လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူး ဦးကျော်စိုးလင်းက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ တင်သွင်းသည့် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေများကို ပဉ္စမအကြိမ်ပြင်ဆင်သည့် နည်းဥပဒေများနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ရန်အချက်များ တင်ပြရာ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဥပဒေကြမ်းကော်မတီတို့က ဆွေးနွေးကြပြီး ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သဘောထားမေးမြန်း၍ လွှတ်တော်အဆုံးအဖြတ် ရယူအတည်ပြုသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများကို ပဉ္စမအကြိမ် ပြင်ဆင်သည့် နည်းဥပဒေများ တစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲများအတိုင်း အတည်ပြုရန် လွှတ်တော်၏ သဘာထားရယူရာ သဘောမတူသူမရှိသည့်အတွက် အတည်ပြုကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

## အမျိုးသားလွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေများကို ပဉ္စမအကြိမ် ပြင်ဆင်သည့် နည်းဥပဒေများနှင့်စပ်လျဉ်း၍ ဆွေးနွေး

ဆက်လက်၍ ဥပဒေကြမ်းကော်မတီဝင် ဦးနေမျိုးထွန်းက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ တင်သွင်းသည့် အမျိုးသားလွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများကို ပဉ္စမအကြိမ် ပြင်ဆင်သည့် နည်းဥပဒေများနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ရန်အချက်များကို တင်ပြရာ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဥပဒေကြမ်းကော်မတီတို့က ဆွေးနွေးကြပြီး ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်၏ သဘောထားမေးမြန်း၍ လွှတ်တော်အဆုံးအဖြတ် ရယူအတည်ပြုသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌက အမျိုးသားလွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများကို ပဉ္စမအကြိမ်ပြင်ဆင်သည့် နည်းဥပဒေများ တစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲများအတိုင်း အတည်ပြုရန် လွှတ်တော်၏ သဘာထားရယူရာ သဘောမတူသူမရှိသည့်အတွက် အတည်ပြုကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ယင်းနောက် ဥပဒေကြမ်းကော်မတီဝင် ဦးဇော်ဝင်းက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ တင်သွင်းသည့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ် လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေများကို ပဉ္စမအကြိမ် ပြင်ဆင်သည့် နည်းဥပဒေများနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ရန်အချက်များကို တင်ပြရာ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဥပဒေကြမ်းကော်မတီတို့က ဆွေးနွေးကြပြီး ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သဘောထားမေးမြန်း၍ လွှတ်တော်အဆုံးအဖြတ် ရယူအတည်ပြုသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌက တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေများကို ပဉ္စမအကြိမ် ပြင်ဆင်သည့် နည်းဥပဒေများ တစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲများအတိုင်း အတည်ပြုရန် လွှတ်တော်၏ သဘာထားရယူရာ သဘောမတူသူမရှိသည့်အတွက် အတည်ပြုကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒသမ နေ့ကို ဖေဖော်ဝါရီ ၂၄ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

# စက်သုံးဆီအရောင်းဆိုင်အား မြို့အတွင်း တည်ဆောက်မည်ဆိုပါက မည်သည့်စက်သုံးဆီအမျိုးအစားကိုမဆို မြေအောက်သိုလှောင်ကန်ဖြင့်သာ တည်ဆောက်သိုလှောင် ဖြန့်ဖြူးရောင်းချရန် သတ်မှတ်ထား



ဒုတိယဝန်ကြီး ဒေါက်တာ ထွန်းနိုင်



ကယားပြည်နယ် မဲဆန္ဒနယ် အမှတ် (၉) မှ ဦးစိုးသိန်း



ဒုတိယဝန်ကြီး ဒေါက်တာမင်းရဲပိုင်ဟိန်း



မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁) မှ ဦးလှမြင့် (ခ) ဦးလှမြင့်သန်း

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅) ကြိမ်မြောက် ပုံမှန်အစည်းအဝေး နဝမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးစိုးသိန်း၏ ရန်ကုန်တိုင်းဒေသကြီး နယ်မြေအတွင်း စက်သုံးဆီအရောင်းဆိုင် မည်မျှရှိပြီး လိုအပ်သည့်အရေအတွက်ထက် ပိုလျှံခြင်း ရှိ/မရှိ၊ အကယ်၍ ထပ်မံလိုအပ်သည်ဟုယူဆပါက မည်သည့်မူဝါဒများ ချမှတ်၍ ပွင့်လင်းမြင်သာစွာ ခွင့်ပြုပေးနေသည်နှင့် လူနေထူထပ်သည့် မြို့ရွာ၊ ရပ်ကွက်များတွင် နေထိုင်ကြသော ပြည်သူများ၏ မီးဘေး၊ ငလျင်ဘေး စသည့် သဘာဝဘေးအန္တရာယ်များ ကျရောက်ပါက မထိခိုက်စေရန် စဉ်းစားထားခြင်း ရှိ/မရှိ သိရှိလိုခြင်း မေးခွန်းတို့နှင့် စပ်လျဉ်း၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က ရန်ကုန်တိုင်းဒေသကြီးအတွင်း စက်သုံးဆီဖြန့်ဖြူးရောင်းချခွင့် လိုင်စင်ရရှိထားပြီး ဖွင့်လှစ်ရောင်းချထားသော စက်သုံးဆီအရောင်းဆိုင် အရေအတွက်သည် စည်ပင်သာယာနယ်နိမိတ်အတွင်း ၁၃၉ ဆိုင်၊ စည်ပင်သာယာနယ်နိမိတ်ပြင်ပတွင် ၄၉ ဆိုင် စုစုပေါင်း စက်သုံးဆီအရောင်းဆိုင် ၁၈၈ ဆိုင် ရှိပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ၂၀၁၉ ခုနှစ် နိုဝင်ဘာလစာရင်းအရ ရန်ကုန်တိုင်းဒေသကြီးအတွင်း မှတ်ပုံတင်ထားသည့် ယာဉ်ကြီး၊ ယာဉ်ငယ် စုစုပေါင်းစာရင်းမှာ ၇၈၅၀၀၀ ရှိပြီး အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် မှတ်ပုံတင်ထားသော မော်တော်ယာဉ်များအနေဖြင့်လည်း ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝင်/ထွက် သွားလာလျက်ရှိပါကြောင်း။

## လက်ရှိဖွင့်လှစ်ထားသည့် အရောင်းဆိုင်အရေအတွက်နှင့် ယာဉ်စီးရေအချိုးတို့အရ စက်သုံးဆီအရောင်းဆိုင် အရေအတွက်သည် ပိုလျှံခြင်းမရှိသေးဘဲ ထပ်မံလိုအပ်လျက်ရှိ

သို့ဖြစ်ပါ၍ လက်ရှိစက်သုံးဆီအရောင်းဆိုင် တစ်ဆိုင်လျှင် ပျမ်းမျှယာဉ်စီးရေ ၄၂၀၀ ခန့်ကို ဆီဖြန့်ဖြူးပေးနေရသည့် အခြေအနေဖြစ်ပါကြောင်း၊ လက်ရှိဖွင့်လှစ်ထားသည့် အရောင်းဆိုင်အရေအတွက်နှင့် အဆိုပါယာဉ်စီးရေအချိုးတို့အရ စက်သုံးဆီအရောင်းဆိုင်အရေအတွက်သည် ပိုလျှံခြင်းမရှိသေးဘဲ ထပ်မံလိုအပ်လျက်ရှိပါကြောင်း၊ ထို့ကြောင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ခွင့်ပြုသင့်သည့်မြေပေါ်တွင် စက်သုံးဆီအရောင်းဆိုင်အသစ် တည်ဆောက်ဖွင့်လှစ်ခွင့်ပြုရန် တင်ပြပြီး လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မီးသတ်ဦးစီးဌာနတို့က ထုတ်ပြန်ထားသည့် ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်မည်ဆိုပါက စိစစ်ခွင့်ပြုပေးလျက်ရှိပါကြောင်း။

ထို့ပြင် လူနေထူထပ်သည့် မြို့၊ ရွာ၊ ရပ်ကွက်များအတွင်း နေထိုင်ကြသည့် ပြည်သူများ၏ မီးဘေး၊ ငလျင်ဘေး စသည့် သဘာဝဘေးအန္တရာယ်များ ကျရောက်ပါက ထိခိုက်မှုအနည်းဆုံးဖြစ်စေရန်အတွက် စက်သုံးဆီအရောင်းဆိုင်အား မြို့အတွင်း တည်ဆောက်မည်ဆိုပါက မည်သည့်စက်သုံးဆီအမျိုးအစားကိုမဆို မြေအောက်သိုလှောင်ကန်ဖြင့်သာ တည်ဆောက်သိုလှောင် ဖြန့်ဖြူးရောင်းချရန် သတ်မှတ်ထားပါကြောင်းနှင့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် မီးသတ်ဦးစီးဌာနတို့၏ သတ်မှတ်ချက် စံချိန်စံညွှန်းများအတိုင်း လိုက်နာထားရှိစေပါကြောင်း ဖြေကြားသည်။

## စစ်တောင်းစက္ကူစက်ရုံဟောင်းမြေနေရာအား Industrial Complex ထူထောင်နိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်လျက်ရှိ

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးလှမြင့် (ခ) ဦးလှမြင့်သန်း၏ မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် သိမ်ဇရပ်မြို့ရှိ စစ်တောင်းစက္ကူစက်ဟောင်း မြေနေရာနှင့် အဆောက်အဦများကို Industrial Complex အဖြစ် သို့မဟုတ် စက်မှုလုပ်ငန်းတစ်ခုခုအတွက် ပြန်လည်အသုံးချရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမင်းရဲပိုင်ဟိန်းက မွန်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ၎င်းတို့၏ စီမံခန့်ခွဲပိုင်ခွင့်ရှိသော ကျိုက်ထိုမြို့နယ် သိမ်ဇရပ်မြို့ရှိ စစ်တောင်းစက္ကူစက်ရုံဟောင်းမြေနေရာအား Industrial Complex ထူထောင်နိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ဝန်ကြီးဌာနအနေဖြင့်လည်း စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးလှဦး၏ မြန်မာနိုင်ငံ၌ လယ်ယာသုံးစက်ကိရိယာများအား ကုမ္ပဏီများမှတစ်ဆင့် လယ်သမားများ ဝယ်ယူရာတွင် အဆင်မပြေမှုများရှိနေကြသဖြင့် စီစဉ်ကြပ်မတ်ဆောင်ရွက်နိုင်သည့်အဖွဲ့ ဖွဲ့စည်းပေးရန်နှင့် မြန်မာနိုင်ငံ စက်မှုလက်မှုပညာရှင်များမှ ဝိုင်းဝန်းပူးပေါင်း၍ လယ်ယာသုံးစက်ကိရိယာပစ္စည်းများအား ထုတ်လုပ်ဖြန့်ဖြူးစီမံပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာမင်းရဲပိုင်ဟိန်းက လယ်ယာသုံးစက်ကိရိယာများ အရည်အသွေးမီ ထုတ်လုပ်ဖြန့်ဖြူးနိုင်ရေးအတွက် နိုင်ငံပိုင် လယ်ယာသုံးစက်ကိရိယာထုတ်လုပ်ရေးစက်ရုံများကို အစိုးရ၊ ပုဂ္ဂလိက အကျိုးတူပူးပေါင်းဆောင်ရွက်မှုနည်းလမ်းများဖြင့် လည်ပတ်နိုင်ရန် စီစဉ်လျက်ရှိပြီး လယ်ယာသုံးစက်ပစ္စည်းများ စံချိန်စံညွှန်းပြည့်မီရေးအတွက် မော်တော်ယာဉ်နှင့် လယ်ယာသုံးစက်ပစ္စည်းများ ထုတ်လုပ်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးအဖွဲ့က စစ်ဆေးလျက်ရှိပါကြောင်း၊ ထို့ပြင် လယ်ယာသုံးစက်ကိရိယာများ ဝယ်ယူရာတွင် တောင်သူလယ်သမားများ ကြုံတွေ့ရသည့် အဆင်မပြေမှုများကို ဖြေရှင်းပေးနိုင်ရန် စုံစမ်းစစ်ဆေးရေးအဖွဲ့များကိုလည်း ဖွဲ့စည်းပြီး စိစစ်ကြပ်မတ်လျက်ရှိပါကြောင်း ဖြေကြားသည်။

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးကျော်တုတ်၏ ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာသော ဆိုးကျိုးသက်ရောက်မှုများ လျော့ပါးစေရေးအတွက် မည်သို့စီမံဆောင်ရွက်ထားသည်ကို သိရှိလိုခြင်း မေးခွန်းနှင့် စပ်လျဉ်း၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေက တစ်ကမ္ဘာလုံးကြုံတွေ့နေရသည့် ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာသည့် ဆိုးကျိုးသက်ရောက်မှုများကို လျော့ပါးနိုင်စေရေးအတွက် မူဝါဒများ၊ မဟာဗျူဟာများနှင့် စီမံကိန်းများ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိခြင်း၊ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းများတွင် အဖွဲ့ဝင်အဖြစ် ပါဝင်ပြီး လိုက်နာရမည့် ကတိကဝတ်များကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိခြင်း၊ အာဆီယံဒေသတွင်း ပူးပေါင်းဆောင်ရွက်ခြင်းနှင့် နိုင်ငံတကာအဖွဲ့အစည်း အကူအညီများဖြင့် ရာသီဥတုပြောင်းလဲမှု လျှော့ချရေးနှင့် လိုက်လျောညီထွေဖြစ်စေရေးအတွက် စီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိနေပါကြောင်း ဖြေကြားသည်။

ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာခွန်ဝင်းသောင်း၏ ကချင်ပြည်နယ် ဗန်းမော်ခရိုင် မိုးမောက်မြို့နယ်၏ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနအနေဖြင့် ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းအသစ်တချို့ကို လက်ရှိဖြည့်စွက်ဘတ်ဂျက်တွင်လည်းကောင်း၊ တချို့ကို ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာရေးနှစ်တွင်လည်းကောင်း သင့်တော်သလို အမြန်ဆုံးခွဲဝေချထားပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုခြင်း မေးခွန်းနှင့် စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က ကချင်ပြည်နယ် မိုးမောက်မြို့နယ် အားကစားရုံ တစ်ရုံဆောက်လုပ်ခြင်း၊ ပွဲကြည့်စင် အဆင့်မြှင့်တင်တည်ဆောက်ခြင်း၊ သုံးခန်းတွဲဝန်ထမ်းအိမ်ရာ တည်ဆောက်ခြင်းလုပ်ငန်းများနှင့် မိုးမောက်မြို့နယ် လွယ်ဂျယ်မြို့ ဘောလုံးကွင်း အုတ်တံတိုင်းကာရံခြင်း၊ လွယ်ဂျယ်မြို့ အားကစားကွင်း ပွဲကြည့်စင်တည်ဆောက်ခြင်းလုပ်ငန်းတို့အား ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာရေးနှစ် ကချင်ပြည်နယ်အစိုးရအဖွဲ့ ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေစာရင်းတွင် ထည့်သွင်းလျာထားအဆိုပြု တင်ပြထားပြီးဖြစ်ပါကြောင်းနှင့် ခွင့်ပြုချက်ရရှိပါက ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

ထို့ပြင် ကချင်ပြည်နယ် ဗန်းမော်ခရိုင် မိုးမောက်မြို့နယ် အားကစားကွင်း အတွင်း Inner Fencing ပြုပြင်ကာရံခြင်းလုပ်ငန်းအတွက် ခန့်မှန်းကုန်ကျငွေကျပ် ၉၄၇၀၆၀၆ ဒသမ ၂ အား ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာရေးနှစ် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဘတ်ဂျက်တွင် ပြုပြင်ထိန်းသိမ်းရေးခေါင်းစဉ်ဖြင့် ကချင်ပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီး ဖြစ်ပါကြောင်း ဖြေကြားသည်။

အလားတူ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါ်နွယ်နွယ်အောင်၏ မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ပိန္နဲကုန်းကျေးရွာအုပ်စုရှိ မြေဧရိယာ ၁၆ ဒသမ ၆၁ ဧကတွင် ခနောက်စိမ်းသတ္တု အသေးစားထုတ်လုပ်ခွင့်ရရှိထားသော သတ္တုကုမ္ပဏီမှာ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီ ၃၁ ရက်တွင် ခွင့်ပြုမိန့်လိုင်စင်သက်တမ်းကုန်ဆုံးနေပြီဖြစ်သော်လည်း ခွင့်ပြုချက်မရှိ ဆက်လက်တူးဖော်နေခြင်းနှင့် လုပ်ငန်းမြေနေရာအား သတ္တုတွင်းပိတ်သိမ်းမှုကို ဥပဒေပါအတိုင်း မြေယာပြုပြင်ထိန်းသိမ်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်း၊ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ လုပ်ဆောင်ခြင်းမရှိ ပျက်ကွက်နေမှုအပေါ် မည်သို့စီမံအရေးယူဆောင်ရွက်မည်ကို သိရှိလိုခြင်း မေးခွန်းနှင့် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဝင်းအောင်၏ စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်တွင် ၁၉၉၅–၁၉၉၆ ခုနှစ်က သဖန်းဆိပ်ဆည်စီမံကိန်း တည်ဆောက်မှုကြောင့် ရွှေ့ပြောင်းခဲ့ရသည့် လယ်သမားများအား အစားထိုးပေးသည့် မြေယာများ နှစ်ပေါင်း (၂၄) နှစ်ကျော် လုပ်ကိုင်ခဲ့သော်လည်း ပုံစံ(၇) မရရှိခြင်းကြောင့် ပုံစံ(၇) ရရှိရေး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းတို့နှင့် စပ်လျဉ်း၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေက လည်းကောင်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာဇော်လင်းထွဋ်၏ မြန်မာ့အားကစား နိုင်ငံတကာအဆင့်အတန်းမီနိုင်ရန်နှင့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် မြန်မာနိုင်ငံ အမျိုးသားအားကစားဥပဒေ ရေးဆွဲရာတွင် မည်သည့်အဆင့်ထိ ရောက်ရှိနေသည်ကို သိရှိလိုခြင်း မေးခွန်းနှင့် စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က လည်းကောင်း ပြန်လည်ရှင်းလင်း ဖြေကြားခဲ့ကြသည်။

## ကြက်ခြေနီအမှတ်အသားအသုံးပြုခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေး

ထို့နောက် ကြက်ခြေနီအမှတ်အသား အသုံးပြုခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးစိုးသိန်း (ခ) ဦးမောင်စိုးက ဆွေးနွေးသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက အခွန်အယူခံခုံအဖွဲ့ နည်းဥပဒေများကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာခြင်းအား အမျိုးသားလွှတ်တော်သို့ အသိပေးတင်ပြ၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြင်ဆင်လိုသည့် နည်းဥပဒေ၊ နည်းဥပဒေခွဲအလိုက် အသေးစိတ်ဖော်ပြ လက်မှတ်ရေးထိုးပြီး အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒသမနေ့ကို ဖေဖော်ဝါရီ ၂၄ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်၊ စိုးဝင်းထွန်း**

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း၌ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုရန် စာစစ်ဌာန ၂၄၈ ခု ဖွင့်လှစ်မည်

**မုံရွာ ဖေဖော်ဝါရီ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း၌ ၂၀၁၉ – ၂၀၂၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုရန်လျှောက်ထားသူ ၁၃၁၆၃၇ ဦးအတွက် စာစစ်ဌာန ၂၄၈ ခု ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ပညာရေးမှူးရုံးမှ သိရသည်။

အဆိုပါစာမေးပွဲကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မတ် ၁၁ ရက်တွင် မြန်မာစာ၊ မတ် ၁၂ ရက်တွင် အင်္ဂလိပ်စာ၊ မတ် ၁၃ ရက်တွင် သင်္ချာ၊ မတ် ၁၄ ရက်တွင် စိတ်ကြိုက်မြန်မာစာ၊ မတ် ၁၆ ရက်တွင် ဓာတုဗေဒ၊ မတ် ၁၇ ရက်တွင် ရူပဗေဒ၊ မတ် ၁၈ ရက်တွင် ဇီဝဗေဒနှင့် ဘောဂဗေဒ၊ မတ် ၁၉ ရက်တွင် ပထဝီဝင်နှင့် မတ် ၂၀ ရက်တွင် သမိုင်း စသည့်ဘာသာရပ်များကို နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ဖြေဆိုရမည်ဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးမှ ယခင်နှစ်က ဖြေဆိုရန်လျှောက်ထားသူ ၁၁၉၄၀၅ ဦးအတွက် စာစစ်ဌာန ၂၃၀ ရှိပြီး ယခုနှစ်တွင် တစ်သောင်းကျော် ပိုမိုများပြားလာသည့်အတွက် စာစစ်ဌာန ၁၈ ခု တိုးချဲ့ဖွင့်လှစ်ထားပါကြောင်း၊ ယခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှ အမြင်အာရုံမသန်စွမ်းသူ ခြောက်ဦး၊ ကိုယ်အင်္ဂါမသန်စွမ်းသူ လေးဦး စုစုပေါင်း ၁၀ ဦးရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ပညာရေးမှူးရုံးမှ သိရသည်။

**မွေးကြူဇင်**

# ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်များ၊ ခရိုင်တရားရုံးများ လုပ်ငန်းညှိနှိုင်းစည်းဝေး

## ရာဇဝတ်အမှုပေါင်း ၂၁၁၉ မှု လက်ခံရရှိပြီး (ယခင်နှစ် အမှုလက်ကျန် ၂၇၄ မှု အပါအဝင်) ၂၃၉၃ မှု စစ်ဆေးပြီးပြတ်

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်များ၊ ခရိုင်တရားရုံးများ၏ (၁၈) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုတရားလွှတ်တော်ချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးက အမှာစကားပြောကြားရာ၌ တရားစီရင်ရာတွင် အဂတိကင်းစင်စွာနှင့် ဘက်လိုက်မှုမရှိဘဲ "ဥပဒေနှင့်အညီ လွတ်လပ်စွာတရားစီရင်ရေး" မူနှင့်အညီ စီရင်ကြရန်ဖြစ်ကြောင်း၊ တရားသူကြီးများသည် မိမိတို့စောင့်ထိန်းရမည့် ဂုဏ်သိက္ခာနှင့် ကျင့်ဝတ်များကို မြဲမြဲမြံမြံစောင့်ထိန်းပြီး အသိအမြင်၊ အတွေးအခေါ်၊ စိတ်ဓာတ်၊ ခံယူချက်နှင့် အရည်အသွေးများ တိုးတက်မြင့်မားအောင် မိမိတို့ကိုယ် မိမိတို့ ပြုစုပျိုးထောင်ကြရန်ဖြစ်ကြောင်း၊ မှုခင်းများကို ဥပဒေနှင့်အညီ တရားမျှတပြီး အချိန်မီ ထိရောက်စွာဖြေရှင်းပေးရေးအတွက် နိုင်ငံတစ်ဝန်း မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းသို့ ဆောင်ရွက်ရာတွင် တရားရုံးအဆင့်ဆင့်သို့ စွဲဆိုသည့်အမှုများ ပြီးပြတ်မှုနှုန်းကို တိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ကြရန်ဖြစ်ကြောင်း။

### တရားစီရင်ရေးကဏ္ဍအပေါ် ယုံကြည်

တရားမမှုများတွင် တရားရုံးက ဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေး စမ်းသပ်အစီအစဉ်ကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ရလဒ်ကောင်းများ ရရှိနေပြီဖြစ်၍ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း၊ တရားရုံးဝန်ဆောင်မှုများ၊ လက်လှမ်းမီနိုင်မှုများ၊ တာဝန်ခံယူနိုင်မှုများ တိုးတက်လာခြင်းဖြင့် အများပြည်သူတို့က တရားစီရင်ရေးကဏ္ဍအပေါ် ယုံကြည်ကိုးစားမှု တိုးတက်မြင့်မားလာမည်ဖြစ်ကြောင်း၊ ဘဏ္ဍာသိမ်းပစ္စည်းများ၊ သက်သေခံပစ္စည်းများ လေလွင့်ဆုံးရှုံးမှု၊ ပျက်စီးဆုံးရှုံးမှုများ မဖြစ်ပေါ်စေရေးအတွက်လည်း လုပ်ထုံးလုပ်နည်းများနှင့်အညီ စီမံခန့်ခွဲနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်အနေဖြင့် ၂၀၂၀ ပြည့်နှစ်တွင် တရားစီရင်ရေးပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်များ၊ နယ်စပ်ဖြတ်ကျော် တရားမမှုခင်းများနှင့် စီးပွားရေးမှုခင်းများအတွက် ဒေသတွင်း တရားရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုအပါအဝင် ဦးစားပေးလုပ်ငန်းများ သတ်မှတ်၍ မြှင့်တင်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။




ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး / ပြည်နယ် တရားလွှတ်တော်များ၊ ခရိုင်တရားရုံးများ၏ (၁၈) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

ဆက်လက်၍ မှုခင်းများ စစ်ဆေးစီရင်ခဲ့မှုနှင့် စပ်လျဉ်းပြီး ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီ ၁ ရက်မှ ဒီဇင်ဘာ ၃၁ ရက်အထိ **ပြည်ထောင်စုတရားလွှတ်တော်ချုပ်**တွင် ရာဇဝတ်အမှုပေါင်း ၂၁၁၉ မှု လက်ခံရရှိပြီး (ယခင်နှစ်အမှုလက်ကျန် ၂၇၄ မှုအပါအဝင်) ၂၃၉၃ မှု စစ်ဆေးပြီးပြတ်ကြောင်း၊ တရားမအမှုပေါင်း ၂၇၂၈ မှု လက်ခံရရှိပြီး (ယခင်နှစ်အမှုလက်ကျန် ၄၇၃ မှုအပါအဝင်) ၃၂၀၁ မှု စစ်ဆေးပြီးပြတ်ကြောင်း၊ ထို့ပြင် စာချွန်တော်လျှောက်ထားမှု ၄၁၈ မှု လက်ခံရရှိပြီး (ယခင်နှစ် အမှုလက်ကျန် ၁၉ မှုအပါအဝင်) ၄၃၇ မှု စစ်ဆေးပြီးပြတ်ကြောင်း။

**တိုင်းဒေသကြီးနှင့် ပြည်နယ် တရားလွှတ်တော်များ**တွင် ရာဇဝတ်အမှုပေါင်း ၈၁၆၆ မှု လက်ခံရရှိပြီး ၇၆၄၃ မှု စစ်ဆေးပြီးပြတ်ကြောင်း၊ တရားမအမှုပေါင်း ၆၄၇၃ မှု လက်ခံရရှိပြီး ၅၃၅၁ မှု စစ်ဆေးပြီးပြတ်ကြောင်း၊ **ခရိုင်တရားရုံးများ**တွင် ရာဇဝတ်အမှုပေါင်း ၂၂၆၅၃ မှု လက်ခံရရှိပြီး (ယခင်နှစ် အမှုလက်ကျန် ၁၀၀၁ မှုအပါအဝင်) ၂၃၆၅၄ မှု စစ်ဆေးပြီးပြတ်ကြောင်း၊ တရားမအမှုပေါင်း ၁၅၂၆၆ မှု လက်ခံရရှိပြီး ၁၂၇၇၇ မှု စစ်ဆေးပြီးပြတ်ကြောင်း၊ **မြို့နယ်တရားရုံးများ**တွင် ရာဇဝတ်အမှုပေါင်း ၄၂၆၅၄၄ မှု လက်ခံရရှိပြီး (ယခင်နှစ် အမှုလက်ကျန် ၁၂၆၃ မှုအပါအဝင်) ၄၂၇၈၀၇ မှု စစ်ဆေးပြီးပြတ်ကြောင်း၊ တရားမအမှုပေါင်း ၃၀၉၀၆ မှု လက်ခံရရှိပြီး ၂၉၃၈၂ မှု စစ်ဆေးပြီးပြတ်ကြောင်း။

### စွဲဆိုသည့်အမှုများ ပြီးပြတ်အောင်စစ်ဆေး

ဥပဒေအရ တည်ထောင်သော အခြားတရားရုံးများဖြစ်သည့် **ကလေးသူငယ်တရားရုံး**(ရန်ကုန်နှင့် မန္တလေး)တွင် ကလေးသူငယ်ဥပဒေအရ စွဲဆိုတင်ပို့သည့်အမှုပေါင်း ၅၆၂ မှု လက်ခံရရှိပြီး ၄၁၆ မှု စစ်ဆေးပြီးပြတ်ကြောင်း၊ **စည်ပင်သာယာတရားရုံး** (နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေး)တို့တွင် စည်ပင်သာယာဥပဒေအရ စွဲဆိုတင်ပို့သည့် အမှုပေါင်း ၁၀၁၉၁ မှု လက်ခံရရှိပြီး (ယခင်နှစ် အမှုလက်ကျန် ၁၁ မှုအပါအဝင်) ၁၀၂၀၂ မှု စစ်ဆေးပြီးပြတ်ကြောင်း၊ **မော်တော်ယာဉ်တရားရုံး**(နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေး) တို့တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဖောက်ဖျက်၍ မော်တော်ယာဉ်ဥပဒေအရ စွဲဆိုတင်ပို့သည့် အမှုပေါင်း ၁၃၁၇၉၄ မှုကို စစ်ဆေးစီရင်ခဲ့ကြောင်း၊ တရားရုံးများက စွဲဆိုသည့်အမှုများ ပြီးပြတ်မှုနှုန်းကို လျာထားချက်ထက်ကျော်လွန်အောင် စစ်ဆေးပြီးပြတ်မှသာ မှုခင်းလက်ကျန်ကျဆင်းပြီး ထိရောက်သည့် တရားစီရင်ရေးစနစ်ကို အကောင်အထည်ဖော်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၊ တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်များ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ တိုင်းဒေသကြီး/ပြည်နယ် တရားရေးဦးစီးမှူးများနှင့် ခရိုင်တရားသူကြီးများ တက်ရောက်ကြသည်။ အဆိုပါလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၂၂ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၂၀၁၉ ခုနှစ် အဓိကဆောင်ရွက်မှုများနှင့် ၂၀၂၀ ပြည့်နှစ် ဦးစားပေးလုပ်ငန်းစဉ်များ ထုတ်ပြန်

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

တရားစီရင်ရေး မဟာဗျူဟာစီမံကိန်း (၂၀၁၈-၂၀၂၂) အရ ၂၀၁၉ ခုနှစ်၏ အဓိကဆောင်ရွက်မှုများနှင့် ၂၀၂၀ ပြည့်နှစ်အတွက် ဦးစားပေးလုပ်ငန်းစဉ်များကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ထုတ်ပြန်လိုက်သည်။

**၂၀၁၉ ခုနှစ်၏ အဓိကဆောင်ရွက်မှုများ**

❖ တရားရုံးအဆင့်ဆင့်သို့ စွဲဆိုသည့်အမှုများ ပြီးပြတ်မှုနှုန်းကို ၉၉.၅၇% သို့ တိုးတက်အောင် ဆောင်ရွက်ခြင်း၊
❖ မှုခင်းများကို ဥပဒေနှင့်အညီ တရားမျှတပြီး အချိန်မီထိရောက်စွာ ဖြေရှင်းပေးရေးအတွက် နိုင်ငံတစ်ဝန်း မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်ကို ခရိုင်တရားရုံး (၅) ရုံးနှင့် မြို့နယ်တရားရုံး (၄၃) ရုံးတွင် တိုးချဲ့အကောင်အထည်ဖော်ခြင်းနှင့် အမှုပြီးပြတ်နှုန်း၊ အမှုများ စံသတ်မှတ်သည့်အချိန်ကာလအတွင်း ပြီးပြတ်မှုနှင့် အမှုရုံးချိန်းသေချာစေမှု တိုးတက်အောင် ဆောင်ရွက်ခြင်း၊
❖ တိုင်းဒေသကြီး/ပြည်နယ်များနှင့် မြို့နယ်များတွင် ဥပဒေအထောက်အကူပြုအဖွဲ့များ ဖွဲ့စည်းခြင်း၊ ပြင်ဆင်ဖွဲ့စည်းပေးခြင်းနှင့် ရုံးများအတွက် ထောက်ကူဆောင်ရွက်ပေးခြင်း၊
❖ တရားသူကြီးများ၏ တရားစီရင်ရေးနှင့် ပညာရပ်ပိုင်းဆိုင်ရာကျွမ်းကျင်မှုများ တိုးတက်စေရန် "အပြည်ပြည်ဆိုင်ရာ ကူးသန်းရောင်းဝယ်ရေးကိစ္စရပ်များကို ဥပဒေရှုထောင့်မှ လေ့လာခြင်း" စာအုပ် ပြုစုထုတ်ဝေခြင်း၊ သက်ဆိုင်သည့်ဝန်ကြီးဌာနများ၊ ပညာရေးဌာနများနှင့် ပုဂ္ဂလိက ကဏ္ဍတို့နှင့် ဆွေးနွေးပွဲ ကျင်းပခြင်း၊
❖ တရားသူကြီးများအတွက် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ သင်ရိုးညွှန်းတမ်းများနှင့် တရားရုံး လုပ်ထုံးလုပ်နည်းများ ရေးဆွဲခြင်း၊
❖ ကလေးသူငယ်များနှင့် ကာကွယ်စောင့်ရှောက်ရန်လိုအပ်သည့် လူကြီးများအတွက် အထူးသက်သေ စစ်မေးခန်းများနှင့် သက်သေစကားပြန်များ အသုံးပြုခြင်းဆိုင်ရာ ညွှန်ကြားချက် ထုတ်ပြန်ခြင်း၊
❖ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးအတွက် ရှေ့နေရှေ့ရပ်နှင့် နိုတြီပဗ္ဗလစ်များ၏ လုပ်ငန်းလုပ်ဆောင်ရာတွင် လိုက်နာဆောင်ရွက်ရန် ကြေညာချက် ထုတ်ပြန်ခြင်း၊
❖ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ website တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်တရားရုံးများ၏ တရားမမှုများ ပြီးပြတ်နှုန်း၊ တရားမမှုများ၏ ပျမ်းမျှကြန့်ကြာကာလ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် အဆင့်ဆင့်တရားရုံးများ၏ ၂၀၁၈ ခုနှစ်အတွင်း ဆုံးဖြတ်သည့် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ အမှုစီရင်ချက်များကို ဖော်ပြခြင်း၊
❖ ဒေသအလိုက် အများပြည်သူအတွက် တရားရုံးလက်ကမ်းစာစောင်များကို ကချင်၊ ကယား၊ ပိုးကရင်၊ စကောကရင်၊ မွန်၊ ရှမ်း၊ ပအိုဝ်း စသည့် တိုင်းရင်းသားဘာသာစကားဖြင့် ဖြန့်ဝေခြင်း၊
❖ တရားရုံးအဆင့်ဆင့်တွင် သတင်းမီဒီယာနှင့် စုစုပေါင်း ၂၁၀ ကြိမ် တွေ့ဆုံ၍ အများပြည်သူ စိတ်ဝင်စားသည့် မှုခင်းများကို အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်ပေးခြင်း၊
❖ တရားရုံးက ဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေး စမ်းသပ်အစီအစဉ်ကို ခရိုင်တရားရုံး (၂) ရုံးနှင့် မြို့နယ်တရားရုံး (၂) ရုံးတွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခြင်း။

**၂၀၂၀ ပြည့်နှစ်အတွက် ဦးစားပေးလုပ်ငန်းစဉ်များ**

❖ တရားရုံးအဆင့်ဆင့်သို့ စွဲဆိုသည့်အမှုများ ပြီးပြတ်မှုနှုန်းကို လျာထားချက်ပြည့်မီအောင် ဆောင်ရွက်ရန်၊
❖ နိုင်ငံတစ်ဝန်း မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်ကို ခရိုင်တရားရုံး (၂၅) ရုံးနှင့် မြို့နယ်တရားရုံး (၁၀၉) ရုံးတွင် တိုးချဲ့အကောင်အထည်ဖော်ရန်၊ အမှုများ စံသတ်မှတ်သည့်အချိန်ကာလအတွင်း ပြီးပြတ်မှုနှင့် အမှုရုံးချိန်းသေချာစေမှု တိုးတက်အောင် ဆောင်ရွက်ရန်၊
❖ တရားရုံးက ဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေး စမ်းသပ်အစီအစဉ်ကို မြို့နယ်တရားရုံး (၆) ရုံးတွင် တိုးချဲ့အကောင်အထည်ဖော် ဆောင်ရွက်ရန်၊
❖ တရားရုံးများတွင် အထူးသက်သေစစ်မေးခန်းများနှင့် ဗီဒီယိုဖြင့် စစ်ဆေးသည့် အထောက်အပံ့ပစ္စည်းများ တိုးချဲ့ဆောင်ရွက်ရန်၊
❖ တန်ဖိုးနည်းသက်သာခွင့် တောင်းဆိုသော တရားမမှုများအတွက် လုပ်ထုံးလုပ်နည်းများ၊ လူမွဲခံယူခြင်းဆိုင်ရာ နည်းဥပဒေများ စသည့် ဥပဒေမူဘောင်သစ်များ ထုတ်ပြန်ရေး ဆောင်ရွက်ရန်၊
❖ ကူးသန်းရောင်းဝယ်ရေးတရားရုံး တည်ထောင်ရေးအတွက် လုပ်ငန်းစီမံချက်များ ရေးဆွဲရန်၊
❖ တရားရုံးက ဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ် အကောင်အထည်ဖော်ရေး လုပ်ငန်းအစီအစဉ်များ ချမှတ်ရန်၊
❖ တရားရုံးစီရင်ချက်များ ထုတ်ပြန်ရေးအတွက် အိုင်တီနည်းပညာစနစ်တစ်ခု တည်ဆောက်ရန်၊
❖ တရားသူကြီးများနှင့် တရားရေးအရာရှိများ၏ တရားစီရင်ရေးနှင့် လုပ်ငန်းပိုင်းဆိုင်ရာ ကျွမ်းကျင်မှုကို မြှင့်တင်ရန်
❖ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ တရားစီရင်ရေးပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်များ၊ နယ်စပ်ဖြတ်ကျော် တရားမမှုခင်းများနှင့် စီးပွားရေးမှုခင်းများတွက် ဒေသတွင်း တရားရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၂၀၁၉ ခုနှစ် ဆောင်ရွက်ချက်များကို ၂၀၁၉ ခုနှစ် တရားရုံး နှစ်စဉ်အစီရင်ခံစာနှင့် ၂၀၂၀ ပြည့်နှစ် လုပ်ငန်းအစီအစဉ်များကို တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်း တတိယနှစ်အစီအစဉ် (၂၀၂၀) တို့တွင် ကြည့်ရှုနိုင်ပါသည်။

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်**
**နေပြည်တော်**

# စီးပွားရေးဝန်းကျင်ကောင်းကို ဖန်တီးခြင်းစကားဝိုင်း ကျင်းပ

တာရာ

စီးပွားရေးဝန်းကျင်ကောင်းကို ဖန်တီးခြင်း စကားဝိုင်းကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ရိုက်ကူးထုတ်လွှင့်ခဲ့သည်။ အဆိုပါ စကားဝိုင်း ဆွေးနွေးပွဲတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဦးသူရိန်လွင်က အစီအစဉ်မှူးအဖြစ်ဆောင်ရွက်ပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုး (စီးပွားရေးလုပ်ငန်းလုပ်ကိုင်ရလွယ်ကူမှုအထောက်အကူပြုအဖွဲ့၊ အတွင်းရေးမှူး)၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်ငြိမ်းအောင်(ပိုင်ဆိုင်မှုမှတ်ပုံတင်ခြင်းအညွှန်းကိန်းဆိုင်ရာအထောက်အကူပြုအဖွဲ့၊ အတွင်းရေးမှူး)၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး ဥပဒေလုပ်ထုံးလုပ်နည်းဌာန ညွှန်ကြားရေးမှူး ဒေါ်ထားထား (ပဋိညာဉ်များ အတည်ပြုဆောင်ရွက်ခြင်း အညွှန်းကိန်းဆိုင်ရာ အထောက်အကူပြုအဖွဲ့၊ အတွင်းရေးမှူး) နှင့် Zeya & Associate Co.,Ltd. Chairman/CEO ဦးဇေယျာသူရမွန် (ပုဂ္ဂလိကကဏ္ဍကိုယ်စားလှယ်) တို့က ပါဝင်ဆွေးနွေးခဲ့သည်။



ဦးအောင်စိုး (အမြဲတမ်းအတွင်းဝန်)
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန



ဒေါ်ထားထား(ညွှန်ကြားရေးမှူး)
ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး



ဦးဇေယျာသူရမွန် (Chairman CEO)
Zaya & Associate Co., Ltd



ဦးသူရိန်လွင်( MRTV )

*ယမန်နေ့မှအဆက်*

**အစီအစဉ်မှူး ။** ။ **Enforcing Contract Indicator ဆိုင်ရာအထောက်အကူပြု အဖွဲ့အနေနဲ့ မြန်မာနိုင်ငံရဲ့ Ease of Doing Business အခြေအနေ အလားအလာကို ဘယ်လိုများ မျှော်လင့်ထားပါသလဲ။**

**ဒေါ်ထားထား ။** ။ Enforcing Contract Indicator နဲ့ ပတ်သက်လို့ ၁၈ မှတ်ပေးထားပါတယ်။ တရားရုံးဖွဲ့စည်းပုံနဲ့ လုပ်ထုံးလုပ်နည်းက ၅ မှတ်၊ မှုခင်းစီမံခန့်ခွဲမှုက ၆ မှတ်၊ နည်းပညာသုံး တရားရုံးက ၄ မှတ်၊ အငြင်းပွားမှုကို အခြားနည်းဖြင့် ဖြေရှင်းဆောင်ရွက်ခြင်းကို ၃ မှတ် ပေးထားပြီး စုစုပေါင်း ၁၈ မှတ်မှာ အခုကျွန်မတို့က ၄ မှတ်ပဲ ရပါသေးတယ်။ အဲဒီတော့ ဆောင်ရွက်စရာတွေ အများကြီးကျန်ပါသေးတယ်။

ဆောင်ရွက်မယ့် လုပ်ငန်းလုပ်ဆောင်ချက်တွေနဲ့ပတ်သက်ပြီး ကာလလတ်၊ ကာလရှည် စီမံချက်တွေ ရေးဆွဲဆောင်ရွက်ဖို့ရှိပါတယ်။ တစ်ခုပြောချင်တာက ကျွန်မတို့ရဲ့ အညွှန်းကိန်းက အညွှန်းကိန်း ၁၀ ခုထဲမှာ အမှတ်ရဖို့အခက်ခဲဆုံးအညွှန်းကိန်းလို့ ကမ္ဘာ့ဘဏ်ကပြောထားပါတယ်။ သူက ဥပဒေမူဘောင်တွေ ပါတယ်။ နိုင်ငံတကာ စံနှုန်းတွေပါတဲ့အပြင် အိုင်တီနည်းပညာတွေလည်းပါပါတယ်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တရားစီရင်ရေး ပြုပြင်ပြောင်းလဲမှုနဲ့ ပတ်သက်ပြီး မဟာဗျူဟာစီမံကိန်း ၂၀၁၈-၂၀၂၂ကို ရေးဆွဲပြီး ဆောင်ရွက်လျက်ရှိပါတယ်။ ဒီမဟာဗျူဟာစီမံကိန်းက USAID က အဓိကပံ့ပိုးပြီး အခြားနိုင်ငံတကာ အဖွဲ့အစည်းတွေရဲ့ ပံ့ပိုးမှု၊ လက်ရှိအခြေအနေတွေနဲ့ အားလုံးကိုပေါင်းစပ်ပြီး နိုင်ငံတကာအဆင့်မီရေးဆွဲထားတဲ့ မဟာဗျူဟာစီမံချက်ဖြစ်တဲ့အတွက် အညွှန်းကိန်းသတ်မှတ်ချက်တွေ အားလုံးကို ခြုံငုံမိတယ်လို့ သတ်မှတ်လို့ ရပါတယ်။

ဒါကြောင့် ဒီမဟာဗျူဟာစီမံကိန်းကို အောင်မြင်အောင် ဆောင်ရွက်နိုင်ရင် အညွှန်းကိန်းကလည်း အောင်မြင်လာမှာဖြစ်တဲ့အပြင် တရားစီရင်ရေးကဏ္ဍကလည်း တိုးတက်လာမှာ ဖြစ်ပါတယ်။ အဲဒါကြောင့် မဟာဗျူဟာစီမံကိန်းကြီး အောင်မြင်ဖို့အတွက် အမှုသည်တွေ၊ ရှေ့နေတွေအပါအဝင်တရားရုံးနဲ့ သက်ဆိုင်သူတွေ အားလုံးက ကျွန်မတို့နဲ့ ပူးပေါင်းပါဝင်ပြီး မဟာဗျူဟာစီမံကိန်းကြီး အောင်မြင်ဖို့ ဝိုင်းဝန်းဆောင်ရွက်ပေးဖို့လိုပါတယ်လို့ တိုက်တွန်းလိုပါတယ်။

**အစီအစဉ်မှူး ။** ။ **ပုဂ္ဂလိက ကဏ္ဍအနေနဲ့ ၂၀၂၀မှာ Overall Benefit ရှိပါသလားခင်ဗျာ။**

**ဦးဇေယျာသူရမွန် ။** ။ မြန်မာနိုင်ငံထဲမှာ ယှဉ်ရင်ကျွန်တော်တို့က Overall Benefit ဖြစ်ပါတယ်။ ကျွန်တော်တို့က နိုင်ငံခြောက်ခုထက် ပိုသာလာပါတယ်။ ကျွန်တော်တို့က နိုင်ငံထဲမှာ Benefit ဖြစ်တယ်။ ဒေသတွင်း Regional နဲ့ ယှဉ်ရင် ကျွန်တော်တို့က မီဖို့လိုပါသေးတယ်။ ဒါပေမယ့် ကျွန်တော်က ဒီနှစ်မှာတော့ တော်တော်လေး အားရတယ်။ ရှေ့လျှောက်လည်း ဒီထက်ပိုအားရစရာတွေ လုပ်ဖို့ရှိသွားပြီ။ ဌာနဆိုင်ရာလမ်းကြောင်းလည်း တော်တော်လေး နားလည်သွားပြီ။

အရင်တုန်းက ဘယ်လိုဖြစ်သလဲဆိုတော့ ကျွန်တော့်အမြင်က နိုင်ငံတော်က စီးပွားရေးတွေအားလုံးကို တာဝန်ယူခဲ့တယ်။ ပုဂ္ဂလိကကဏ္ဍကိုမရအောင်၊ ခက်အောင်ကို အကုန်လုံးက လုပ်ထားတဲ့ အနေအထားရှိပါတယ်။ Regulation တွေက အစ၊ အစိုးရအရာရှိတွေဘက်ကအမြင်ကိုကအစ စီးပွားရေးလုပ်ရတာမရအောင်၊ ခက်အောင် အဲဒီလိုမျိုးနဲ့ထားတယ်။ အဲဒီလိုမျိုးနဲ့ ကျွန်တော်တို့က ဖြတ်သန်းခဲ့ပါတယ်။

အဲဒီကနေ ကျွန်တော်တို့က ပြုပြင်ပြောင်းလဲရေးပြန်လုပ်တဲ့အခါ အခုအချိန်မှာ ဌာနဆိုင်ရာတွေကလည်း စီးပွားရေးလုပ်ငန်းတစ်ခုလာရင် လွယ်အောင်လုပ်ပေးရမယ်။ အချိန်မြန်မြန်နဲ့ပြီးအောင် လုပ်ပေးရမယ်။ ငွေရေးကြေးရေး သက်သက်သာသာ ဖြစ်ရမယ်။ Procedure တွေ၊ လုပ်ငန်းအဆင့်တွေ လျှော့နိုင်သမျှလျှော့ရမယ်ဆိုတဲ့ Concept ကဝင်သွားပြီ။ Regulator တွေ အားလုံးရဲ့ ခေါင်းထဲမှာ ဝင်သွားတာပါ။ ဟိုးထိပ်ခေါင်းဆောင်ပိုင်း၊ နိုင်ငံတော်သမ္မတအထိ စီးပွားရေးလုပ်ငန်းကို ဘယ်လိုလုပ်ပေးရမလဲဆိုတာ အဲဒါဒီနှစ်က သက်သေပါ။

ဒီနှစ်က မြန်မာနိုင်ငံရဲ့ အဆင့်ခြောက်ခုတက်တယ်။ အရင်တုန်းကဆိုရင် လည်နေပြီး အဆင့်၁၇၁၊ အချို့နှစ်တွေမှာဆိုရင် ကျတောင်သွားပါသေးတယ်။ ကျွန်တော့်အမြင်က Regulator တွေအားလုံးလမ်းကြောင်းမြင်သွားပြီ၊ တွေ့သွားပြီ၊ သိသွားပြီ။ ဒေသတွင်းနဲ့ ဘယ်လောက်ကွာတယ် ဆိုတာလည်း ကျွန်တော်တို့က သိသွားပြီ။ တချို့ Regulator တွေဆိုရင် အားရဖို့ကောင်းတာက ဒေသတွင်းနိုင်ငံတွေထက် ပိုကောင်းပါတယ်။

ဥပမာ ကျွန်တော်တို့ရဲ့ Starting a business ဆိုရင် အာရှ- ပစိဖိတ်ဒေသတွင်းမှာ နိုင်ငံတွေအားလုံး ပျမ်းမျှယူထားတဲ့ အမှတ်ထက် ကျွန်တော်တို့ရဲ့ အမှတ်က ပိုကောင်းပါတယ်။ Starting a business ဆိုရင် ကျွန်တော်တို့က ပြောစရာမရှိပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကုမ္ပဏီတစ်ခု မှတ်ပုံတင်တော့မယ် Registration လုပ်တော့မယ်ဆိုရင် အွန်လိုင်းနဲ့ အိမ်ကနေလည်း လုပ်လို့ရတယ်။ နိုင်ငံခြားကနေလည်း လုပ်လို့ရတယ်။ Registration လုပ်တာ တော်တော်လွယ်သွားပြီ။ လွယ်တာမှ Regional Average ထက်ကိုပိုလွယ်နေတယ်ဆိုတော့ တော်တော်လေးကို ကောင်းပါတယ်။

ထိုနည်းလည်းကောင်းပဲ Dealing with Construction Permit ဆိုရင် စက်ရုံတစ်ခု တည်ဆောက်မယ်။ လုပ်ငန်းတစ်ခု တည်ဆောက်မယ်ဆိုရင် အဲဒါလည်း Regional Average ထက်ကိုသာသွားပြန်ရော။ Registering Property ဆိုရင်လည်း Regional Average နားကို တစ်မှတ်ပဲလိုပါတော့တယ်။ ဒီသုံးခုကတကယ့်ကို ဒေါင်ဒေါင်မြည်ဌာနတွေ ဖြစ်သွားပြီ။ ကျန်တဲ့အညွှန်းကိန်းတွေကလည်း ကြိုးစားနေပါတယ်။

အမြဲတမ်းအတွင်းဝန်ပြောသလိုပဲ အချို့ဌာနတွေက အမှတ်မတက်လာဘူး။ မတက်လာပေမယ့် သူတို့ရဲ့ လုပ်ငန်းအနေအထားကိုက ပြောင်းလဲရမှာ ခက်ခဲတယ်။ ကျွန်တော်တို့ကဒေသတွင်းနိုင်ငံတွေထက် ပိုကောင်းတာတွေဖြစ်လာပြီ။ ဥပမာRegistering Property ဆိုရင် အရင်နှစ်ကအဆင့် ၆ ဆင့်ရှိတယ်။ ဒီနှစ်လည်း အဆင့် ၆ ဆင့်ရှိတယ်။ ဒါကိုမပြောင်းလဲနိုင်ဘူး။

ဒါပေမယ့် ကြာမြင့်ချိန်ကအရင်နှစ်က ၈၅ ရက်ကြာတယ်။ ဒီနှစ်က ၆၅ရက်ပဲကြာတယ်။ ရက် ၂၀ ပိုမြန်သွားတယ်။ အဲဒီမှာ အချိန်ကို နည်းနည်းလေး Highlight လုပ်ပြချင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ကမ္ဘာ့ဘဏ် Doing Business ရဲ့ အစီရင်ခံစာတွေ ရေးထားတဲ့အထဲမှာပါတယ်။ တစ်ရက်နောက်ကျရင် ကျွန်တော်တို့ရဲ့ Business Volume ကို ၁ရာခိုင်နှုန်းလျော့သွားတယ်။ တစ်နိုင်ငံလုံးရဲ့ GDP က ၀ ဒသမ ၅ ရာခိုင်နှုန်းလျော့တယ်လို့ ဥပမာသူတို့ တွက်ထားတာ ဖြစ်ပါတယ်။

ကျွန်တော်တို့က ရက်၂၀ မြန်လာတယ်။ ဒါနဲ့ပတ်သက်ရင် ကျွန်တော်တို့ရဲ့ Efficiency တွေများလာတယ်။ မြန်လာတယ်။ ဒီအချိန်မှာ စကားလေးတစ်လုံးကို ကျွန်တော်သတိရပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းမိန့်ခွန်းထဲမှာပါတယ်။ သူများနိုင်ငံတွေ ခြေလှမ်း တစ်လှမ်းလှမ်းရင် ကျွန်တော်တို့က လေး၊ငါး၊ဆယ်လှမ်းလှမ်းမှ တော်ရာကျမယ်ဆိုတာ ပါတယ်။ အခုခေတ်မှာ အဲဒီလမ်းကြောင်းပေါ်ပြန်ရောက်နေပြီ။ Government ကလည်း သူများနိုင်ငံက တစ်လှမ်းလှမ်းရင် ကျွန်တော်တို့ကလေး၊ငါး၊ ဆယ်လှမ်းလှမ်းရမယ် ဒီလိုမျိုးဖြစ်သွားပြီ။

ကျွန်တော်တို့ ပုဂ္ဂလိကကဏ္ဍက လူတွေကယှဉ်ပြိုင်မှုရှိတာဆိုတော့ သူများတစ်လှမ်းလှမ်းရင် ကျွန်တော်တို့က လေး၊ ငါး၊ ဆယ်လှမ်း မလှမ်းနိုင်ရင် ကျန်ခဲ့မယ်၊ ပြုတ်သွားမယ်၊ အရှုံးပေါ်သွားမယ်ဆိုတော့ ကျွန်တော်တို့က လုပ်ပါတယ်။ ဒါပေမယ့် အစိုးရရဲ့ ဟိုးအရင်တုန်းကအမြင်မှာ စီးပွားရေးလုပ်ငန်းဆိုရင် ခက်အောင် လုပ်ထားဆိုတဲ့ အရာတွေ အကုန်လုံးက ဖြေလျှော့လာပြီဆိုတော့ ရှေ့လျှောက်ကို ဒီထက်ပိုကောင်းလာဖို့ပဲရှိတယ်လို့ ကျွန်တော်မြင်ပါတယ်။ Overall အနေနဲ့ အားရတယ်ဆိုတာ ဒီနှစ်တစ်ခုတည်းကို အားရတာမဟုတ်ပါဘူး။ အပြောင်းအလဲတစ်ခုလုံးကိုအားရတာပါ။ ရှေ့လျှောက်ကိုလည်းမြင်နေတဲ့အတွက်အဲဒါတွေကိုအားရတာ ဖြစ်ပါတယ်။

**အစီအစဉ်မှူး ။** ။ **၂၀၂၀ မှာ တိုးတက်မှုမရခဲ့တဲ့ အညွှန်းကိန်း ငါးခုကိုလည်း ပြောပြပေးပါဦး။**

**ဦးဇေယျာသူရမွန် ။** ။ အဲဒီ အညွှန်းကိန်း ငါးခုက အားမရပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူတို့က ကျွန်တော်ပါဝင်ပတ်သက်လာတာ သုံးနှစ်ရှိပါပြီ။ သုံးနှစ်လုံးက မလှုပ်လာပါဘူး။ ဒီအတိုင်းပဲ။ တက်မလာပါဘူး။ မတက်လာတဲ့အကြောင်းရင်းက အချို့အညွှန်းကိန်းတွေက ခက်ပါတယ်။ အခက်ဆုံးအညွှန်းကိန်းတွေလည်း ပါတယ်။

ကျွန်တော်တို့က Regional Average Line ကိုကြည့်လိုက်ရင် အလွယ်ဆုံး၊ ပြီးရင်ခက်တာ၊ ပြီးရင်လွယ်တာ ပြန်လာပါတယ်။ ပြီးရင်ခက်တာ အဲဒီလိုသွားတယ်။ အဲဒီအညွှန်းကိန်းငါးခုလုံးက ခက်တဲ့ဟာတွေ။ နိုင်ငံတကာမှာကိုကခက်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ နိုင်ငံကလည်း ခက်နေပါတယ်။ အဓိက ပြုပြင်ပြောင်းလဲရမှာက ဥပဒေတွေ ဖြစ်နေပါတယ်။ နောက်ပြီး ဥပဒေမရှိတာလည်း ရှိပါတယ်။ ကျွန်တော်တို့တင် မရှိတာလားဆိုတော့ မဟုတ်ဘူး၊ သူများနိုင်ငံတွေလည်း မရှိပါဘူး။

ဒါပေမယ့် သူများနိုင်ငံတွေက အဲဒီ Law တွေက လွန်ခဲ့တဲ့ နှစ်နှစ်၊ သုံးနှစ်လောက်က အတည်ပြုပြီးသွားပြီ။ ကျွန်တော်တို့က အခုအဲဒီ Law တွေလုပ်နေပါတယ်။ ရေးနေပါတယ်။ လွှတ်တော်မှာ ဖြတ်နေပါတယ်ဆိုတဲ့အတွက် အဲဒီအညွှန်းကိန်းငါးခုက သိပ်ပြီးမလွယ်သေးပါဘူး။ ဒါပေမယ့်လည်း Regulator တွေက နည်းနည်းသဘောပေါက်လာပါတယ်။

အရင်နှစ်က တရားရေးက ညွှန်ချုပ်ကြီးဆိုရင် ကြိုးစားပမ်းစားကမ္ဘာ့ဘဏ်နဲ့ ထိုင်ပြီး ဆွေးနွေးပါတယ်။ စိတ်ပါဝင်စားပြီး ကမ္ဘာ့ဘဏ်ကလည်း နားလည်အောင် ဥပဒေတွေ အကုန်လုံးကို ဖတ်ပြပါတယ်။ နောက်ဆုံး နှစ်ပေါင်းတော်တော်ကြာတဲ့ ဥပဒေတွေကိုပါ ပြန်ဆွဲထုတ်လာပါတယ်။ သူတို့မှတ်တမ်းတင်ထားတဲ့ ကျွန်တော်တို့ ခက်ပါတယ်လို့ ပြောနေတဲ့၊ အမှတ်နည်းပါတယ်လို့ သူတို့ပေးထားတဲ့အရာ တွေကိုပါ မဟုတ်ဘူး။ ကျွန်တော်တို့ကို အမှတ်ပေးသင့်ပါတယ်ဆိုပြီး ကမ္ဘာ့ဘဏ်နဲ့ကို အချေအတင် ဆွေးနွေးတာတွေရှိပါတယ်။

အမှတ်မတက်တဲ့ ငါးချက်က ဘာတွေသွားဖြစ်သလဲဆိုတော့ အမှတ်မတက်တော့ အဆင့်ကျပါတယ်။ သူများနိုင်ငံတွေက ကြိုးစားတယ်။ ဥပမာ တစ်ခုပြောရမယ်ဆိုရင် အရင်တုန်းကလည်း အဲဒီ ၅ ခု အမှတ်က ဒီအတိုင်းက ဒီအတိုင်းပဲ၊

“ ကျွန်တော်တို့ ပုဂ္ဂလိကကဏ္ဍက လူတွေက ယှဉ်ပြိုင်မှုရှိတာဆိုတော့ သူများတစ်လှမ်းလှမ်းရင် ကျွန်တော်တို့က လေး၊ ငါး၊ ဆယ်လှမ်းမလှမ်းနိုင်ရင် ကျန်ခဲ့မယ်၊ ပြုတ်သွားမယ်၊ အရှုံးပေါ်သွားမယ်ဆိုတော့ ကျွန်တော်တို့က လုပ်ပါတယ်။ ဒါပေမယ့် အစိုးရရဲ့ ဟိုးအရင်တုန်းကအမြင်မှာ စီးပွားရေး လုပ်ငန်းဆိုရင်ခက်အောင် လုပ်ထားဆိုတဲ့ အရာတွေအကုန်လုံးက ဖြေလျှော့ လာပြီဆိုတော့ ရှေ့လျှောက်ကို ဒီထက်ပိုကောင်းလာဖို့ပဲရှိတယ်လို့ ကျွန်တော် မြင်ပါတယ်”

*စာမျက်နှာ ၁၁ သို့*

*စာမျက်နှာ ၁၀ မှ*

သူများနိုင်ငံတွေက ကောင်းလာတဲ့အတွက် အလိုလိုနေရင်းကို အဆင့်ကလျော့သွားတယ်။ ဥပမာ– Getting Electricity ဆိုရင် အမှတ်တော့ ပိုရလာပါတယ်။ သူများနိုင်ငံတွေကပိုကောင်းအောင်လုပ်လာတဲ့အတွက်ကြောင့် အဆင့်ကလေးဆင့်လျော့သွားပါတယ်။

ထိုနည်းလည်းကောင်းပဲ Resolving Insolvency ဆိုရင် အမှတ်က ပြောင်းလဲမှုမရှိဘူး။ သူများနိုင်ငံတွေလည်း ခက်တယ်။ တချို့ဟာတွေက ခက်တဲ့အထဲမှာပါတယ်။ ကျွန်တော်တို့နိုင်ငံက အမှတ်အပြောင်းအလဲမရှိဘူး။ သူများနိုင်ငံတွေလည်း အမှတ်က အပြောင်းအလဲမရှိဘူး။ အဲဒီတော့ကျွန်တော်တို့ကအမှတ်က ဒီအမှတ်ပဲ။ အဆင့်က ဒီအဆင့်ပဲ။Trading Across Borders လည်း ထိုနည်းလည်းကောင်းပဲ။ အမှတ်လည်း အပြောင်းအလဲမရှိဘူး။ အဆင့်လည်း အပြောင်းအလဲမရှိဘူး။ လုပ်ရတာခက်တဲ့ အပိုင်းတွေ ဖြစ်နေပြီ။ သူများနိုင်ငံတွေလည်း တက်မလာနိုင်ပါဘူး။ ကိုယ်လည်း မတက်တော့ အဆင့်ကမပြောင်းလဲဘူး။

စောစောကပြောတဲ့ Getting Electricity ကလုပ်ရတာသိပ်ပြီး အခက်ထဲမှာ မပါဘူး။ ကိုယ်ကတော့ ၁ မှတ်လောက်ပဲ တက်အောင် လုပ်နိုင်တယ်။ သူများတွေက ၄၊ ၅၊ ၆မှတ် တက်အောင်လုပ်နိုင်တဲ့အတွက် ကျွန်တော်တို့က အဆင့်လေးဆင့် ကျသွားတယ်။ အဲဒီလိုပါ။ နောက်ပြီး Paying Taxes ကျတော့လည်း ကျွန်တော်တို့က အမှတ်ပြောင်းလဲမှုမရှိဘူး။ သူများနိုင်ငံတွေက ကောင်းအောင် လုပ်လာတဲ့အတွက် ကျွန်တော်တို့က အဆင့်ကျသွားတယ်။ အဲဒီလိုတွေ တွေ့ရှိရပါတယ်။

ဒါပေမယ့် ကျွန်တော်တို့က ငြိမ်နေလို့ တော့မရပါဘူး။ စောစောကပြောတဲ့ Resolving Insolvency တို့ကျတော့ သူများနိုင်ငံတွေလည်း ခက်နေတာပါ။ ကမ္ဘာ့ဘဏ်က အမှတ်ပေးတဲ့ ပုံစံကိုက ခက်နေတာပါ။ အဲဒီတော့ အဆင့်အပြောင်းအလဲမရှိ၊ အမှတ်အပြောင်းအလဲမရှိပါ။ ဒါတွေက ကျွန်တော်တို့က သိပ်ပြီးပြဿနာမရှိပါဘူး။ စောစောကလို အမှတ်အပြောင်းအလဲမရှိဘဲ အဆင့်ကျသွားတာကနာပါတယ်။ အဲဒါက ဘာကိုသက်ရောက်မှု သွားဖြစ်သလဲ ဆိုတော့ ကျွန်တော်တို့ အရင်ကြိုးစားနေတဲ့ အခြား Regulator တွေရဲ့ ကြိုးစားအားထုတ်မှုက သူတို့က ဒီလောက်ရထားမယ်။ ဒါပေမယ့် ဒီဘက်ကကျတော့ အဆင့်က လျော့သွားတဲ့အတွက် Overall ပြန်ကြည့်မယ်ဆိုရင် စောစောကပြောသလို ခြောက်နိုင်ငံပဲ ကျော်နိုင်သလိုဖြစ်သွားတာ ဖြစ်ပါတယ်။

အမှန်ကျွန်တော်တို့က ခုနစ်နိုင်ငံ၊ ရှစ်နိုင်ငံ၊ ၁၀ နိုင်ငံကျော်နိုင်ပါတယ်။ အဲဒီလို ကျော်နိုင်ရင် စီးပွားရေးလုပ်ငန်းတွေ အတွက် ဘာအကျိုးကျေးဇူးရသလဲဆိုတော့ ကျွန်တော်တို့ရဲ့ လက်ရှိစီးပွားရေးလုပ်ငန်း တစ်ခုကိုက တန်ဖိုးတက်သွားပါတယ်။ ဥပမာ ပြည်လမ်းပေါ်မှာ တကယ့်နေရာကောင်းမှာရှိတဲ့ ဟိုတယ်တစ်လုံး သန်း ၆၀၀ တန်တယ်ဆိုရင် စင်ကာပူနိုင်ငံ Orchard Road မှာရှိတဲ့ ဟိုတယ်တစ်လုံးနဲ့ အတူတူပဲ ဘာမှကွာခြားမှုမရှိဘူး။ ဒါပေမယ့် သူ့ရဲ့ရောင်းဈေးက သန်း ၁၀၀၀ ဖြစ်ချင်ဖြစ်သွားမယ်။

ဘာဖြစ်လို့လဲဆိုတော့ သူတို့က စီးပွားရေးလုပ်ရတာ လွယ်ကူတယ်။ ရှေ့လျှောက်လည်း ပိုအခြေအနေကောင်းပါတယ်။ ကျွန်တော်တို့က ဟိုလောက်အခြေအနေ မကောင်းနိုင်ဘူးဆိုတော့ စီးပွားရေးလုပ်ငန်းက နေရင်းထိုင်ရင်းကို တန်ဖိုးတက်လာပါတယ်။ အခုအနေအထားဆိုရင် ကျွန်တော်တို့ စီးပွားရေးတွေ ပြန်ကောင်းလာပြီ။ လူတွေရဲ့အသိမှာကိုက စီးပွားရေးလုပ်ရတာခက်တယ်။ အဆင်မပြေဘူးဆိုပြီး အများကြီး ကြားရပါတယ်။ နေရာတိုင်းမှာ ကြားရပါတယ်။

ဒီနေ့ခေတ်မှာ အဲဒီအသံတွေက တဖြည်းဖြည်းချင်း တိုးသွားပါတယ်။ ကျွန်တော်တို့လည်း လက်တွေ့ခံစားရပါတယ်။ ကျွန်တော်တို့အလုပ်လေးတွေ တဖြည်းဖြည်း ပိုကောင်းလာတယ်။ ကျွန်တော်တို့အသံတွေ နားထောင်တဲ့အခါမှာလည်းတချို့ကစီးပွားရေး လုပ်ငန်းတွေ ကောင်းလာတယ်၊ တချို့ကတော့ မကောင်းသေးဘူး။ အဲဒီလိုမျိုးတွေကြားရပါတယ်။ ဒါကျွန်တော်တို့ လက်တွေ့ခံစားရတယ်။ ပုဂ္ဂလိကကဏ္ဍအနေနဲ့ကျွန်တော်က ဒီလိုပဲ မြင်ပါတယ်။

**အစီအစဉ်မှူး ။ ။ နိုင်ငံရဲ့ အခု လက်ရှိ ဆောင်ရွက်နေတဲ့ Ease of Doing Business နဲ့ပတ်သက်လို့ ဆောင်ရွက်နေတဲ့အချက်တွေကို လုပ်ငန်းရှင်တစ်ယောက် ဒါမှမဟုတ် ပြည်သူတစ်ယောက်အနေနဲ့ သိရှိလိုပါတယ်၊ လေ့လာလိုပါတယ်၊ သိလိုတယ်ဆိုရင် ဘယ်လိုများ လေ့လာလို့ရတယ်ဆိုတာကို ပြောပြပေးပါဦး ခင်ဗျာ။**

**ဦးအောင်စိုး** ။ ။ ဒါက ပွင့်လင်းမြင်သာမှုနဲ့ဆိုင်ပါတယ်။ ဒါတွေကို ပွင့်ပွင့်လင်းလင်း သိဖို့ လိုပါတယ်။ Awarenessလိုပါတယ်။ ဒါတွေ မသိရင် ကမ္ဘာ့ဘဏ်က မေးရင်လည်း အဖြေလွှာတွေကို ကောင်းကောင်းမဖြေတတ်ပါဘူး။ ကိုယ်တိုင်ကလည်း ဌာနဆိုင်ရာတွေရဲ့ လုပ်ထုံးလုပ်နည်းတွေ၊ ဘာလုပ်ချင်ရင် ဘယ်ဌာနသွားရမယ်။ အဲဒီဌာနမှာလုပ်ငန်း အဆင့်တွေက ဘာလဲမသိဘူးဆိုရင် သူလည်း ခက်မှာပါ။ ဒါကြောင့် ဒါတွေကို သူတို့ အလွယ်တကူ သိနိုင်ဖို့ လုပ်ပါတယ်။ ဒါနဲ့ပတ်သက်ရင် ကျွန်တော်တို့က Communication Strategy ဆိုတာချပြီး ကမ္ဘာ့ဘဏ်နဲ့ လုပ်ပါတယ်။ အဲဒီအထဲမှာ ကုန်သည်ကြီးများအသင်းမှာ သွားပြီး Seminar တွေ လုပ်တယ်။ ရှင်းပြပါတယ်။

အထူးသဖြင့် အဖြေလွှာတွေကို ဖြေရတဲ့အဖွဲ့တွေက များသောအားဖြင့် LawFirm တွေများတယ်။ သူတို့ကိုလည်း သီးခြားဖိတ်တယ်။ ရှင်းပြတယ်။ ဟိုးအရင် မေးခွန်းဟောင်းကို ပြန်ပြီးလေ့လာသလိုမျိုး ယခင်နှစ်တွေက မေးဖူးတာကို သူတို့ကို ပြန်ရှင်းပြပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကမ္ဘာ့ဘဏ်က အင်္ဂလိပ်လိုရေးတဲ့အပြင် တချို့ Term တွေကလည်း ရှင်းနိုးမှုသိပ်မရှိတာတွေများတဲ့အတွက် သူတို့ကို ပြန်ရှင်းပြပါတယ်။ ဒီလိုတွေလည်း ကျွန်တော်တို့ကလုပ်ပါတယ်။

နောက်တစ်ခုက ပိုပြီးလွယ်ကူအောင် ဝက်ဘ်ဆိုက် လုပ်ထားပါတယ်။ Doing Business စနစ်ကြီးတစ်ခုလုံးကို ကမ္ဘာ့ဘဏ်က ဘာလုပ်နေလဲသိချင်ရင် doingbusiness.org ဝက်ဘ်ဆိုက်မှာ ကြည့်လို့ရပါတယ်။ အဲဒီမှာ တစ်ကမ္ဘာလုံးက နိုင်ငံပေါင်း ၁၉၀ ရဲ့ Doing Business Report တွေ အကုန်ရှိပါတယ်။ မြန်မာနိုင်ငံရဲ့ Report လည်း ရှိပါတယ်။ မြန်မာနိုင်ငံအတွက် ကျွန်တော်တို့ဌာနက myanmardoingbusiness.org ဆိုပြီး ဝက်ဘ်ဆိုက်သီးသန့် လုပ်ထားပါတယ်။

အဲဒီဝက်ဘ်ဆိုက်ထဲမှာ အညွှန်းကိန်းတစ်ခုချင်းက ဌာနတစ်ခုချင်းရဲ့ လုပ်ထုံးလုပ်နည်းတွေ၊ လုပ်ငန်းအဆင့်တွေ အကုန်တင်ပေးထားပါတယ်။ တာဝန်ခံညွှန်ကြားရေးမှူးချုပ်တွေရဲ့ ပုံတွေပါတင်ပေးထားပါတယ်။ ဘယ်သူတွေ ဦးဆောင်လုပ်နေတယ်ဆိုတာ ပြည်သူတွေသိအောင် ဖြစ်ပါတယ်။ ကျွန်တော်တို့ဆီမှာ Standard Operating Procedure ဆိုတာဌာနတိုင်းမှာရှိတယ်။

သို့သော် တချို့ဌာနတွေမှာ ဒါကိုပီပီပြင်ပြင်မလုပ်နိုင်သေးပါဘူး။ မရှိသေးပါဘူး။ ရှိပြီးသားလက်ရှိ Procedureကို ကျွန်တော်တို့က အများပြည်သူ ပွင့်လင်းမြင်သာစွာ သိအောင် ဝက်ဘ်ဆိုက်ပေါ်တင်ပေးထားပါတယ်။ ဒါကိုလည်း ကြည့်ဖြစ်အောင် ကြည့်ကြပါလို့ ကျွန်တော်တင်ပြချင်ပါတယ်။ ဆရာတို့ရဲ့ Property နဲ့ပတ်သက်တာရော ဆရာမတို့ရဲ့ Contract တွေနဲ့ပတ်သက်တာတွေရောအကုန်လုံးရှိပါတယ်။

အခုတော့ သူတို့က လက်ရှိအတိုင်းတင်ထားပါတယ်။ အဲဒီ လက်ရှိအတိုင်းကိုပဲ တိုင်းတာတာဘာလဲ၊ အဆင့်ဘယ်လောက်လဲ။ အချိန်ဘယ်လောက်ကြာတယ်။ ကုန်ကျစရိတ်ဘယ်လောက်လဲ အဲဒါကိုတိုင်းတာတာ ဖြစ်ပါတယ်။ အဲဒီအတိုင်းသွားပြီး လုပ်ရင် လက်ရှိမှာ အဲဒီလိုဖြစ်မယ်။ ဒါကိုနောက်တစ်ဆင့်အနေနဲ့ပိုပြီးအဆင့်တွေ နည်းသွားအောင် လွယ်သွားအောင် လုပ်ပေးနေပါ တယ်။ တစ်ခုရှိတာက ကျွန်တော်တို့အခု Information Center တစ်ခုထောင်မယ်ဆိုတာက **“အဲဒီအတိုင်းလည်း လုပ်ပါတယ်။ ပြောတာတော့ အဲဒီလိုပဲ။ တကယ်လက်တွေ့ လုပ်တော့ မဖြစ်ပါဘူး”** ဆိုတဲ့သူတွေအတွက် Complaint Center လို Information Center မှာ လာပြောရင် ကျွန်တော်တို့က သက်ဆိုင်ရာတွေကို ချိတ်ဆက်ပြီး အကူအညီပေးမယ်။

တစ်ခါတလေကျတော့ အစိုးရဌာနမှာက ဝန်ထမ်းတွေက အပြောင်းအရွှေ့တွေ ရှိပါတယ်။ ဒီလုပ်ငန်းကို လုပ်နေတဲ့သူက ပြောင်းသွားလို့ နောက်တစ်ယောက်က ရုတ်တရက်နားမလည်တာ၊ မဖြေတတ်တာ ဒါတွေလည်း အမြဲတွေ့ရပါတယ်။ ကျွန်တော်တို့လည်း Training တွေ ပေးနေပါတယ်။ ဒါကြောင့် သက်ဆိုင်ရာဌာနတွေက Doing Business နဲ့ပတ်သက်တဲ့ Focal Officer တွေကို တာဝန်ပေးထားပြီး သူတို့ကိုအမြဲတမ်း Training တွေပေးနေပါတယ်။ ပေးနေတဲ့ကြားထဲကပဲ အပြောင်းအရွှေ့ရှိလို့ သွားရင်လည်း ထပ်ပေးနေပါတယ်။ ဒါလေးတွေကို သူတို့က လည်း ကျွမ်းကျင်လာပြီး လွယ်ကူအောင် ကျွန်တော်တို့က တတ်နိုင်သမျှ ဆောင်ရွက်ပေးနေပါတယ်။

နောက်တစ်ဆင့်အနေနဲ့ ခုနပြောတဲ့ Doing Business Complaint Center တစ်ခု ဖွင့်လိုက်နိုင်ပြီဆိုရင်အဲဒီစင်တာနဲ့ သက်ဆိုင်ရာ ဌာနက Information Counter နဲ့ချိတ်ဆက်ပြီး သူတို့သိချင်တာကို ကျွန်တော်တို့ရှင်းပြပါမယ်။ Doing Business Procedure တစ်ခုစီကိုလည်း ပြည်သူလူထုသိအောင် Seminar တွေ လုပ်ပေးမယ်။ နောက်ပြီး တကယ်လုပ်ရင်လည်း ဒီလိုမဖြစ်ဘဲခက်နေတယ်ဆိုရင် သူတို့ပြန်ပြီး Complaint လုပ်နိုင်အောင် ကျွန်တော်တို့က စီစဉ်ပေးမယ်။

ခုနပြောသလို အပေါ်က မူဝါဒချမှတ်တဲ့ လုပ်ငန်းစဉ်နဲ့ လက်တွေ့လုပ်ငန်းရှင်တွေက အကျိုးကျေးဇူးရတာနဲ့ တစ်ထပ်တည်းဖြစ်သွားမယ်။ အခုအချိန်မှာတော့ Complaint တွေက ရှိနေတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေ ကိုယ်တိုင်က Complaint လုပ်တာတွေကရှိနေတုန်းပါ။ ဒါကြောင့် ကျွန်တော်တို့က ဒီတစ်ဆင့်ကို ဆက်ကြိုးစားမယ်။ အဲဒါဆိုရင်ဒီနှစ်အတွက် ပိုပြီးသိသာတဲ့ အကျိုးရလဒ်တွေရလာမယ်လို့ ကျွန်တော်တို့က ယုံကြည်ပါတယ်။

**အစီအစဉ်မှူး ။ ။ Ease of Doing Business နဲ့ပတ်သက်ပြီး ဘာများထပ်ပြီး ဖြည့်စွက်ဆွေးနွေးစရာလိုပါသေးလဲခင်ဗျာ။**

**ဦးအောင်စိုး** ။ ။ ကိုဇေယျ ပြောသလိုပါပဲ Mindset တွေ ပြောင်းရတာပါတယ်။ Doing Business ဆိုတာအရင်တုန်းကအစိုးရပဲ။ အစိုးရဌာနလာရင် လုပ်ပေးလိုက်တယ်။ စောင့်စရာရှိလည်းစောင့်၊ ကြာရင်လည်းကြာဆိုတဲ့ အတွေးအခေါ်တွေကို ကျွန်တော်တို့ ပြောင်းပေးနေရတာပါ။ အဲဒီတော့ ကျွန်တော်တို့သည် ပြည်သူ့ဝန်ဆောင်မှုပေးတယ်။ စီးပွားရေးကဏ္ဍ၊ စီးပွားရေးလုပ်ငန်းတွေ လွယ်ကူအောင်ဝန်ဆောင်မှုပေးနေတာဖြစ်ပါတယ်။

ပြည်သူတွေကလည်း ဒီစီးပွားရေး လုပ်ငန်းတွေအတွက် အခွန်တွေ ဆောင်နေရပါတယ်။ အဲဒီဆောင်တဲ့အခွန်တွေနဲ့ ကျွန်တော်တို့လခတွေ ရနေပါတယ်။ ဒီလုပ်ငန်းရှင်နဲ့ အစိုးရဝန်ထမ်းက တကယ်တော့ Shareholders တွေပါ။ ကျွန်တော်တို့ ပူးပေါင်းဆောင်ရွက်တဲ့ Mindset ကိုပြောင်းရတယ်။ ကျွန်တော်တို့ကလည်းမြန်အောင်လုပ်ပေးပါတယ်။ သူတို့ကလည်း လုပ်ငန်းအောင်မြင်ရင် ဝင်ငွေပိုရမယ်၊ အခွန်ပိုဆောင်မယ်၊ ကျွန်တော်တို့လည်း အကျိုးခံစားရမယ်။

ဒီလို Mindset မျိုးဖြစ်လာအောင် ကျွန်တော်တို့က သင်ကြားပေးပါတယ်။ အဲဒီလိုနည်းအားဖြင့် သူတို့လာရင် ကျွန်တော်တို့က သတ်မှတ်တဲ့အချိန်အတွင်းမှာ ဝန်ဆောင်မှုပေးနိုင်ရမယ်။ အချိန်ဆွဲထားတာ၊ မလိုအပ်ဘဲ ကြန့်ကြာတာ၊ ခက်ခဲတာတွေ မဖြစ်အောင် ကျွန်တော်တို့ လုပ်ပေးမယ်။ ဒါကကျွန်တော်တို့အဓိကပြောင်းလာတဲ့ Mindset ကို ပုံဖော်ပေးတာဖြစ်ပါတယ်။

နောက်တစ်ခုက လက်ရှိအခြေအနေမှာ ၂၀၁၄ ခုနှစ်ကစပြီး ကြိုးစားခဲ့တဲ့အတွက် အဆင့်အတိုင်းအတာလေးတစ်ခု တက်လာပေမယ့်လည်း အာဆီယံနိုင်ငံတွေထဲမှာ ကျွန်တော်တို့သည် အခုထိနောက်ဆုံးပါ။ ကျွန်တော်တို့က ပျော်မွေ့ပြီး ကျေနပ်နေလို့ရတဲ့ အနေအထားမဟုတ်ဘူး။ ကျွန်တော်တို့သည် အနည်းဆုံးအဆင့် ၁၀၀ရဲ့အထက်ကို မှန်းထားပါတယ်။ ကျွန်တော်တို့ရဲ့ လုပ်ငန်းရှင်တွေဟာ ကျေနပ်လောက်တဲ့ အဆင့်၊ လုပ်ငန်းလွယ်ကူချောမွေ့တဲ့အဆင့်ကိုရောက်မယ်။ ကျွန်တော်တို့သည် ဆက်ပြီး ကြိုးစားဖို့ လိုပါသေးတယ်။ ကျွန်တော်တို့သည် ကျေနပ်လောက်တဲ့လုပ်ငန်းတွေ တကယ် ကောင်းတဲ့အဆင့်ကို မရောက်သေးပါဘူး။ စပြီးတိုးတက်တဲ့ အဆင့်၊ အရှိန်စရလာတဲ့အဆင့်ပဲ ရှိသေးပါတယ်။

ဒါကြောင့် သက်ဆိုင်ရာဌာနအသီးသီးက ဆက်ပြီးကြိုးစားရဦးမယ်။ ကျွန်တော်တို့သည် ကျေနပ်နေလို့မရဘူး။ နောက်တစ်ခုက နိုင်ငံတော်အကြီးအကဲတွေ၊ ဌာနအကြီးအမှူးတွေ၊ အရာရှိကြီးတွေက ဒါကို ဦးဆောင်ပြီး လုပ်နေပေမယ့်လည်း အောက်က ဝန်ထမ်းအဆင့်ဆင့်လိုက်ပါအောင်စည်းရုံးဖို့၊ တိုက်တွန်းဖို့၊ သင်ကြားပြသပေးဖို့လိုပါတယ်။ ဒါမှသာ လက်တွေ့ လုပ်ငန်းရှင်တွေက ခံစားရမယ်။ အဲဒီအဆင့်ကို ကျွန်တော်တို့ရောက်အောင် သွားရမယ်။

ဒါဆိုရင်တက်ညီလက်ညီနဲ့ ကျွန်တော်တို့ရဲ့ Doing Business လုပ်ငန်းစဉ်ကြီးက လွယ်ကူချောမွေ့သွားရင် စီးပွားရေးလုပ်ငန်းရှင် တွေလည်း စိတ်ချမ်းသာမယ်။ ပြည်ပရင်းနှီးမြှုပ်နှံသူတွေလည်း ဒီမှာလာရောက်လုပ်ကိုင်ရတာကို ကျေနပ်မယ်။ ဒါဆိုရင် ကျွန်တော်တို့တွေအားလုံး အကျိုးခံစားရမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီနှစ်မှာတော့ လက်ရှိအဆင့်တွေ ကို လုပ်နိုင်တဲ့အဆင့်ကိုပဲ အမှန်တကယ်လက်တွေ့ ဝက်ဘ်ဆိုက်အပေါ်တင်ထားတဲ့ လုပ်ငန်းအဆင့်တွေ၊ လုပ်ငန်းစဉ်တွေအတိုင်း တကယ်လုပ်ဖြစ်အောင်လုပ်နိုင်အောင်၊ ဝန်ဆောင်မှုပေးနိုင်အောင်လုပ်ကြဖို့ ဌာနအသီးသီးကို တိုက်တွန်းချင်ပါတယ်။

နောက်တစ်ဆင့်က အဲဒီထက်ပိုကောင်းတဲ့ အဆင့်ကို တဖြည်းဖြည်းချင်း တက်သွားမယ်။ ကျွန်တော့်အနေနဲ့ ပူးပေါင်းဆောင်ရွက်တဲ့၊ အဖြေလွှာတွေ ဖြေပေးတဲ့ လုပ်ငန်းရှင်တွေရော၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်က ကိုဇေယျအပါအဝင် တာဝန်ရှိသူတွေ အားလုံးနဲ့ သက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်တဲ့ဌာနတွေ အားလုံးကို တာဝန်ခံဝန်ကြီးဌာနအနေနဲ့ ကျေးဇူးတင်ကြောင်း ပြောကြားလိုပါတယ်။

**အစီအစဉ်မှူး ။ ။ ဟုတ်ကဲ့ ခင်ဗျာ။ အခုဆိုရင် ကျွန်တော်တို့ Ease of Doing Business နဲ့ပတ်သက်လို့ သိသင့်သိထိုက်တဲ့ အကြောင်းအရာတွေကို အစိုးရနဲ့ ပုဂ္ဂလိကကဏ္ဍက စိတ်ရှည်၊ လက်ရှည်လာရောက်ဖြေကြားပေးသွားတဲ့အတွက်ပြည်သူတွေကိုယ်စား ကျေးဇူးတင်ပါတယ်ခင်ဗျာ။**

**ဦးအောင်စိုး** ။ ။ ကျွန်တော်တို့ကလည်း အခုလို ပြောကြားခွင့်ရတဲ့အတွက် ကျေးဇူးတင်ကြောင်း ပြောကြားလိုပါတယ်။ ။

# ပြည်သူ့လွှတ်တော်သို့ လာရောက်လေ့လာကြည့်ရှု

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၅) ကြိမ်မြောက် ပုံမှန်အစည်းအဝေးနဝမနေ့တွင် နေပြည်တော် ပုဗ္ဗသီရိမြို့နယ် အခြေခံပညာ အထက်တန်းကျောင်း (ခွဲ) သပြေကုန်းမှ အလယ်တန်းပြ ဒေါ်ခိုင်နှင်းဝေ ဦးဆောင်သည့် ကြီးကြပ်သူ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၁၇၂ ဦးတို့သည် ယနေ့ နံနက် ၁၀ နာရီတွင် ကျင်းပသည့် ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ တက်ရောက်လေ့လာပြီး လွှတ်တော်အဆောက်အအုံများကို လေ့လာကြည့်ရှုခဲ့ကြသည်။

ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် ပထမ ပုံမှန်အစည်းအဝေးစတင်ကျင်းပသည့် နေ့ရက်မှ ယနေ့အထိပြည်သူ့လွှတ်တော်သို့ လာရောက်လေ့လာသည့် ပြည်တွင်းဧည့်သည် ၆၁၃၇၃ ဦးနှင့် ပြည်ပဧည့်သည် ၂၄၇၈ဦး စုစုပေါင်း ဧည့်သည် ၆၃၈၅၁ ဦး ရှိပြီဖြစ်ကြောင်းနှင့် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုလွှတ်တော်သို့ လာရောက်လေ့လာလိုပါက ပြည်သူ့လွှတ်တော်ရုံး၊ အမျိုးသား လွှတ်တော်ရုံး၊ ပြည်ထောင်စုလွှတ်တော်ရုံးတို့မှ သက်ဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်တို့ထံ လိပ်မူပြီး အစိုးရရုံးပိတ်ရက်များမပါ (၃) ရက် ကြိုတင်ပေးပို့လျှောက်ထားနိုင်ပါကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အမျိုးသားလွှတ်တော်သို့ လာရောက်ကြည့်ရှုလေ့လာ

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

နေပြည်တော် ပုဗ္ဗသီရိမြို့နယ် အခြေခံပညာအထက်တန်းကျောင်း(ခွဲ) သပြေကုန်းမှ ဆရာ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများစုစုပေါင်း ၁၇၃ ဦးတို့သည် အမျိုးသားလွှတ်တော်သို့ လာရောက်လေ့လာကြကြောင်းသိရသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အစည်းအဝေးစတင်ကျင်းပသည့်ရက်မှ ယနေ့အထိ အမျိုးသားလွှတ်တော်သို့ လာရောက်သည့်ဧည့်သည်စုစုပေါင်းမှာပြည်တွင်းဧည့်သည် ၂၂၆၃၈ ဦးနှင့် ပြည်ပဧည့်သည် ၂၃၀၃ ဦးရှိကြောင်း၊ လွှတ်တော်သို့လာရောက်လေ့လာလိုပါက ပြည်ထောင်စု လွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံးနှင့် အမျိုးသားလွှတ်တော်ရုံးတို့မှ သက်ဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်များထံလိပ်မူ၍ သုံးရက်ကြိုတင်ဆက်သွယ်သတင်းပေးပို့နိုင်ပါကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် နီပေါနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား တွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် နီပေါနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌ Mr.Kishor Shrestha နှင့် အဖွဲ့ဝင်များအား ယနေ့ ညနေ ၄ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန၊ လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် နီပေါနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌ Mr.Kishor Shrestha က နီပေါနိုင်ငံသတင်းမီဒီယာကောင်စီ၏ ဖွဲ့စည်းပုံ၊ လုပ်ငန်းဆောင်ရွက်ချက်များ၊ မီဒီယာလုပ်ငန်းဆိုင်ရာ ဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် နီပေါနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌတို့သည် လက်ဆောင်များ အပြန်အလှန်ပေးအပ်ကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဟံသာဝတီ ဦးအုန်းကြိုင်၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာ မျိုးသန့်တင်နှင့် အဖွဲ့ဝင်များ၊ နီပေါနိုင်ငံသတင်းမီဒီယာကောင်စီမှ အဖွဲ့ဝင်များ၊ ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

သတင်းစဉ်



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် နီပေါနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ Mr.Kishor Shrestha နှင့် အဖွဲ့ဝင်များအား တွေ့ဆုံစဉ်။ သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး ကျောင်းသုံးပြဋ္ဌာန်းစာအုပ် အရည်အသွေးစံသတ်မှတ်ချက်ပြည့်မီရေး ဆွေးနွေးပွဲတက်ရောက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

ပညာရေးဝန်ကြီးဌာန အခြေခံပညာ ကျောင်းသုံးပြဋ္ဌာန်းစာအုပ် အရည်အသွေး စံသတ်မှတ်ချက်ပြည့်မီရေး ဆွေးနွေးပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲတွင် ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ယနေ့ကျင်းပသည့် ကျောင်းသုံးပြဋ္ဌာန်း စာအုပ်များ အရည်အသွေး စံသတ်မှတ်ချက် ပြည့်မီရေးဆွေးနွေးပွဲတွင် အရည်အသွေး စံသတ်မှတ်ချက်နှင့်အညီ စစ်ဆေးရမည့် နည်းပညာရပ်များကို ခရိုင်ပညာရေးမှူးရုံးများမှ အရည်အသွေး စိစစ်ရေးနှင့် လက်ခံရေး တာဝန်ရှိသူများက တက်ကြွစွာ ဆွေးနွေးပေးရန်နှင့် ရှင်းရှင်းလင်းလင်း နားလည်သဘောပေါက်ရန် မေးမြန်း ဆွေးနွေးကြစေလိုပါကြောင်း၊ ယခုဆွေးနွေးပွဲမှရရှိသွားသည့် နည်းပညာများကို မိမိတို့၏ ခရိုင်အတွင်းတွင်ရှိသည့် ကျောင်းသားလူငယ်များအတွက် အရည်အသွေးရှိသော စံသတ်မှတ်ချက်နှင့် ပြည့်မီသည့် ပြဋ္ဌာန်းစာအုပ်များကို အချိန်မီဖြန့်ဖြူးနိုင်ရန်အတွက် ပူးပေါင်းဆောင်ရွက်ပေးကြ စေလိုကြောင်း ပြောကြားသည်။

ထို့နောက် JICA (CREATE) Team မှ Project Coordinator Ms. Hikari Miyahara က ဆွေးနွေးပွဲနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဒုတိယပိုင်း အစီအစဉ်ကို ဆက်လက်ကျင်းပရာ ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုလေးဝင်းက အမှာစကားပြောကြားသည်။

ယင်းနောက် ပညာရေးသုတေသန၊ စီမံကိန်းနှင့်လေ့ကျင့်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းထွန်းက ကျောင်းသုံးပြဋ္ဌာန်းစာအုပ်ပြုစုရေးနှင့် ပတ်သက်၍ လည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ်တစ်ဦးက ကျောင်းသုံးပြဋ္ဌာန်းစာအုပ်ပုံနှိပ်ခြင်းလုပ်ငန်းစဉ်နှင့်ပတ်သက်၍ လည်းကောင်း၊ JICA (CREATE) Team မှ Mr. Fumhaka Sato က ကျောင်းသုံးပြဋ္ဌာန်းစာအုပ် ပုံနှိပ်ထုတ်လုပ်ရေးနှင့် အရည်အသွေး စံသတ်မှတ်ချက် ပြည့်မီရေးအတွက် စိစစ်သည့် နည်းပညာများအား လည်းကောင်း၊ JICA (CREATE) Team မှ Ms. Hikari Miyahara က သင်ရိုးသစ် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်ပြုစုခြင်း လုပ်ငန်းစဉ်များကို လည်းကောင်း ရှင်းလင်းဆွေးနွေးပြောကြားကြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက် လာကြသူများက ကျောင်းသုံးပြဋ္ဌာန်းစာအုပ် အရည်အသွေး စံသတ်မှတ်ပြည့်မီရေးနှင့် စပ်လျဉ်း၍ပြန်လည်ဆွေးနွေးမေးမြန်းကြကြောင်း သိရသည်။

သတင်းစဉ်




ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး အခြေခံပညာ ကျောင်းသုံးပြဋ္ဌာန်းစာအုပ် အရည်အသွေး စံသတ်မှတ်ချက် ပြည့်မီရေး ဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

# မြန်မာ့အသံနှင့်ရုပ်မြင်သံကြား နိုင်ငံတော်သံစုံတီးဝိုင်းနှင့် ဂျပန်နိုင်ငံမှအနုပညာရှင်များ ပူးပေါင်းပြီး တေးဂီတဖျော်ဖြေပွဲကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၀**

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြား နိုင်ငံတော်သံစုံတီးဝိုင်းနှင့် ဂျပန်နိုင်ငံမှ အနုပညာရှင်များပူးပေါင်းပြီး "Myanmar National Symphony Orchestra Concerts 2020" တေးဂီတဖျော်ဖြေပွဲကိုယနေ့ ညပိုင်းက ရန်ကုန်မြို့ Novotel Hotel ၌ ကျင်းပသည်။

တေးဂီတဖျော်ဖြေပွဲသို့ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး မစ္စတာ အိချီရော့ မာရူယားမားနှင့် နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် တေးဂီတချစ်မြတ်နိုးသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သီချင်းနှင့် ဂျပန်နိုင်ငံ နိုင်ငံတော်သီချင်းတို့ဖြင့် အခမ်းအနားကို စတင်ဖွင့်လှစ်သည်။

ထို့နောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား နိုင်ငံတော်သံစုံတီးဝိုင်းနှင့် ဂျပန်နိုင်ငံမှ ဂီတစာဆို တီးဝိုင်းခေါင်းဆောင် Mr. Yunosuke Yamamoto (Conductor & Composer) ဦးဆောင်သည့် ဂျပန်အနုပညာရှင်များ ပူးပေါင်းကာ အနောက်တိုင်း မြူးဇစ်၊ မြန်မာဂန္ထဝင်သီချင်းနှင့် အနောက်တိုင်းသီချင်းများဖြင့် သီဆိုဖျော်ဖြေတင်ဆက်ကြသည်။

ယနေ့ ကျင်းပသည့် တေးဂီတဖျော်ဖြေပွဲကို ဖေဖော်ဝါရီ ၂၅ ရက်တွင် နေပြည်တော် MICC–II ၌ ညနေ ၆ နာရီမှ ည ၈ နာရီအထိ ဖျော်ဖြေတင်ဆက်မည်ဖြစ်ရာ အဆိုပါ ထူးခြားသည့် ဂန္ထဝင်ဂီတဆည်းဆာဖျော်ဖြေ ပွဲကို မည်သူမဆို အခမဲ့လာရောက် ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

မင်းသစ်(MNA)




မြန်မာ့အသံနှင့်ရုပ်မြင်သံကြား နိုင်ငံတော်သံစုံတီးဝိုင်းနှင့် ဂျပန်နိုင်ငံမှ အနုပညာရှင်များပူးပေါင်းပြီး "Myanmar National Symphony Orchestra Concerts 2020" တေးဂီတဖျော်ဖြေပွဲ ကျင်းပစဉ်။ ဓာတ်ပုံ – လှမိုး

◆ *ကျောဖုံးမှ*

နယ်သာလန်နိုင်ငံသား ဒီရစ်ဒါကို မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံစိန်ခေါ်ခွင့်ပေးရန် စီစဉ်ခဲ့သော်လည်း ဒဏ်ရာပြဿနာကြောင့် ချန်ပီယံဟောင်းဖြစ်သူ ဗစ်တာလီဘစ်ဒက်ရှ်ကို စိန်ခေါ်ခွင့်ပေးခဲ့ခြင်းဖြစ်သည်။ အောင်လအန်ဆန်သည် ဘစ်ဒက်ရှ်ကို အနိုင်ယူ၍ မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံဖြစ်လာသူဖြစ်ပြီး ပြိုင်ဘက်ဟောင်းနှင့် တစ်ကျော့ပြန် တွေ့ဆုံခြင်းဖြစ်သည်။ အောင်လအန်ဆန်နှင့် ဘစ်ဒက်ရှ်သည် သုံးကြိမ်မြောက် တွေ့ဆုံခြင်းဖြစ်ပြီး တစ်ပွဲနိုင်၊ တစ်ပွဲရှုံးနိမ့်ထားသည်။ အောင်လအန်ဆန်သည် ၂၀၁၇ ခုနှစ် ဇန်နဝါရီက အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပသည့်ပွဲတွင် ဘစ်ဒက်ရှ်၏ မစ်ဒယ်ဝိတ်တန်းကမ္ဘာ့ချန်ပီယံဆုကို စိန်ခေါ်ခွင့်ရခဲ့ပြီး ယင်းပွဲအတွက် ကြိုတင်ပြင်ဆင်ချိန်မရဘဲ ယခင်စီစဉ်ထားသူ နုတ်ထွက်သွား၍ အစားထိုးယှဉ်ပြိုင်ရသဖြင့် ပြင်ဆင်ချိန်နည်းခဲ့သောကြောင့် အမှတ်ဖြင့် အရေးနိမ့်ခဲ့ရသည်။ သို့သော် ယင်းပွဲတွင် အမှတ်ဖြင့် အရေးနိမ့်ပါက ခြောက်လအကြာတွင် ပြန်လည်စိန်ခေါ်ခွင့်ရှိကြောင်း သဘောတူညီမှုရရှိထားရာ အောင်လအန်ဆန်သည် ၂၀၁၇ ခုနှစ် ဇွန်လတွင် ဘစ်ဒက်ရှ်ကို ရန်ကုန်မြို့၌ ပြန်လည်စိန်ခေါ်ခဲ့ရာ အမှတ်ဖြင့်အနိုင်ယူပြီး မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံဆုကို ပထမဆုံးရယူနိုင်ခဲ့သည်။ အောင်လအန်ဆန်သည် မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံဆုရရှိထားပြီး နှစ်နှစ်ကျော်ကာလအတွင်း ချန်ပီယံကာကွယ်ပွဲ သုံးပွဲထိုးသတ်ထားကာ ယခုပွဲမှာ လေးပွဲမြောက် ထိုးသတ်ခြင်းဖြစ်သည်။ အောင်လအန်ဆန်သည် ချန်ပီယံကာကွယ်ပွဲအဖြစ် ဂျပန်နိုင်ငံသား ဟဆဲဂါဝါနှင့် နှစ်ပွဲ၊ လက်ဘနွန်နိုင်ငံသား ကရာကီနှင့် တစ်ပွဲ ထိုးသတ်ခဲ့ရာ သုံးပွဲစလုံး ဒိုင်ပွဲရပ်ဖြင့် အနိုင်ရခဲ့သည်။

အောင်လအန်ဆန်သည် ၂၀၂၀ ပြည့်နှစ်တွင် ပထမဆုံးပွဲအဖြစ် မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံဆုကာကွယ်ပွဲ ထိုးသတ်ရခြင်းဖြစ်ပြီး နောက်ဆုံးပွဲအဖြစ် ၂၀၁၉ ခုနှစ် အောက်တိုဘာလက လိုက်ဟဲဗီးဝိတ်တန်း ကမ္ဘာ့ချန်ပီယံဆုကာကွယ်ပွဲအဖြစ် ဖိလစ်ပိုင်နိုင်ငံသား ဘရန်ဒန်ဗီရာနှင့် ထိုးသတ်ခဲ့ရာ ဒုတိယအချီတွင် အနိုင်ရရှိခဲ့သည်။

ညီမြတ်သော်တာ

# ဝူဟန်ရောက် မြန်မာကျောင်းသားများကို ပြန်လည်ခေါ်ဆောင်ခဲ့သည့် လေယာဉ်မှူးကြီးနှင့်အဖွဲ့သားများအား ဂုဏ်ပြုပွဲကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝူဟန်မြို့၌ သွားရောက်ပညာသင်ယူနေသည့် ပညာတော်သင် ဝန်ထမ်းများအား COVID-19 ရောဂါကူးစက်မှုမှ ကာကွယ်ရန် သွားရောက်ခေါ်ယူရာတွင် Myanmar National Airline မှ စေတနာ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည့် လေယာဉ်မှူးကြီးနှင့် လေယာဉ်အဖွဲ့သားများအား ဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့ညနေပိုင်းက နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က မိမိတို့နိုင်ငံအနေဖြင့် တခြားနိုင်ငံများတွင် ရောက်ရှိနေသည့် နိုင်ငံသားများအား အတတ်နိုင်ဆုံး ကူညီစောင့်ရှောက်ပေးလျက်ရှိပါကြောင်း၊ ယခုဖြစ်စဉ်တွင် နိုင်ငံတော်အကြီးအကဲများ၊ ဆက်စပ်ဝန်ကြီးဌာနများ၊ ပြည်သူများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုကြောင့် အတတ်နိုင်ဆုံးနှင့် အမြန်ဆုံး ကူညီဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပါကြောင်း၊ နိုင်ငံပြုပြင်ပြောင်းလဲရေးများ လုပ်ဆောင်နေချိန်တွင် လေယာဉ်မှူးကြီးနှင့် အဖွဲ့သားများကဲ့သို့ ကိုယ်ကျိုးစွန့် အနစ်နာခံသူများ အလွန်လိုအပ်ပါကြောင်း၊ စံနမူနာကောင်းများဖြစ်သည့်အတွက် ဌာနအတွက်သာမက နိုင်ငံအတွက်ပါ ကောင်းသောအစဉ်အလာဖြစ်သောကြောင့် ဂုဏ်ပြုပါကြောင်း ပြောကြားသည်။



ထို့နောက် မြန်မာအမျိုးသားလေကြောင်းလိုင်း၊ အမှုဆောင်အရာရှိချုပ် ဦးသန်းထွန်းက စေတနာ့ဝန်ထမ်း လေယာဉ်မှူးကြီးနှင့် လေယာဉ်အဖွဲ့သားများအား ကျေးဇူးတင် ဂုဏ်ပြုစကား ပြောကြားသည်။

ယင်းနောက် စေတနာ့ဝန်ထမ်း လေယာဉ်မှူးကြီးနှင့် လေယာဉ်အဖွဲ့သားများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ရာ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က မြန်မာအမျိုးသားလေကြောင်း၊ အမှုဆောင်အရာရှိချုပ် ဦးသန်းထွန်း၊ လေယာဉ်မှူးကြီး ဦးခုပ်ခန့်မုံနှင့် လေယာဉ်မှူးကြီး ဦးမျိုးလွင်ဦးတို့အား လည်းကောင်း၊ ဒုတိယဝန်ကြီး ဦးကျော်မျိုးက ဒုတိယလေယာဉ်မှူးကြီး ဦးစံမင်းကျော်နှင့် အင်ဂျင်နီယာမှူးကြီး ဦးအောင်ချိုတို့အား လည်းကောင်း၊ ဒုတိယဝန်ကြီး ဦးသာဦးက အင်ဂျင်နီယာမှူးကြီး ဦးအောင်ဇင်နှင့် ဒုတိယအထွေထွေမန်နေဂျာ ဦးကျော်ဇေယျတို့အား လည်းကောင်း ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးဝင်းခန့်က မန်နေဂျာ (လေယာဉ်မောင်) ဦးသန်းကျော်ဌေးနှင့် အကြီးတန်းလေယာဉ်မောင် ဦးဝဠာဝင့်တို့အား လည်းကောင်း၊ အမှုဆောင်အရာရှိချုပ် ဦးသန်းထွန်းက အကြီးတန်း လေယာဉ်မောင်များဖြစ်ကြသည့် ဦးရဲမြတ်အောင်နှင့် ဦးအာကာလင်းတို့အားလည်းကောင်း ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် လေယာဉ်မှူးကြီး ဦးခုပ်ခန့်မုံက ခရီးစဉ်တွင် စေတနာ့ဝန်ထမ်းအဖြစ် လိုက်ပါတာဝန်ထမ်းဆောင်ခဲ့ကြသည့် လေယာဉ်အဖွဲ့သားများကိုယ်စား ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် အမှုဆောင်အရာရှိချုပ်တို့သည် စေတနာ့ဝန်ထမ်း လေယာဉ်မှူးကြီးနှင့် လေယာဉ်အဖွဲ့သားများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။ **(အပေါ်ဝဲပုံ)**

ဂုဏ်ပြုပွဲ အခမ်းအနားသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဟန်လင်းနိုင်(သတင်းစဉ်)**

## ICOE အစီရင်ခံစာနှင့်စပ်လျဉ်း၍ တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့က သတင်းထုတ်ပြန်

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

ICOE အစီရင်ခံစာနှင့် စပ်လျဉ်း၍ တပ်မတော်သတင်းမှန် ပြန်ကြားရေးအဖွဲ့က သတင်းထုတ်ပြန်ချက်တစ်ရပ်ကို ယနေ့တွင် ထုတ်ပြန်လိုက်ကြောင်း သိရသည်။

အဆိုပါ ထုတ်ပြန်ချက်တွင် လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင် (Independent Commission of Enquiry – ICOE) ၏ အပြီးသတ်အစီရင်ခံစာအား ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီ ၂၁ ရက်တွင် ထုတ်ပြန်ခဲ့ပါကြောင်း၊ ယင်းအပြီးသတ်အစီရင်ခံစာနှင့် နောက်ဆက်တွဲ(၃၀)တို့ကို တပ်မတော်က အပြည့်အစုံ လက်ခံရရှိခဲ့ပါကြောင်း၊ ယင်းအစီရင်ခံစာအပေါ် တပ်မတော်က အသေးစိတ် လေ့လာသုံးသပ်မှုများ ပြုလုပ်လျက်ရှိပါကြောင်း။

အစီရင်ခံစာပါ ဖြစ်စဉ်များအနက် ဂူတာပြင်ရွာဖြစ်စဉ်အား အရေးယူဆောင်ရွက်ဆဲဖြစ်ပြီး အင်းဒင်ရွာဖြစ်စဉ်မှာ အရေးယူဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်း၊ ဂူတာပြင်ရွာဖြစ်စဉ်နှင့် စပ်လျဉ်းသည့် စစ်တရားရုံး(Court-Martial) စစ်ဆေးဆောင်ရွက်မှု အခြေအနေအား မကြာမီ သတင်းထုတ်ပြန်ပေးသွားမည်ဖြစ်ပါကြောင်း။

တပ်မတော်အနေဖြင့် အစီရင်ခံစာပါ ကျန်ဖြစ်စဉ်များအနက် မောင်နုရွာနှင့် ချွတ်ပြင်ရွာဖြစ်စဉ်တို့အား လေ့လာသုံးသပ် စိစစ်ခဲ့ပြီးဖြစ်ပါကြောင်း၊ ယင်းဖြစ်စဉ်များအပေါ် စုံစမ်းစစ်ဆေးရေးခုံရုံး (Court of Inquiry) ဖြင့် စစ်ဆေးဆောင်ရွက်သွားမည်ဖြစ်ပြီး စစ်ဘက်တရားစီရင်ရေး၏ လုပ်ငန်းစဉ်များအတိုင်း စစ်တရားရုံးဖြင့် စစ်ဆေးစီရင်ခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

အစီရင်ခံစာပါ ကျန်ဖြစ်စဉ်များကိုလည်း ဆက်လက်၍ လေ့လာသုံးသပ်စိစစ်လျက်ရှိကြောင်း စစ်ဥပဒေချုပ်ရုံးမှ သတင်းရရှိသည်ဟု ဖော်ပြထားသည်။

**သတင်းစဉ်**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ရွှေလင်ပန်းတန်ဖိုးနည်းအိမ်ရာအပိုင်း (၁)၊ ရွှေနှင်းဆီလမ်း၊ တိုက် (၁၀)၊ အခန်း (၁၀၁)တွင် ပါတီရုံးချုပ်တည်ရှိသော **၈၈ မျိုးဆက်ညီနောင်ပါတီ (THE 88 GENERATION BROTHERHOOD PARTY)**က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေ ပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၈-၁-၂၀၂၀ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေ ၁၄ (ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

**၈၈ မျိုးဆက်ညီနောင်ပါတီ (THE 88 GENERATION BROTHERHOOD PARTY) ၏ အလံပုံစံ**



**၈၈ မျိုးဆက်ညီနောင်ပါတီ (THE 88 GENERATION BROTHERHOOD PARTY)၏ တံဆိပ်ပုံစံ**




ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## မြန်မာနိုင်ငံ နယ်စပ်ဒေသဖွံ့ဖြိုးရေးအသင်း ဂုဏ်ပြုပွဲကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၀**

နယ်စပ်ဒေသ၊ ကျေးလက်ဒေသရှိ ပြည်သူများအတွက် ပညာရေး၊ ကျန်းမာရေး၊ အသက်မွေးဝမ်းကျောင်း ထောက်ပံ့ရေးနှင့် ပြန်လည်ထူထောင်ရေး၊ မူးယစ်အန္တရာယ် တိုက်ဖျက်ရေးတို့ကို စီမံချက်ချမှတ်ကာ စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံ နယ်စပ်ဒေသဖွံ့ဖြိုးရေးအသင်းမှ အသင်းနာယကနှင့် အမှုဆောင်များ၊ ဂုဏ်ထူးဆောင်သံတမန်တို့အား ဂုဏ်ပြုပွဲကို ဖေဖော်ဝါရီ ၁၉ ရက်က ရန်ကုန်မြို့ Park Royal Hotel ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် နယ်စပ်ဒေသဖွံ့ဖြိုးရေးအသင်းဥက္ကဋ္ဌ ဦးမောင်မောင်စိုးတင့်က ဂုဏ်ပြုစကားပြောကြားပြီး ၂၀၁၉ ခုနှစ် နိုင်ငံတော်သမ္မတက ချီးမြှင့်သော အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတရဘွဲ့ရရှိသည့် အသင်းနာယက ဦးကိုကိုထွေး၊ Asean က ချီးမြှင့်သော Asean Outstanding Engineering Achievement Award (2019) 1 Prize ရရှိသည့် အသင်းနာယက ဒေါက်တာစိန်မြင့်၊ Asean က ချီးမြှင့်သော Outstanding Asean Women Entrepreneurs Award (2016) ရရှိသည့် အသင်းအမှုဆောင် ဒေါ်မြတ်သန္တာ၊ နိုင်ငံတော်သမ္မတက ချီးမြှင့်သော သီဟသုဓမ္မသီဂီဘွဲ့ ရရှိသည့် အသင်းအမှုဆောင် ဒေါ်နွယ်နွယ်ဌေး၊ အသင်း၏ ဂုဏ်ထူးဆောင်သံတမန် ရုပ်ရှင်သရုပ်ဆောင် စမိုင်းလ်တို့အား အသင်း၏ နာယက ဒေါက်တာသန်းဦးက ဂုဏ်ပြုလွှာပေးအပ်သည်။



မြန်မာနိုင်ငံ နယ်စပ်ဒေသဖွံ့ဖြိုးရေးအသင်းနာယက ဒေါက်တာသန်းဦး ဂုဏ်ထူးဆောင်သံတမန် ရုပ်ရှင်သရုပ်ဆောင် စမိုင်းလ်အား ဂုဏ်ပြုလွှာပေးအပ်စဉ်။

မြန်မာနိုင်ငံ နယ်စပ်ဒေသဖွံ့ဖြိုးရေးအသင်းကို ၁၉၉၅ ခုနှစ်က တည်ထောင်ခဲ့ပြီး ပြည်သူလူထု၏ လူနေမှုဘဝ မြှင့်တင်ရေးအတွက် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည်။ ပညာရေးလုပ်ငန်းများကို Unicef, Unesco ၊ စင်ကာပူ၊ ဩစတြေးလျ၊ အမေရိကန်နိုင်ငံတို့ရှိ တက္ကသိုလ်များ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ခဲ့သည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ဆေးကုသရေးခရီး ၃၆ ကြိမ် သွားရောက်ကာ လူနာပေါင်း ထောင်ချီ၍ ကုသပေးနိုင်ခဲ့ပြီး အသေးစား ငွေကြေးစီမံချက်ဖြင့် အိမ်ထောင်စု ရှစ်ထောင်ကျော်ကို ကူညီပံ့ပိုးလျက်ရှိသည်။ ဤလုပ်ငန်းများတွင် တက်ကြွစွာ ဆောင်ရွက်ကြသည့် အသင်း၏ နာယကများ၊ အမှုဆောင်များနှင့် အလှူရှင်များအား ဂုဏ်ပြုပွဲ ၁၃ ကြိမ် ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

**မြန်မာ့အလင်း**

## ပြင်ဆင်ဖတ်ရှုပါရန်

၂၀-၂-၂၀၂၀ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၃၂ တွင် ပါရှိသည့် MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၇)တွင် ဇယားထိပ်ပိုင်းမှ အသင်းများ ထိပ်တိုက်တွေ့ဆုံ သတင်း၏ပုံစာကို **၂၀၂၀ ရာသီ MNL ပွဲစဉ်တစ်ပွဲ** ဟု ပြင်ဆင်ဖတ်ရှုပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။ **စာတည်းအဖွဲ့**

# ရန်ကုန်မြို့ သံဈေးတွင် မီးလောင်မှုဖြစ်ပွားကာ ဆိုင်ခန်း ၄၂ ခန်းမီးလောင်ဆုံးရှုံး နိုင်ငံခြားသားများအပါအဝင် ပိတ်မိနေသူ ၈၀ ကျော်ကို ကယ်ထုတ်နိုင်ခဲ့

**ရန်ကုန် ဖေဖော်ဝါရီ ၂၀**

ရန်ကုန်မြို့ လသာမြို့နယ် အမှတ်(၂) ရပ်ကွက် လမ်းမတော်လမ်းရှိ သံဈေးတွင် ဖေဖော်ဝါရီ ၂၀ ရက် နံနက် ၆ နာရီ ၁၀ မိနစ်ခန့်က မီးလောင်မှုဖြစ်ပွားရာ ဈေးဆိုင်ခန်း ၄၂ ခန်း မီးလောင်ဆုံးရှုံးခဲ့ကာ အဆိုပါ အဆောက်အအုံအတွင်း ပိတ်မိနေသူများကို မီးသတ် တပ်ဖွဲ့က ဘေးအန္တရာယ်ကင်းစွာ ကယ်ထုတ်နိုင်ခဲ့ ကြောင်း သိရသည်။

မီးလောင်မှုအား မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲမင်းသူ၊ ရန်ကုန်တိုင်း ဒေသကြီး မီးသတ်တပ်ဖွဲ့မှူး ဦးမျိုးဝင်းတို့၏ အနီးကပ် ကြီးကြပ်ကွပ်ကဲမှုဖြင့် မြို့နယ်များမှ မီးငြိမ်းသတ်ရေး ယာဉ်များနှင့်အတူ သန္ဓေတပ်ဖွဲ့ဝင် ၇၀၀ ကျော်၊ အရန်မီးသတ် ၂၀၀ ခန့်၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် အရပ်ဘက် လူမှုအဖွဲ့အစည်းများက Level 5 ယာဉ်အုပ်စုဖြင့် ဝိုင်းဝန်းငြိမ်းသတ်ကြရာ နံနက် ၉ နာရီ ၁၀ မိနစ်တွင် မီးငြိမ်းသွားသည်။

အဆိုပါဈေးအတွင်း ဆိုင်ခန်း ၂၃၂ ခန်းရှိသည့်အနက် ဆိုင်ခန်း ၄၂ ခန်း မီးလောင်ဆုံးရှုံးခဲ့ပြီး ဆိုင်ခန်း ၁၈ ခန်း မီးဟပ်ခံခဲ့ရသည့်အပြင် အမျိုးသား ၁၂ ဦး ၊ အမျိုးသမီး ခြောက်ဦးမှာ ဒဏ်ရာ(မစိုးရိမ်ရ) ရရှိခဲ့သဖြင့် ရန်ကုန် ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်၍ ဆေးကုသမှုခံယူခဲ့ရ ကြောင်း သိရသည်။



ရန်ကုန်မြို့ သံဈေးမီးလောင်မှုအား မီးသတ်တပ်ဖွဲ့ဝင်များက ငြိမ်းသတ်ကြစဉ်။

မီးလောင်သည့် အဆောက်အအုံမှာ ၁၂ ထပ်ခွဲရှိပြီး အောက်ဆုံးမြေညီထပ်တွင် ဈေးဆိုင်တန်းများ၊ ငါးလွှာ အထိ ရုံးခန်းများ၊ ပစ္စည်းသိုလှောင်ခန်းများ၊ စားသောက် ဆိုင်ကြီးများ ရှိနေသည်။ အထပ်မြင့်ခြောက်လွှာမှ စတင်၍ လူနေတိုက်ခန်းများဖြစ်ကြောင်း ဈေးအနီးဝန်းကျင် နေသူတစ်ဦးထံမှ သိရသည်။

အဆောက်အအုံအပေါ်ထပ်တိုက်ခန်းများမှ ပိတ်မိ နေသူများကို မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များဖြင့် ဖွဲ့စည်းထားသည့် ရှာဖွေကယ်ဆယ်ရေးအထူးအဖွဲ့က ပိုလန်နိုင်ငံထုတ် အဆင့်မြင့်ကယ်ဆယ်ရေးလှေကားများ ဖြင့် လည်းကောင်း၊ တစ်ဖက်တိုက်ခေါင်မိုးပေါ်မှ တက်၍လည်းကောင်း မီးလောင်နေသည့် ခေါင်မိုးအား ဖောက်ကာ နိုင်ငံခြားသားများအပါအဝင် အမျိုးသား ၃၄ ဦး၊ အမျိုးသမီးကြီး ၄၈ ဦး၊ ကလေးငယ် သုံးဦး စုစု ပေါင်း ၈၅ ဦးကို အန္တရာယ်ကင်းစွာဖြင့် ကယ်ဆယ် ပေးနိုင်ခဲ့သည်။

တိုက်ခေါင်မိုးပေါ်အထိ တက်ရောက်ကယ်ဆယ် ခဲ့သူ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်မှ ညွှန်ကြား ရေးမှူး (ဦးစီး) ဦးသိန်းထွန်းဦးက “အထပ်မြင့်တိုက် တွေမှာနေတဲ့ ပြည်သူတွေအနေနဲ့ မိမိတိုက်ခန်းမှာ လိုအပ်တဲ့ ထွက်ပေါက် ထွက်လမ်း၊ အရေးပေါ်လှေကား ရှိနေဖို့ အထူးပဲလိုအပ်ပါတယ်။ ဒါမှ ရှေ့ဘက်က မီးလောင်ရင် နောက်ဘက်အပေါက်က ထွက်နိုင်မှာဖြစ်ပါ တယ်။ အခု အခြေအနေအရ အပေါ်ထပ်က လူတွေက အောက်ကို ဆင်းဖို့အပေါက်၊ လှေကားတွေမရှိတဲ့အတွက် သက်စွန့်ဆံဖျား ကယ်ဆယ်မှုတွေ ပြုလုပ်ရပါတယ်။ အားလုံး ကံကောင်းကြပါတယ်။ အသေအပျောက်လုံးဝ မရှိခဲ့ပါဘူး။ သင်ခန်းစာတစ်ရပ်က မင်္ဂလာတောင်ညွန့်မှာ အဆောက်အအုံက ထွက်ပေါက်မရှိတဲ့အတွက် လူသေဆုံးရတာပါ” ဟု ပြောကြားသည်။

မီးလောင်ရာသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီး ချုပ် ဦးဖြိုးမင်းသိန်းနှင့် တာဝန်ရှိသူများက လာရောက်ကြည့်ရှုပြီး လိုအပ်သည်များကို ပံ့ပိုးကူညီ ပေးခဲ့သည့်အပြင် နယ်မြေခံတပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များက လုံခြုံရေးယူ စောင့်ရှောက်ပေးခဲ့ကာ မီးလောင်မှုအကြောင်းရင်းအား စုံစမ်းစစ်ဆေးလျက်ရှိ ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ - ကိုကြီးတင်**

# ခင်ဦးမြို့နယ်၌ ရထားသံလမ်းပေါ် ထန်းပင်လုံးနှင့် ကျောက်တုံးများ ပိတ်ဆို့ချထားသူကို ဖမ်းဆီးရမိ

**ခင်ဦး ဖေဖော်ဝါရီ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ် ၌ ရထားသံလမ်းပေါ် ထန်းပင်လုံးနှင့် ကျောက်တုံးများ ပိတ်ဆို့ချထားသူကို ဖေဖော်ဝါရီ ၁၉ ရက် ညနေ ၄ နာရီ ၅ မိနစ်ခန့်က ဖမ်းဆီးရမိခဲ့ကြောင်း ခင်ဦးမြို့နယ် ရဲတပ်ဖွဲ့မှူးရဲမှူး ကျော်တင့်ထံမှ သိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၁၈ ရက် နံနက် ၇ နာရီခန့်က စက်ခေါင်းမောင်း ဦးရဲမြင့်အောင် မောင်းနှင်လာသော မြစ်ကြီးနား- မန္တလေးအမှတ် (၄၂) အစုန် အမြန်ရထားသည် မဒေါင်းလှ ဘူတာနှင့် ခင်ဦးဘူတာအကြား မိုင်တိုင်အမှတ် ၄၅၈/၂၄ သံလမ်းကြား တွင် ၁၂ လက်မခန့်ရှိ ကျောက်တုံး တစ်တုံးကိုလည်းကောင်း၊ မိုင်တိုင် အမှတ် ၄၅၉/၂ နှင့် ၄၅၉/၃ အကြား အရောက် ရထားသံလမ်းပေါ်တွင် အရှည် လေးပေ၊ လုံးပတ် နှစ်ပေခွဲရှိ ထန်းလုံးတစ်လုံး၊ အရှည် ရှစ်ပေ၊ လုံးပတ် နှစ်ပေခွဲရှိ ထန်းလုံး တစ်လုံး တို့ကို ထန်းရွက် သုံးရွက်စီအုပ်၍ ပိတ်ဆို့ချထားသည်ကို ရထား စက်ခေါင်းမောင်းက အချိန်မီ တွေ့ရှိပြီး ရထားကို ရပ်တန့်နိုင်ခဲ့ သဖြင့် ရထားတိမ်းမှောက်မှု အန္တရာယ်မှ ကင်းလွတ်ခဲ့ရကြောင်း သိရသည်။

အဆိုပါအမှုအား ရွှေဘိုခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယ ရဲမှူးကြီး မြင့်မောင် ဦးစီး၍ ခင်ဦးမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်တင့်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ ခင်ဦးဘူတာရုံပိုင် ကြီး ဦးစောသိန်းဝင်းနှင့် ခင်ဦးမြို့ မြန်မာ့မီးရထား ဝန်ထမ်းများပူးပေါင်း ၍ စုံစမ်းဖော်ထုတ်ခဲ့ရာ ပြစ်မှုကျူးလွန် သူမှာ ခင်ဦးမြို့ မြကန်သာအရှေ့ပိုင်း ရပ်ကွက်နေသူ မီးရထားသံလမ်း လုပ်သား သန်းထွေး (၂၂ နှစ်) ဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ၎င်းအား ယမန်နေ့ မွန်းလွဲပိုင်းက ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ပြစ်မှု ကျူးလွန်သူ သန်းထွေး(၂၂နှစ်) ကို ခင်ဦးမြို့မရဲစခန်းက အမှုဖွင့်အရေး ယူထားကြောင်း သိရသည်။

**မိုးသောက်(ရွှေဘို)**





ပြစ်မှုကျူးလွန်သူ သန်းထွေးနှင့် ရထားလမ်းပေါ်ချထားခဲ့သည့် ထန်းပင်လုံးများကို တွေ့ရစဉ်။

# မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

ဖေဖော်ဝါရီ ၁၉ ရက် နံနက်က တာမွေ မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင် သော ပူးပေါင်းအဖွဲ့သည် တာမွေ မြို့နယ် နတ်မောက်ရပ်ကွက် ကျိုက္ကဆံလမ်းတွင် ဟိန်းလတ်(ခ) ဘီလား မောင်းနှင်သည့် မော်တော် ယာဉ်နှင့် အောင်မြင့်မြတ်(ခ)



အောင်မြင့်မြတ်(ခ)အောင်လေး၊ ဟိန်းလတ်(ခ)ဘီလားတို့အား ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

အောင်လေး မောင်းနှင်သည့် မော်တော်ယာဉ်တို့ကို ရပ်တန့်လျက် တွေ့ရှိသဖြင့် ရှာဖွေစစ်ဆေးရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၀၆၀ ၊ အိုက်စ် သုည ဒသမ ၀၀၆ ကီလို၊ လက်ကိုင်ဖုန်းတစ်လုံးနှင့် ဓား နှစ်ချောင်းတို့ကို သိမ်းဆည်းရမိခဲ့ သည်။

အလားတူ ယင်းနေ့ ညနေ ၄ နာရီ ၄၅ မိနစ်က မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်း အဖွဲ့သည် မိုးနဲမြို့နယ် မိုင်းကိုင် ကျေးရွာအုပ်စု ဆိုက်ဖယ်ကျေးရွာနှင့် ကင်တုံကျေးရွာကြားရှိ ဖိုင်တုံဆည် လမ်းခွဲတွင် ဖားမီမောင်းနှင်လာသည့် ဆိုင်ကယ်အား ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ကိုလည်းကောင်း၊ ထို့အတူ ယင်းနေ့ ညနေ ၅ နာရီက မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်း အဖွဲ့သည် လားရှိုးမြို့ အမှတ်(၈) ရပ်ကွက် သီတာလွင်လမ်းတွင် ဟူချိန်လုံ (ခ)အားပေါင် မောင်းနှင်လာသည့် မော်တော်ယာဉ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၀၀၀ နှင့် လက်ကိုင်ဖုန်း တစ်လုံးတို့ကို လည်းကောင်း၊ အလားတူ ဖေဖော်ဝါရီ ၂၀ ရက် နံနက်ပိုင်းက လွိုင်ဆောင် ထောက်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင် များပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုင်းရှူးမြို့နယ် ဟိုဆိုင်ကျေးရွာအုပ်စု ပန်းငကျေးရွာအနီး မိုင်းရှူး-မိုင်းစံ သွားကားလမ်းတွင် စိုင်းအုံ မောင်းနှင် လာသည့် ဆိုင်ကယ်ကို ရပ်တန့် ရှာဖွေရာ ဆိုင်ကယ်ပေါ်ရှိ ဝါးခြင်း အတွင်းမှ ဘိန်းစိမ်း ၈ ဒသမ ၈၁၈၂ ကီလို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# ရန်ကုန်-နေပြည်တော်အမြန်လမ်းမဘေးမှ အထောက်အထားမဲ့ ဝင်ရောက်လာသူ ၅၄ ဦး ဖမ်းဆီးရမိ

**လှည်းကူး ဖေဖော်ဝါရီ ၂၀**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ရန်ကုန်-နေပြည်တော်အမြန်လမ်းမကြီး မိုင်တိုင်အမှတ်(၂၅/၆)ဘေး တစ်ဖာလုံခန့်အကွာ တောတွင်း၌ ဖေဖော်ဝါရီ ၁၉ ရက် မွန်းလွဲ ၂ နာရီ မိနစ် ၅၀ ခန့်က အထောက်အထားမဲ့ဝင်ရောက်လာသူ ၅၄ ဦး ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

မြောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး လှဝေ၊ လှည်းကူးမြို့နယ်ရဲတပ်ဖွဲ့မှူး၊ ဘောနက်ကြီး စခန်းမှူးနှင့် နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာများ ပူးပေါင်းအဖွဲ့သည် အထောက်အထားမဲ့ ဝင်ရောက်လာသူများ တွေ့ရှိကြောင်း သတင်းအရသွားရောက် စစ်ဆေးခဲ့ရာ အထောက်အထားမဲ့ ဝင်ရောက်လာသူ အမျိုးသား ၂၄ ဦး၊ အမျိုးသမီး ၃၀ စုစုပေါင်း ၅၄ ဦးအား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

၎င်းတို့သည် ရခိုင်ပြည်နယ် ကျောက်ဖြူ၊ စစ်တွေ၊ မင်းပြားနှင့် ဘူးသီး တောင်မြို့နယ်တို့တွင် နေထိုင်သူများဖြစ်ကြပြီး မလေးရှားနိုင်ငံသို့ သွားရောက် ရန်အတွက် ရောက်ရှိလာခြင်းဖြစ်ကြောင်း သိရကာ ဖမ်းဆီးရမိသူများအား အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးမှူးရုံးမှ ဥပဒေအရ အရေးယူနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

**နိုင်လင်း(လှည်းကူး)**

# ဂျာမနီနိုင်ငံရှိ ဘားနှစ်ခု၌ သေနတ်ပစ်ခတ်မှုဖြစ်ပွားရာ ကိုးဦးထက်မနည်း သေဆုံး

**မြူးနစ် ဖေဖော်ဝါရီ ၂၀**

ဂျာမနီနိုင်ငံရှိ ဆေးရွက်ကြီး ရှူရှိုက်သည့်ဘားနှစ်ခုကို ပစ်မှတ်ထားသည့် သေနတ်ပစ်ခတ်မှုတစ်ခု ဖေဖော်ဝါရီ ၁၉ ရက် ညသန်းခေါင်အချိန်တွင် ဖြစ်ပွားခဲ့ရာ လူကိုးဦးထက်မနည်း သေဆုံးခဲ့ကြောင်း သိရသည်။

ဘား၌ ပစ်ခတ်မှုပြုလုပ်ခဲ့သည့် သေနတ်သမားကို ဖေဖော်ဝါရီ ၂၀ ရက် နံနက်အစောပိုင်းတွင် ၎င်း၏နေအိမ်၌ သေဆုံးလျက် တွေ့ရှိခဲ့ရသည်။ သေနတ်ပစ်ခတ်မှုသည် ဖရန့်ဖတ်မှ ၂၀ကီလိုမီတာ ၁၂ မိုင် အကွာ ဟာနူရှိ ဘားနှစ်ခုတို့တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ အခင်းဖြစ်ပွားရာသို့ ရဲတပ်ဖွဲ့ ချက်ချင်းရောက်ရှိလာခဲ့ပြီး တိုက်ခိုက်မှု လုပ်ဆောင်ခဲ့သည့် သေနတ်သမားကို ရဲတပ်ဖွဲ့ ရဟတ်ယာဉ်များဖြင့် ဖြန့်ကြက် ရှာဖွေမှု ပြုလုပ်ခဲ့သည်။

ဟက်ဆီ အလယ်ပိုင်းဒေသမှ ရဲတပ်ဖွဲ့၏ ပြောပြချက်အရ လွတ်မြောက်သွားသည့် သေနတ်သမားကို ခြေရာခံ လိုက်ခဲ့ပြီးနောက်တွင် အဆိုပါသေနတ်သမားကို ၎င်း၏ နေအိမ်တွင်သေဆုံးလျက် တွေ့ရှိခဲ့ရကြောင်းနှင့် အဆိုပါအဆောက်အအုံ၌ ပင်နောက်ထပ်အလောင်းတစ်လောင်းကို တွေ့ရှိခဲ့ကြောင်း သိရသည်။

မြို့လယ်ကောင်ရှိ Midnight ဘား၌ ည ၁၀ နာရီခန့်တွင် သေနတ်ပစ်ခတ်မှုတစ်ခု ဦးစွာဖြစ်ပွားခဲ့ကြောင်း သတင်းရင်းမြစ်များက ဖော်ပြသည်။ ဘားအဆောက်အအုံရှေ့တွင် သေနတ်သံများကြားခဲ့ရပြီး လူသုံးဦးသေဆုံးခဲ့ကြောင်း မျက်မြင်သက်သေများက ပြောသည်။ သေနတ်သမားသည် အခင်းဖြစ်နေရာမှ ကားမောင်း၍ ထွက်ပြေးသွားခဲ့ပြီးနောက် Arina ဘားတွင် နောက်ထပ် ပစ်ခတ်မှုတစ်ခု ထပ်မံဖြစ်ပွားခဲ့ကာ အမျိုးသမီးတစ်ဦး အပါအဝင် ငါးဦး ထပ်မံသေဆုံးခဲ့ကြောင်း သိရသည်။

**အေအက်ဖ်ပီ**



သေနတ်ပစ်ခတ်မှုဖြစ်ပွားခဲ့သည့် အဆောက်အအုံရှေ့တွင် ကင်းလှည့်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များ။

# ဂျပန်အပျော်စီးသင်္ဘောပေါ်ရှိ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသည့် ခရီးသည်နှစ်ဦး သေဆုံး



ဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားခဲ့သည့် Diamond Princess အပျော်စီးသင်္ဘောကို တွေ့ရစဉ်။

**တိုကျို ဖေဖော်ဝါရီ ၂၀**

ဂျပန်အပျော်စီးသင်္ဘောပေါ်ရှိ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသည့် ခရီးသည်နှစ်ဦး သေဆုံးသွားပြီဖြစ်ကြောင်း သိရသည်။ တိုကျိုမြို့အနီး ယိုကိုဟားမားဆိပ်ကမ်း၌ ကျောက်ချရပ်နားထားသည့် အပျော်စီးသင်္ဘောပေါ်မှ သင်္ဘောအမှုထမ်းများနှင့် ခရီးသည်များအနက် ပထမဆုံး လူသေဆုံးမှုရှိလာခြင်းဖြစ်သည်။

ဂျပန်နိုင်ငံသားများဖြစ်ကြသည့် အသက် ၈၇ နှစ် အရွယ် အမျိုးသားနှင့် အသက် ၈၄ နှစ်အရွယ် အမျိုးသမီးတို့ ဖေဖော်ဝါရီ ၂၀ ရက်တွင် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း ဂျပန်အစိုးရအာဏာပိုင်များက ဖော်ပြသည်။ ကျန်းမာရေးဝန်ကြီးဌာနအာဏာပိုင်များသည် ရောဂါကူးစက်ပျံ့နှံ့သည့် လမ်းကြောင်းများကို သတိထားစောင့်ကြည့်လျက်ရှိသည်။

သေဆုံးသူနှစ်ဦးစလုံးမှာ ကျန်းမာရေးဆိုင်ရာ အားနည်းသူများဖြစ်သည်ဟု သိရသည်။ သေဆုံးသူအမျိုးသားသည် ဖေဖော်ဝါရီ ၁၁ ရက်တွင် သင်္ဘောပေါ်မှ ထွက်ခွာလာခဲ့ပြီး သေဆုံးသူအမျိုးသမီးမှာ ဗိုင်းရပ်စ်ကူးစက်ခံထားရကြောင်း စစ်ဆေးတွေ့ရှိခဲ့ပြီးနောက် ဖေဖော်ဝါရီ ၁၂ ရက်တွင် သင်္ဘောပေါ်မှ ထွက်ခွာခဲ့သည်။

သင်္ဘောပေါ်လိုက်ပါလာသူ ခရီးသည်များနှင့် သင်္ဘောအမှုထမ်းပေါင်း ၃၇၀၀ ရှိပြီး လူ ၆၂၁ ဦးတို့တွင် ဗိုင်းရပ်စ်ကူးစက်ခံရကြောင်း ဖေဖော်ဝါရီ ၁၉ ရက်တွင် အတည်ပြုခဲ့သည်။ ရောဂါကူးစက်ခံရသူများထဲတွင် အရေးပေါ်အခြေအနေဖြစ်နေသူ ၂၈ ဦးရှိပြီး ၎င်းတို့အနက် နှစ်ဦးသေဆုံးခဲ့ခြင်းဖြစ်သည်။

**အေအက်ဖ်ပီ**

## ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ဂျပန်အပျော်စီးသင်္ဘောပေါ်မှ ထွက်ခွာလာသူများကို ကျန်းမာရေး စောင့်ရှောက်မှုပေးရန် တိုက်တွန်း

**တိုကျို ဖေဖော်ဝါရီ ၂၀**

ဂျပန်အပျော်စီး သင်္ဘောပေါ်တွင် လိုက်ပါလာသည့် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရခြင်း မရှိသူများ သင်္ဘောပေါ်မှ ထွက်ခွာသွားပြီးနောက် ခရီးသည်များနှင့် သင်္ဘောအမှုထမ်းများအတွက် ကျန်းမာရေးစောင့်ရှောက်မှုများ စီစဉ်ပေးရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ဂျပန်အစိုးရကိုတိုက်တွန်းခဲ့ကြောင်း သိရသည်။

ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ ဖေဖော်ဝါရီ ၁၈ ရက်က သတင်းစာရှင်းလင်းပွဲ ပြုလုပ်ခဲ့သည်။

ထိုသို့ပြုလုပ်ခဲ့စဉ်အတွင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ အမှုဆောင်ဒါရိုက်တာ မိုက်ကယ်ရိုင်ယန်က ခရီးသည်များနှင့် သင်္ဘောအမှုထမ်းများအတွက် ကျန်းမာရေးစောင့်ရှောက်မှုများ စီစဉ်ပေးရန် တောင်းဆို တိုက်တွန်းခဲ့ခြင်းဖြစ်သည်။

အပျော်စီးသင်္ဘောပေါ်မှ ခရီးသည်များကို သီးသန့်ခွဲခြားထားရန် ဂျပန်နိုင်ငံ၏ ဆုံးဖြတ်ချက်ကို ရိုင်ယန်က လက်ခံကြိုဆိုခဲ့သော်လည်း ဗိုင်းရပ်စ်သည် မျှော်လင့်ထားသည်ထက် ပိုမို၍ ကျယ်ကျယ်ပြန့်ပြန့် ကူးစက်ခဲ့ကြောင်း ၎င်းက ပြောသည်။

အပျော်စီးသင်္ဘောပေါ်မှ ထွက်ခွာသွားသူများအတွက် သက်ဆိုင်ရာ အစိုးရများအနေဖြင့် ကျန်းမာရေး စောင့်ရှောက်မှုများ ဆက်လက်ဆောင်ရွက်ပေးလိမ့်မည်ဟု ယုံကြည်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

## ရုရှားလေယာဉ်တစ်စင်း ခက်ခဲစွာဆင်းသက်ခဲ့ရမှုကြောင့် လူခုနစ်ဦး ဒဏ်ရာရ

**မော်စကို ဖေဖော်ဝါရီ ၂၀**

ရုရှားနိုင်ငံရှိ ပစိဖိတ်ဆိပ်ကမ်းမြို့ဖြစ်သည့် မာဂါဒန်၌ ဖေဖော်ဝါရီ ၂၀ ရက်က လေယာဉ်တစ်စင်း ခက်ခဲစွာ ဆင်းသက်ခဲ့ရပြီး လူခုနစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

လေယာဉ်အမှုထမ်းနှစ်ဦးနှင့် ခရီးသည် ၁၂ ဦး လိုက်ပါလာခဲ့သည့် အန်တိုနော့ဗ် အေအန် ၂ လေယာဉ်သည် ပျံသန်းထွက်ခွာခဲ့ပြီး မကြာမီ အရေးပေါ်ဆင်းသက်မှု ပြုလုပ်ခဲ့ရကြောင်း ဒေသအာဏာပိုင်များ၏ ပြောကြားချက်ကို ကိုးကားလျက် သတင်းမီဒီယာများက ဖော်ပြသည်။ သို့ရာတွင် လေယာဉ်ကိုယ်ထည်ထိခိုက်ပျက်စီးမှုနှင့် မီးစွဲလောင်မှုဖြစ်ပေါ်ခဲ့ခြင်းမရှိကြောင်း သိရသည်။

လေယာဉ်ပေါ်မှ အမှုထမ်းများနှင့် ထိခိုက်ဒဏ်ရာရရှိသည့် ခရီးသည်များကို ဆေးရုံသို့ ပို့ဆောင်ခဲ့သည်။ ရွှေတွင်းလုပ်သားများကို တင်ဆောင်လာသည့် လေယာဉ်သည် မာဂါဒန်သို့ ဦးတည်ပျံသန်းလာစဉ် နည်းပညာဆိုင်ရာ ချွတ်ယွင်းမှု သို့မဟုတ် လေယာဉ်မှူး၏ အမှားကြောင့် ခက်ခဲစွာ ဆင်းသက်ရပ်နားခဲ့ရခြင်း ဟုတ်မဟုတ် စုံစမ်းလျက်ရှိကြောင်း သိရသည်။

**ဆင်ဟွာ**

# ဆီးရီးယားကို ထိုးစစ်ဆင်တိုက်ခိုက်မည်ဟု တူရကီသမ္မတ သတိပေး

**အန်ကာရာ ဖေဖော်ဝါရီ ၂၀**

ဆီးရီးယားအစိုးရက လာမည့် ဖေဖော်ဝါရီလကုန်အထိ အီဒလစ်ပြည်နယ်မှ ဆုတ်ခွာသွားခြင်းမရှိသေးလျှင် တူရကီအနေဖြင့် ဆီးရီးယားကို ထိုးစစ်ဆင်တိုက်ခိုက်မည်ဖြစ်ကြောင်း တူရကီသမ္မတ ရီဆက်တေယစ်အာဒိုဂန်က ယမန်နေ့တွင် သတိပေး ပြောကြားလိုက်သည်။

ကျွန်ုပ်တို့ဘက်မှ အသေအချာစောင့်ကြည့်ကာ နောက်ဆုံးသတိပေးလိုက်ခြင်းဖြစ်ကြောင်း၊ အီဒလစ်ပြည်နယ်၌ ထိုးစစ်ဆင်တိုက်ခိုက်မှုတစ်ခု အချိန်မရွေးကျရောက်လာနိုင်ကြောင်း ပါလီမန်လွှတ်တော်၌ မိန့်ခွန်းပြောကြားခဲ့စဉ်အတွင်း သမ္မတ က ပြောကြားခဲ့သည်။

မော်စကို၌ တူရကီနှင့် ရုရှားကိုယ်စားလှယ်များအကြား ပြုလုပ်ခဲ့သည့် ဆွေးနွေးပွဲများသည် အီဒလစ်ပြည်နယ်တွင် တင်းမာမှု ပဋိပက္ခများလျော့ကျစေရန် ရည်ရွယ်ခြင်းဖြစ်ပြီး ဘုံသဘောတူညီမှုရရှိရန် ကြိုးပမ်းမှုမဟုတ်ကြောင်း သို့ရာတွင် နှစ်နိုင်ငံလုံးက ဆွေးနွေးပွဲများ ဆက်လက် ပြုလုပ်ရန်လိုကြောင်း သမ္မတ အာဒိုဂန်က ပြောကြားခဲ့သည်။

ကံမကောင်းစွာဖြင့် ကျွန်ုပ်တို့၏ ဆွေးနွေးမှုများသည် မျှော်မှန်းသည့်ရလဒ်များ မရရှိခဲ့ကြောင်း၊ ဆွေးနွေးပွဲများကို ဆက်လက် လုပ်ဆောင်နေသော်လည်း ကျွန်ုပ်တို့၏ သဘောထားအမြင်များမှာ တစ်ဖက်နှင့် တစ်ဖက် လွန်စွာ အလှမ်းကွာဟလျက်ရှိကြောင်း ၎င်းက ဖြည့်စွက်ပြောခဲ့သည်။



တူရကီသမ္မတ ရီဆက်တေယစ်အာဒိုဂန်

အီဒလစ်ပြည်နယ်၌ ဆီးရီးယားအစိုးရအဖွဲ့၏ တိုက်ခိုက်မှုကြောင့် တူရကီတပ်ဖွဲ့ဝင် ၁၃ ဦး ကျဆုံးခဲ့ကြောင်း တူရကီဘက်မှ အတည်ပြုခဲ့ပြီးနောက်တွင် အီဒလစ်ပြည်နယ်၌ တင်းမာမှုအခြေအနေများ အရှိန်မြင့်လာခဲ့သည်။

**ဆင်ဟွာ**

# Coronavirus Disease 2019 (COVID-19)လတ်တလောအသက်ရှုလမ်းကြောင်းဆိုင်ရာရောဂါ စောင့်ကြပ်ကြည့်ရှုရေးနှင့် ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ အမေရိကန် ရောဂါကာကွယ်ထိန်းချုပ်မှုဗဟိုဌာန mission အဖွဲ့နှင့် တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် လက်ရှိဆောင်ရွက်လျက်ရှိသော Coronavirus Disease 2019 (COVID–19) လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါစောင့်ကြပ်ကြည့်ရှုရေးနှင့် ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအား ပိုမိုအားဖြည့်ဆောင်ရွက်နိုင်ရန်အတွက် အမေရိကန်ရောဂါကာကွယ်ထိန်းချုပ်မှုဗဟိုဌာန (US– CDC Centers for Disease Control and Prevention) အဖွဲ့၏ ထိုင်းနိုင်ငံအခြေစိုက်ရုံးမှ Program Director Dr. Joshua Mott (Asia Regional Influenza Program)နှင့် တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံ အခြေစိုက်ရုံးမှ Country Director Dr. Mitesh Desai နှင့် တာဝန်ရှိသူများသည် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာသာထွန်းကျော်နှင့် တာဝန်ရှိသူများအား ယနေ့ ညနေ ၃ နာရီခွဲတွင် နေပြည်တော်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ရောဂါနှိမ်နင်းရေးရုံး၌ လာရောက်တွေ့ဆုံသည်။ **(ယာပုံ)**



### အလေးထားဆောင်ရွက်

တွေ့ဆုံဆွေးနွေးပွဲတွင် အမြဲတမ်းအတွင်းဝန်က မြန်မာနိုင်ငံတွင် ဇန်နဝါရီ ၅ ရက်မှစ၍ COVID–19 ရောဂါစောင့်ကြပ်ကြည့်ရှုရေးနှင့် ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအား စောစီးစွာ အလေးထားဆောင်ရွက်ခဲ့မှုများ၊ ရောဂါကာကွယ်ထိန်းချုပ်ရေးအတွက် နိုင်ငံတော်အဆင့်နှင့် တိုင်းဒေသကြီး/ ပြည်နယ်အဆင့်တွင် ဝန်ကြီးဌာနများအကြား ကော်မတီများ ဖွဲ့စည်းဆောင်ရွက်မှုများ၊ အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် နယ်စပ်ကုန်းလမ်းကြောင်း ဝင်ပေါက်ထွက်ပေါက်များသာမက ပြည်သူလူထုအတွင်းတွင်လည်း ရောဂါရှာဖွေရေးလုပ်ငန်းများ အလေးထားဆောင်ရွက်ခဲ့မှုများ၊ ကျန်းမာရေးအသိပညာပေးခြင်းလုပ်ငန်းဆောင်ရွက်မှုများနှင့် လူမှုကွန်ရက်တွင် သတင်းမှားများ ဖြန့်ဝေခြင်းနှင့်ပတ်သက်၍ ထိန်းချုပ်ဆောင်ရွက်မှုများနှင့် ဝူဟန်မြို့မှ မြန်မာကျောင်းသား ကျောင်းသူ ၅၉ ဦးအား ဘေးကင်းစွာ ပြန်လည်ခေါ်ဆောင်နိုင်ခဲ့မှုများအား ပြောကြားသည်။

### လက်တွေ့ကွင်းဆင်းကြည့်ရှုခဲ့

ထို့နောက် US CDC mission အဖွဲ့မှ တာဝန်ရှိသူများက ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (NHL)တွင် ရောဂါပိုးအတည်ပြု စစ်ဆေးရန်အတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှုများ၊ လက်ရှိတွင် စစ်ဆေးဆောင်ရွက်နေမှုများနှင့် နိုင်ငံတကာလေဆိပ်များ ဖြစ်သည့် ရန်ကုန်နှင့်မန္တလေး အပြည်ပြည်ဆိုင်ရာ လေဆိပ်များတွင် ရောဂါစောင့်ကြပ်ကြည့်ရှုမှုလုပ်ငန်းများအား သွားရောက် လက်တွေ့ကွင်းဆင်းကြည့်ရှုခဲ့မှုများမှ တွေ့ရှိချက်များအား တင်ပြကြပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ COVID–19 ရောဂါစောင့်ကြပ်ကြည့်ရှုရေးနှင့် ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိချက်များ သည် ကောင်းမွန်ပါကြောင်းပြောကြားကာ COVID–19 ရောဂါကာကွယ် ထိန်းချုပ်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ အထွေထွေဆွေးနွေးမှုများ ပြုလုပ်ကာ အကြံပြုချက်များ ပေးအပ်ခဲ့ကြသည်။

### ဆက်လက်ပူးပေါင်းဆောင်ရွက်

ဆက်လက်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် US CDC mission အဖွဲ့တို့သည် ရောဂါသံသယရှိသူ ရှာဖွေခြင်းနှင့် လူနာနှင့် အနီးကပ်ထိတွေ့သူများအား ဖော်ထုတ်ခြင်း၊ နယ်စပ် ဝင်ပေါက်ထွက်ပေါက်များနှင့် ပြည်သူလူထုအတွင်း ရောဂါရှာဖွေခြင်း၊ ရောဂါပိုးရှိ/ မရှိ ဓာတ်ခွဲစမ်းသပ်ခြင်းနှင့် ရောဂါရှိသူတွေ့ရှိပါက ဆေးကုသမှုပေးခြင်းနှင့် ပြည်သူလူထုအား သတင်းထုတ်ပြန်ခြင်း အစရှိသည့် ကိစ္စရပ်များနှင့်ပတ်သက်၍ ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းများအား ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# ခေါင်လန်ဖူးမြို့နယ်မှ တက္ကသိုလ်ဝင်တန်း ကျောင်းသား ကျောင်းသူများအား ပူတာအို၌ စခန်းသွင်းလေ့ကျင့်ပေးလျက်ရှိ

ပူတာအို ဖေဖော်ဝါရီ ၂၀

**ကချင်ပြည်နယ် ပူတာအိုခရိုင် ခေါင်လန်ဖူးမြို့နယ်အတွင်းရှိ ကျောင်းများမှ တက္ကသိုလ်ဝင်စာမေးပွဲကို ကိုးနှစ်ဆက်တိုက် အောင်မြင်သူမရှိခဲ့မှုကြောင့် အထကကျောင်းများ မှ ၂၀၁၉–၂၀၂၀ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲသို့ ဝင်ရောက်ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအား ပူတာအိုမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ဇန်နဝါရီ ၅ ရက်မှ စတင်၍ စခန်းသွင်းလေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။**



ခေါင်လန်ဖူးမြို့နယ်မှ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအား ပူတာအို အခြေခံပညာအထက်တန်းကျောင်း၌ စခန်းသွင်းသင်ကြားပေးစဉ်။

ယခုနှစ်တွင် ဝေလံခေါင်ဖျားဒေသ ခေါင်လန်ဖူးမြို့နယ်ရှိ အထက–ခေါင်လန်ဖူး၊အထက–ဇန်ယော့နှင့် အထက(ခွဲ)–ရှိန်းခေါင် ကျောင်းသုံးကျောင်းမှ ကျောင်းသား ကျောင်းသူ ၄၉ ဦးက တက္ကသိုလ်ဝင် စာမေးပွဲကို ဝင်ရောက်ဖြေဆိုကြမည်ဖြစ်ပြီး အဆိုပါကျောင်းများတွင် ယခင်နှစ်များအတွင်းက တက္ကသိုလ်ဝင် အောင်မြင်သူ မရှိခဲ့သည့်အတွက် ယခုနှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားလာစေရန် ကချင်ပြည်နယ်အစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် အထက–ပူတာအိုကျောင်းတွင် အနီးကပ်ကြပ်မတ်ပြီး စခန်းသွင်းလေ့ကျင့် သင်ကြားပေးနေခြင်း ဖြစ်ကြောင်း ခေါင်လန်ဖူးမြို့နယ် ပညာရေးမှူးရုံး တာဝန်ခံ ဒုတိယမြို့နယ်ပညာရေးမှူး ဦးဝင်းမြင့်ထံမှ သိရသည်။

### စာစစ်ဌာနမထား

"ခေါင်လန်ဖူးမြို့နယ်မှာ အရင်က အထကကျောင်း နှစ်ကျောင်း ရှိရာကနေ အခု ရှိန်းခေါင်–အထက(ခွဲ)နဲ့ဆို သုံးကျောင်းရှိတယ်။ စာစစ်ဌာန မထားဘူး။ နောင်မွန်မြို့နယ်မှာ သွားဖြေရတယ်။ လွန်ခဲ့တဲ့ ၂၀၁၁ ခုနှစ်နောက်ပိုင်း ကိုးနှစ်ဆက်တိုက် ဒီကျောင်းတွေကနေ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူမရှိသေးဘူး။ ဒီနှစ်မှာတော့ အောင်ချက်မြင့်မားရေး အထူးစီမံချက်အနေနဲ့ ပြည်နယ်အစိုးရအဖွဲ့ရဲ့ လမ်းညွှန်မှု၊ ခရိုင်ပညာရေးမှူးနဲ့ ကျွန်တော်တို့တွေက အနီးကပ် ကြပ်မတ်ပြီး စခန်းသွင်းလေ့ကျင့်သင်ကြားပေးနေပါတယ်"ဟု ဦးဝင်းမြင့်က ပြောကြားသည်။

အဆိုပါ စခန်းသွင်းလေ့ကျင့်သင်ကြားပေးနေသော ကျောင်းသား ကျောင်းသူများကို ကချင်ပြည်နယ်အစိုးရက ကျောင်းသားတစ်ဦးလျှင် တစ်နေ့စားစရိတ် ၂၄၀၀ ကျပ်နှုန်းထားဖြင့် ဇန်နဝါရီနှင့် ဖေဖော်ဝါရီ နှစ်လစာအတွက် ငွေကျပ် ၇၉၂၀၀၀၀ ကိုထောက်ပံ့ပေးခဲ့ပြီး မတ်လအတွက် ငွေကျပ် ၂၅ သိန်းကို ထပ်မံလှူဒါန်းပေးခဲ့ကာ အလှူရှင်များနှင့် ဌာနဆိုင်ရာများကလည်း စောင်၊ ဗလာစာအုပ်၊ ဘာသာရပ်အလိုက် အထူးထုတ်/မေးခွန်းဟောင်းစာအုပ်စသည့် လိုအပ်သောပစ္စည်းများ လှူဒါန်းပေးမှုကြောင့် ကျောင်းသား ကျောင်းသူများအတွက် အဆင်ပြေလျက်ရှိသည်။

### လမ်းခရီး သွားလာရခက်ခဲ

ခေါင်လန်ဖူးဒေသတွင် တချို့အဆင်ပြေသည့် မိဘများ၏ သားသမီးများက မြို့ကြီးများတွင် သွားရောက်၍ ကျောင်းတက်နေကြကြောင်း၊ ဆင်းရဲနွမ်းပါးသော ကလေးများသည်လည်း အထက်တန်းကျောင်းများရှိရာသို့ သွားရောက်ရာ၌ လမ်းခရီး သွားလာရခက်ခဲပြီး မြန်မာဘာသာစကားကျွမ်းကျင်မှု အပိုင်းများနှင့် ရာသီဥတု အအေးဒဏ်များကြောင့် စာကျက်မှုအားနည်းရသည့် အချက်များကလည်း တက္ကသိုလ်ဝင် အောင်ချက်ကျဆင်းရခြင်း ဖြစ်ကြောင်းနှင့် ယခု အနီးကပ်ကြပ်မတ်ပြီး စခန်းသွင်းလေ့ကျင့်စဉ်အတွင်း ကျောင်းသားများက စာကို ပိုမိုအာရုံစိုက်ကြကာ ကျောင်းစာ ပိုမို လိုက်လာနိုင်ကြပြီဖြစ်ကြောင်း ခေါင်လန်ဖူးမြို့နယ် ဒုတိယမြို့နယ်ပညာရေးမှူး ဦးဝင်းမြင့်ထံမှ ထပ်မံသိရသည်။

"သမီးက အရင် ၂၀၁၈ ခုနှစ် ၁၀တန်းပထမနှစ်ကို မြစ်ကြီးနားမြို့မှာ ကျောင်းသွားတက်ခဲ့တယ်။ ၂၀၁၉ ခုနှစ်မှာ တစ်နှစ်ကျောင်းနားတယ်။ ခေါင်လန်ဖူးမြို့ပေါ်မှာ သွားနေမယ်ဆိုရင်လည်း ဟိုမှာဆွေမျိုးကလည်း မရှိတော့ ခက်တယ်လေ၊ အဲဒါကြောင့် တစ်နှစ် နားလိုက်ရတယ်။ အထက(ခွဲ)–ရှိန်းခေါင်ကျောင်းမှာ ၁၀ တန်း လက်ခံလို့ ကျောင်းပြန်နေတယ်။ အခု ဒီလို စီစဉ်ပေးတာကို ကျေးဇူးတင်ပါတယ်။ နေထိုင်စားသောက်ရေးကအစ အကုန်အဆင်ပြေပြီး ဆရာဆရာမတွေနဲ့ အနီးကပ်စာကျက်ရတော့ ပိုအဆင်ပြေတယ်။ ဒီနှစ်တော့ ၁၀ တန်းစာမေးပွဲကို အောင်မယ်လို့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်ပါတယ်" ဟု အထက(ခွဲ)–ရှိန်းခေါင်ကျောင်းမှ မဇမီရမ်က ပြောသည်။

အဆိုပါ ကျောင်းသား ကျောင်းသူများ ခေါင်လန်ဖူး–ပူတာအိုလမ်းခရီးတွင် သွားလာရေးအတွက် ပူတာအိုခရိုင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြိုဆိုပို့ဆောင်ပေးမှုများ ဆောင်ရွက်ပေးပြီး အစားအသောက်အတွက် အဆိုပါ ကျောင်းများမှ ကျောင်းသားမိဘငါးဦးစီတို့က တစ်လလျှင် တစ်ကျောင်း တာဝန်ယူကာ ချက်ပြုတ်ပေးလျက်ရှိသည်။

### အနီးကပ်ကြပ်မတ်

ကျောင်းသား ကျောင်းသူများ၏ စာကျက်ချိန်ကို နေ့စဉ်နံနက် ၅ နာရီမှ ၇ နာရီ နှင့် ညစဉ် ၆ နာရီမှ ၁၁ နာရီအပြင် မသိနားမလည်သည့် စာများကိုမေးနိုင်ရန် အချိန်သတ်မှတ်ပြီး ပူတာအိုနှင့် ခေါင်လန်ဖူးမြို့မှ ဆရာ ဆရာမ ၁၃ ဦးက နေ့ညမပျက် အနီးကပ်ကြပ်မတ်လျက်ရှိသည်။

ယခုအခါ တက္ကသိုလ်ဝင် စာမေးပွဲအကြိုဖြေဆိုမှုကို ဖေဖော်ဝါရီ ၁၄ ရက်မှစ၍ ဖြေဆိုနေကြပြီး တက္ကသိုလ်ဝင် စာမေးပွဲကို ခေါင်လန်ဖူးမြို့နယ် ကျောင်းသုံးကျောင်းမှ ကျောင်းသား ၁၂ ဦး၊ ကျောင်းသူ ၃၇ ဦး စုစုပေါင်း ၄၉ ဦးတို့က အထက–ပူတာအိုစာစစ်ဌာနမှ ဝင်ရောက်ဖြေဆိုသွားကြမည်ဖြစ်ကြောင်း သိရသည်။

**ဆန်းညွန့်(ပူတာအို)**

## ညအပူချိန်များ အနည်းငယ်တိုးလာနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၂၀

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့်သာယာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်တိုးလာနိုင်သည်။

**မိုး/ဇလ**

# မြန်မာနိုင်ငံ၏ ပထမဆုံး ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုသင်တန်းကျောင်း နေပြည်တော်၌ ဖွင့်လှစ်

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် မြန်မာနိုင်ငံ၏ ပထမဆုံး ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုသင်တန်းကျောင်း ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၈ ရက်က နေပြည်တော်ရှိ အဆိုပါသင်တန်းကျောင်း၌ ကျင်းပသည်။



စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းနှင့် တာဝန်ရှိသူများ ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုသင်တန်းကျောင်းအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

ရှေးဦးစွာ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) ဦးအောင်မင်း၊ ပြည်ထောင်စုလွှတ်တော်ရုံး အမြဲတမ်းအတွင်းဝန် ဦးကျော်စိုး၊ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး အမြဲတမ်းအတွင်းဝန် ဒေါ်နိုင်သက်ဦးနှင့် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်သီတာထွန်းတို့က သင်တန်းကျောင်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက အမှာစကားပြောကြားပြီး သင်တန်းကျောင်းဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းကျောင်းကို စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ရုံးအမှတ် (၂၆) အနီးတွင် တည်ဆောက်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး သင်တန်းကျောင်း၏ ရည်မှန်းချက်မှာ ခိုင်မာသည့် ပြည်သူ့ဘဏ္ဍာရေးစနစ်ကို တည်ထောင်ရန်အတွက် စွမ်းရည်ပြည့်ဝသည့် နိုင်ငံ့ဝန်ထမ်းများကို စဉ်ဆက်မပြတ် မွေးထုတ်ပေးနိုင်ရန်၊ နိုင်ငံ့ဝန်ထမ်းများ၏ ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု စွမ်းရည်များကို မြှင့်တင်ပေးရန်နှင့် စွမ်းဆောင်ရည်ပြည့်ဝပြီး ထိရောက်မှုရှိ၍ တာဝန်ယူမှု၊ တာဝန်ခံမှုရှိသော ပြည်သူ့ဝန်ဆောင်မှု လုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြင့် အားလုံးပါဝင်သည့် ဘက်စုံဖွံ့ဖြိုးတိုးတက်မှုကို ရရှိရန် မျှော်မှန်းဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

ယင်းသင်တန်းကျောင်း၌ ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှုဆိုင်ရာအခြေခံများ၊ စီမံကိန်းရေးဆွဲခြင်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်း၊ စာရင်းပြုစုခြင်းနှင့် စာရင်းစစ်ဆေးခြင်း၊ ဘဏ္ဍာရေးနှင့် စီမံခန့်ခွဲမှုစသည့် ဘာသာရပ်လေးခုကို တစ်နှစ်လျှင်နှစ်ကြိမ် သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း၊ ပြည်တွင်း/ပြည်ပပညာရှင်များ၊ အဖွဲ့အစည်းများ၊ ဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်း၍လည်း ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုဆိုင်ရာ နိုင်ငံတကာအလေ့အကျင့်ကောင်းများကို အထူးသင်တန်းအဖြစ် ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ဖေဖော်ဝါရီ ညနေ ၆ နာရီအထိ စောင့်ကြည့်လူနာတစ်ဦးအား သက်ဆိုင်ရာဆေးရုံတွင် စောင့်ကြပ်ကြည့်ရှုကုသပေးပြီး ကျန်းမာရေးအခြေအနေကောင်းမွန် ကိုရိုနာဗိုင်းရပ်စ်ရောဂါ(COVID-19) လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ကမ္ဘာ့နိုင်ငံအချို့တွင် ကူးစက်ပျံ့နှံ့လျက်ရှိသည့် COVID-19 လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါဖြစ်ပွားမှုဖြစ်စဉ်နှင့်ပတ်သက်၍ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများအား အပြည်ပြည်ဆိုင်ရာ ဝင်ပေါက်၊ ထွက်ပေါက်ဂိတ်များတွင် လည်းကောင်း၊ ဆေးရုံအခြေပြုအဖြစ် လည်းကောင်း၊ ပြည်သူလူထုအခြေပြု စောင့်ကြပ်ကြည့်ရှုခြင်း လုပ်ငန်းများဖြင့် လည်းကောင်း၊ ပုဂ္ဂလိကဆေးရုံများနှင့် ပူးပေါင်း၍ လည်းကောင်း ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချုံကျင်းမြို့မှ (၁၁-၂-၂၀၂၀) ရက်နေ့တွင် ဟောင်ကောင်မှတစ်ဆင့် မြန်မာနိုင်ငံသို့ရောက်ရှိလာသော အသက် (၂၆) နှစ်အရွယ် တရုတ်ပြည်သူ့သမ္မတနိုင်ငံသား အမျိုးသားတစ်ဦးသည် (၁၉-၂-၂၀၂၀) ရက်နေ့တွင် ဖျားနာခြင်းခံစားခဲ့ရသဖြင့် ပြင်ပဆေးခန်းသို့ သွားရောက်ပြသခဲ့ပြီး ထိုမှတစ်ဆင့် ဝေဘာဂီအထူးကုဆေးရုံသို့ ညွှန်းပို့ခဲ့သည်။ ဝေဘာဂီအထူးကုဆေးရုံတွင် စောင့်ကြည့်လူနာအဖြစ် သတ်မှတ်၍ ၎င်းလူနာထံမှ ဓာတ်ခွဲနမူနာရယူပြီး အမျိုးသားကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) သို့ ပေးပို့စစ်ဆေးထားရှိပါသည်။ အဆိုပါလူနာအား စစ်ဆေးရာတွင် လတ်တလော ပြင်းထန်အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများ မတွေ့ရှိရကြောင်း သိရသည်။

ယနေ့ (၂၀-၂-၂၀၂၀) ရက်နေ့ မွန်းတည့် ၁၂ နာရီအထိ လူနာ လေးဦးအား ဆေးရုံများတွင် ဆက်လက်၍ စောင့်ကြပ်ကြည့်ရှု ကုသမှုပေးလျက်ရှိသည်။

အဆိုပါ စောင့်ကြည့်လူနာများထံမှ ဓာတ်ခွဲနမူနာများကို (၂၀-၂-၂၀၂၀) ရက်နေ့မှစတင်၍ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနမှ စစ်ဆေးခဲ့ရာ ညနေ ၆ နာရီအထိ ရရှိသော အဖြေများအရ -

(က) ဝေဘာဂီအထူးကုဆေးရုံကြီးမှ အသက် (၄၀) နှစ်အရွယ် အမျိုးသား တစ်ဦး၊

(ခ) မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးမှ အသက် (၂၆) နှစ်အရွယ် အမျိုးသမီး တစ်ဦး (စင်ကာပူနိုင်ငံတွင် ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့မှုရှိခဲ့သည့် အမျိုးသမီး) နှင့်

(ဂ) ဝေဘာဂီအထူးကုဆေးရုံကြီးမှ အသက် (၂၆) နှစ်အရွယ် အမျိုးသား တစ်ဦး

စုစုပေါင်း သုံးဦးတို့၏ ဓာတ်ခွဲအဖြေများတွင် Coronavirus Disease 2019 (COVID-19) ဗိုင်းရပ်စ်ရောဂါပိုး မရှိပါကြောင်း (မရှိကြောင်း) စစ်ဆေးသိရှိရသည်။

ယနေ့ (၂၀-၂-၂၀၂၀) ရက်နေ့ ညနေ ၆ နာရီအထိ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးတွင် စောင့်ကြည့်လူနာတစ်ဦးအား သက်ဆိုင်ရာဆေးရုံတွင် စောင့်ကြပ်ကြည့်ရှုကုသမှုပေးလျက်ရှိပြီး ၎င်းတို့၏ ကျန်းမာရေးအခြေအနေမှာ သက်သာကောင်းမွန်လျက်ရှိပါသည်။ လူနာများ၏ ဓာတ်ခွဲအဖြေများ ရရှိပါက အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်သွားမည်ဖြစ်သည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် COVID-19 အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများအား အပြည်ပြည်ဆိုင်ရာ ကျန်းမာရေးပြဋ္ဌာန်းချက်နှင့်အညီ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် အိမ်နီးချင်းနိုင်ငံများ၊ နိုင်ငံအသီးသီး၏ National Focal Point for International Health Regulations များနှင့် ချိတ်ဆက်၍ အချိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ (၁၉-၂-၂၀၂၀) ရက်နေ့တွင် မန္တလေးမြို့အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးမှ ပေးပို့သောသတင်းအရ မန္တလေးတိုင်းဒေသကြီး တံတားဦးအပြည်ပြည်ဆိုင်ရာလေဆိပ်မှ (၂၅-၁-၂၀၂၀) ရက်နေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟူပေပြည်နယ်သို့ ထွက်ခွာသွားသည့် လေယာဉ်ပေါ်တွင် လိုက်ပါခဲ့သည့် ခရီးသည် ၁၁၉ ဦးတွင် ပါဝင်ခဲ့သော ခရီးသည် နှစ်ဦးတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ရောက်ရှိပြီး (၇-၂-၂၀၂၀) ရက်နေ့နှင့် (၁၁-၂-၂၀၂၀) ရက်နေ့တို့၌ အသီးသီး COVID-19 ရောဂါကူးစက်ခံခဲ့ရကြောင်း သတင်းပေးပို့ခဲ့သည်။

အဆိုပါသတင်းအရ ၎င်းခရီးသည် နှစ်ဦးသည် မန္တလေးမြို့တွင် (၂၀-၁-၂၀၂၀) ရက်နေ့မှ (၂၄-၁-၂၀၂၀) ရက်နေ့အထိ နေထိုင်ခဲ့ပြီး (၂၅-၁-၂၀၂၀) ရက်နေ့တွင် မြန်မာနိုင်ငံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ပြန်လည်ထွက်ခွာသွားခဲ့ခြင်းဖြစ်ကာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ရောက်ရှိပြီး (၇-၂-၂၀၂၀) ရက်နေ့နှင့် (၁၁-၂-၂၀၂၀) ရက်နေ့တို့တွင် အသီးသီး COVID-19 ရောဂါကူးစက်ခံခဲ့ရခြင်းဖြစ်သည်။

အဆိုပါ သတင်းရရှိလျှင် ရရှိချင်း မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနသည် အဆိုပါခရီးသည်များနှင့် အနီးကပ်ထိတွေ့ခဲ့သည့် ဧည့်လမ်းညွှန်များ၊ ဟိုတယ်နှင့် စားသောက်ဆိုင်များမှ ဝန်ထမ်းများ၊ ယာဉ်မောင်းများနှင့် ၎င်းတို့၏ မိသားစုဝင်များအား ကျန်းမာရေးစစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကျန်းမာရေးအခြေအနေများ ကောင်းမွန်လျက်ရှိကြောင်းတွေ့ရှိရပြီး ရောဂါလက္ခဏာများ ပေါ်ပေါက်ပါက ကျန်းမာရေးဌာနသို့ ချက်ချင်းဆက်သွယ်သတင်းပို့ရန်နှင့် ရောဂါကာကွယ်ရေးနည်းလမ်းများအား ကျန်းမာရေးအသိပညာပေး၍ ရောဂါကူးစက်ခံရမှု ရှိ/မရှိကို လုပ်ငန်းလမ်းညွှန်များနှင့်အညီ ဆက်လက်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိကြောင်း သိရှိရသည်။

သတင်းစဉ်

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၀-၂-၂၀၂၀

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၂၃၀၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၅၇၇၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၂၂၉၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၅၇၂၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၁၀/၈၆၅ | ကျပ် | ၈၅၀/၈၇၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၂၀/၈၇၅ | ကျပ် | ၈၆၅/၈၈၀ | ကျပ် |
| အောက်တိန်း ၉၂ | ၇၃၀/၇၇၀ | ကျပ် | ၈၀၀/၈၀၅ | ကျပ် |
| အောက်တိန်း ၉၅ | ၈၅၀/၉၁၀ | ကျပ် | ၉၀၀/၉၃၅ | ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၅၄ . ၃ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၆၉ . ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၃၈ . ၇ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၈၇၅ . ၅ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၀၁ . ၆ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၆၄ . ၁၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၀၇ . ၂၄ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၀ . ၃၁၃ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၂၀ . ၈၃ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၄၇ . ၇၅ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၆ . ၂၅၆ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၂၀၀၀ | ၁၂၀၀၀ | ၁၆၃၄ | ၁၉၆၀၈၀၀၀ |
| MTSH | ၃၉၅၀ | ၄၀၀၀ | ၂၀၄၉ | ၈၁၀၅၄၀၀ |
| MCB | ၈၂၀၀ | ၀ | ၀ | ၀ |
| FPB | ၂၃၀၀၀ | ၂၃၀၀၀ | ၅၀၀ | ၁၁၅၀၀၀၀၀ |
| TMH | ၂၉၀၀ | ၂၉၀၀ | ၁၅၀၈ | ၄၃၇၃၂၀၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - စိုးစိုးနိုင်
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ
အကြီးတန်း သတင်းထောက်များ - ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ တင်လင်းအောင်၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်း သတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေပြဋ္ဌာန်း

*ယမန်နေ့မှအဆက်*

**ပြန်လည်ထူထောင်ရေးအစီအစဉ်ကို ပြောင်းလဲပြင်ဆင်ခြင်း**

၈၅။ (က) အစီအစဉ်ကြီးကြပ်သူသည် အောက်ပါအခြေအနေတစ်ရပ်ရပ်ပေါ်ပေါက်လျှင် ပြန်လည်ထူထောင်ရေး အစီအစဉ်ကို ပြောင်းလဲပြင်ဆင်ရန်အတွက် အစည်းအဝေးခေါ်ယူရမည်-

(၁) ကုမ္ပဏီ၏ဒါရိုက်တာဘုတ်အဖွဲ့မှ တောင်းဆိုသည့်စာကို လက်ခံရရှိခြင်း၊

(၂) အစီအစဉ်ပါ စည်းကမ်းချက်များ၏ အဓိကကျသော အကြောင်းအရာများကို ချိုးဖောက်လျက်ရှိသည် သို့မဟုတ် ချိုးဖောက်ရန် အလားအလာရှိသည်ဟု အစီအစဉ် ကြီးကြပ် သူက ထင်မြင်ပြီး အစီအစဉ်ကို ရပ်စဲခြင်းထက် ပြောင်းလဲခြင်းက ပိုမိုအကျိုးရှိနိုင်ခြင်း။

( ခ ) ပုဒ်မခွဲ (က) ပါ အခြေအနေတွင် အစီအစဉ်ကြီးကြပ်သူသည်-

(၁) နည်းဥပဒေများတွင် ဖော်ပြထားသည့် နည်းလမ်းများအတိုင်းမြီရှင်များ၏ အစည်းအဝေးကျင်းပမည့် အကြောင်းကြားစာပေးပို့ရမည်၊

(၂) မြီရှင်များထံသို့ ပေးပို့သည့် အကြောင်းကြားစာတွင် အစီအစဉ်၌ ပြောင်းလဲ ပြင်ဆင်လိုသည့် အချက်များ၏ မိတ္တူနှင့်အတူ အောက်ပါတို့ကို ပူးတွဲပေးပို့ရမည်-

(ကက) မည်သည့်အတွက် ထိုသို့ ပြောင်းလဲပြင်ဆင်ကြောင်း ရှင်းလင်းချက်၊

( ခခ ) မြီရှင်များသည် ပြောင်းလဲမှုကို ထောက်ခံသင့်သည်၊ ကန့်ကွက်သင့်သည် သို့မဟုတ် အစီအစဉ်ကို ရပ်စဲသင့်သည်ဟု အစီအစဉ် ကြီးကြပ်သူ၏ ထင်မြင်ချက်၊

( ဂဂ ) အစီအစဉ်ကြီးကြပ်သူက ထိုသို့ယူဆရသည့် အကြောင်းအရင်း၊

(ဃဃ) အဆိုပြုထားသည့် ပြောင်းလဲမှုသည် ကုမ္ပဏီ၏ တွဲဖက်လုပ်ကိုင်သူကို အကျိုးပြုနိုင်ခြင်း ရှိ မရှိ ဖော်ပြချက်။

( ဂ ) နည်းလမ်းတကျ ကျင်းပသည့် မြီရှင်များ အစည်းအဝေးတွင် ထပ်ဆင့်မဲအများစုရရှိပါက ပြန်လည်ထူထောင်ရေးအစီအစဉ်ကို ပြောင်းလဲပြင်ဆင်မှုသည် အတည်ဖြစ်စေရမည်။

(ဃ) မဲခွဲရာတွင် ထပ်ဆင့်မဲအများစုဖြင့် ဆုံးဖြတ်ခြင်း မပြုနိုင်ဘဲ အုပ်စုတစ်စုတည်း မဲအများစု ရရှိပါက အစီအစဉ်ကြီးကြပ်သူသည် အဆုံးအဖြတ်ပေးမည့် မဲကို ပေးပိုင်ခွင့်ရှိသည်။ ထိုမဲသည် အစီအစဉ် ပြောင်းလဲပြင်ဆင်မှုအတွက် ထောက်ခံမဲပေးပါက ဆုံးဖြတ်ချက်သည် အတည်ဖြစ်ပြီး ပြန်လည်ထူထောင်ရေး အစီအစဉ်ကို ပြောင်းလဲပြင်ဆင်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

( င ) ပြောင်းလဲပြင်ဆင်မှုအတွက် အဆုံးအဖြတ်မပြုနိုင်လျှင် အစည်းအဝေး သဘာပတိသည် အစီအစဉ်ကို ရပ်စဲရန် ထပ်မံမဲခွဲဆုံးဖြတ်ရမည်။

( စ ) ပြန်လည်ထူထောင်ရေးအစီအစဉ်ကို ရပ်စဲရန် ထပ်ဆင့်မဲအများစုရရှိပါက ရပ်စဲမှုသည် အတည်ဖြစ်စေရမည်။

(ဆ) မဲခွဲရာတွင် ထပ်ဆင့်မဲအများစုဖြင့် ဆုံးဖြတ်ခြင်း မပြုနိုင်ဘဲ အုပ်စုတစ်စုတည်း မဲအများစု ရရှိပါက အစီအစဉ်ကြီးကြပ်သူသည် အဆုံးအဖြတ်ပေးမည့်မဲကို ပေးပိုင်ခွင့်ရှိသည်။ ထိုမဲသည် အစီအစဉ်ရပ်စဲရန်အတွက် ထောက်ခံမဲပေးပါက ဆုံးဖြတ်ချက်သည် အတည်ဖြစ်ပြီး ပြန်လည်ထူထောင်ရေးအစီအစဉ်ကို ရပ်စဲပြီးဖြစ်သည်ဟု မှတ်ယူရမည်။

( ဇ ) အစီအစဉ်ရပ်စဲရန် အတည်မပြုနိုင်ပါက ကုမ္ပဏီသည် အစီအစဉ်ကို ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ပြီး ကျင်းပခဲ့သည့် အစည်းအဝေးသည် မူလအစီအစဉ်အပေါ် မည်သို့မျှ အကျိုးသက်ရောက်မှု မရှိဟု မှတ်ယူရမည်။ သို့ရာတွင် ပုဒ်မ ၈၇ အရ လျှောက်ထားလာလျှင် တရားရုံးသည် အစီအစဉ်ကို ရပ်စဲသင့်သည်ဟု ယူဆပါက ရပ်စဲရန် အမိန့်ချမှတ်နိုင်သည်။

( ဈ ) အစီအစဉ်ရပ်စဲရန် ဆုံးဖြတ်ခဲ့ပါက ကုမ္ပဏီသည် ပုဒ်မ ၈၈ နှင့်အညီ စာရင်းရှင်းလင်း ဖျက်သိမ်းခြင်းကို ချက်ချင်းဆောင်ရွက်ရမည်။

(ည) ဤပုဒ်မအရ မြီရှင်များအစည်းအဝေးကျင်းပပြီး အလုပ်လုပ်ကိုင်ရက် ၂ ရက်အတွင်း အစီအစဉ်ကြီးကြပ်သူသည် အစည်းအဝေး ဆုံးဖြတ်ချက်နှင့် မဲရလဒ်ကို မှတ်ပုံတင်အရာရှိနှင့် နည်းဥပဒေများဖြင့် သတ်မှတ်ဖော်ပြထားသည့် ပုဂ္ဂိုလ်များထံသို့ ပေးပို့ရမည်။

( ဋ ) အစီအစဉ်ကြီးကြပ်သူသည် ပုဒ်မခွဲ (ည) ပါ ပြဋ္ဌာန်းချက်ကို ခိုင်လုံသော အကြောင်းမရှိဘဲ လိုက်နာရန် ပျက်ကွက်ပါက မှတ်ပုံတင်အရာရှိသည် ၎င်းအား ကျပ်တစ်သိန်းထက် မပိုသော ဒဏ်ကြေးငွေ တပ်ရိုက်ရမည်။

( ဌ ) ဤပုဒ်မအရ ပြန်လည်ထူထောင်ရေး အစီအစဉ်ကို ပြောင်းလဲပြင်ဆင်ခဲ့လျှင် ကုမ္ပဏီ၏ မြီရှင်တစ်ဦးသည် ထိုသို့ပြောင်းလဲပြင်ဆင်ခြင်းကို ပယ်ဖျက်ပေးရန် တရားရုံးသို့ လျှောက်ထားနိုင်သည်။ တရားရုံးသည် တရားမျှတမှုရှိစေရန်အလို့ငှာ ထိုပြောင်းလဲ ပြင်ဆင်ချက်အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ပယ်ဖျက်နိုင်သည် သို့မဟုတ် အတည်ပြုနိုင်သည်။

**ရည်ရွယ်ချက် မအောင်မြင်သဖြင့် ပြန်လည်ထူထောင်ရေးအစီအစဉ်ကို မြီရှင်များက ရပ်စဲခြင်း**

၈၆။ (က) အစီအစဉ်ကို ချိုးဖောက်ခဲ့ပြီး ပုဒ်မ ၈၅ ပုဒ်မခွဲ (က)အရ ဆောင်ရွက်ရန်လည်း ပျက်ကွက်သည့်အပြင် ချိုးဖောက်မှုကို ကုစားမှု မပြုလုပ်ခဲ့လျှင် အစီအစဉ်ကြီးကြပ်သူသည် အောက်ပါ အချက်တစ်ရပ်ရပ်အရ မြီရှင်များ အစည်းအဝေးကို ခေါ်ယူကျင်းပရမည်-

(၁) အစီအစဉ်ကြီးကြပ်သူက ချိုးဖောက်မှုသည် အရေးပါသော ချိုးဖောက်မှုဟု ယူဆပြီး ထိုချိုးဖောက်မှုကို ကုစားရန်အတွက် ခွင့်ပြုထားသည့် အချိန်ကာလတစ်ရပ် ကုန်ဆုံးသွားခြင်း၊

(၂) စုစုပေါင်း မြီရှင်အရေအတွက်၏ တစ်ဆယ်ရာခိုင်နှုန်းထက် ပိုသော မြီရှင်များက ဖြစ်စေ၊ မြီရှင်တို့၏ ကြွေးမြီ စုစုပေါင်းတန်ဖိုး၏ တစ်ဆယ်ရာခိုင်နှုန်းထက်ပိုသော မြီရှင်များက ဖြစ်စေ အစည်းအဝေးခေါ်ယူပေးရန် တောင်းဆိုခြင်း။

( ခ ) အစည်းအဝေးကို နည်းဥပဒေများတွင် ပြဋ္ဌာန်းထားသည့်အတိုင်း ကျင်းပရမည်ဖြစ်ပြီး အစည်းအဝေး သဘာပတိက ပြန်လည်ထူထောင်ရေး အစီအစဉ် ရပ်စဲရန် မဲခွဲဆုံးဖြတ် ဆောင်ရွက်ရမည်။

( ဂ ) ဆုံးဖြတ်ချက်အတည်ဖြစ်ရန် လိုအပ်သော မဲအများစုအရေအတွက်သည် ပုဒ်မ ၈၅ ပုဒ်မခွဲ (စ) နှင့် (ဆ) ပါ ပြဋ္ဌာန်းချက်များအတိုင်း ဖြစ်သည်။

(ဃ) အကြောင်းကြားစာပေးပို့ခြင်းကို ပုဒ်မ ၈၅ ပုဒ်မခွဲ (ည) ပါ ပြဋ္ဌာန်းချက်နှင့်အညီ ဆောင်ရွက်ရမည်။

**ပြန်လည်ထူထောင်ရေးအစီအစဉ် မအောင်မြင်သဖြင့် သို့မဟုတ် လုပ်ငန်းစဉ်ကို အလွဲသုံးသဖြင့် တရားရုံးက ရပ်စဲခြင်း**

၈၇။ (က) ဤပုဒ်မသည် အောက်ပါအခြေအနေတစ်ရပ်ရပ်နှင့် သက်ဆိုင်စေရမည် -

(၁) အစီအစဉ်ကို ချမှတ်ရန် သို့မဟုတ် ပြောင်းလဲပြင်ဆင်ရန် မဲခွဲစဉ်က ကုမ္ပဏီ၏ စီးပွားရေးလုပ်ငန်းများ၊ ပိုင်ဆိုင်မှုများ၊ လုပ်ငန်းဆိုင်ရာကိစ္စရပ်များ သို့မဟုတ် ဘဏ္ဍာရေးအခြေအနေတို့နှင့် သက်ဆိုင်သည့် အရေးပါသော အချက်အလက်များကို မြီရှင်များထံ ပေးပို့ရာတွင် မှားယွင်း၍ဖြစ်စေ၊ လွဲမှားစေရန်ရည်ရွယ်၍ဖြစ်စေ၊ ဆုံးဖြတ်ရန် အရေးပါသည့် အချက်အလက်ကို ထိမ်ချန်ခြင်း၊

(၂) ပြန်လည်ထူထောင်ရေး အစီအစဉ်ကို စတင်ရန် မြီရှင်များ အစည်းအဝေးတွင် ဆုံးဖြတ်စဉ်က အကြီးအကျယ် နည်းလမ်း မကျခဲ့လျှင်ဖြစ်စေ ကြီးမားသော ဆန့်ကျင်ဆောင်ရွက်မှုပြုခြင်း၊

(၃) ပြန်လည်ထူထောင်ရေးအစီအစဉ်ကို စတင်ရန် ဆုံးဖြတ်ခဲ့စဉ်က ကုမ္ပဏီ၏တွဲဖက်လုပ်ကိုင်သူများ၏ ဆက်နွယ်နေသူများက ပါဝင်မဲပေးခဲ့ခြင်းကြောင့်သာ အတည်ဖြစ်ခဲ့ခြင်း၊

(၄) ပြန်လည်ထူထောင်ရေးအစီအစဉ်ပါ စည်းကမ်းချက်တစ်ချက် သို့မဟုတ် တစ်ချက်ထက် ပိုသောအချက်များသည် မြီရှင်တစ်ဦး သို့မဟုတ် အများ၏ အခွင့်အရေးကို ပိတ်ပင်ရာရောက်နိုင်ခြင်း သို့မဟုတ် မမျှမတ အဆင့်အတန်းခွဲခြားခြင်း သို့မဟုတ် ကုမ္ပဏီမြီရှင်အားလုံး၏အကျိုးကို ဆန့်ကျင်နေခြင်း၊

(၅) လိုက်နာရန်တာဝန်ရှိသူ တစ်ဦးတစ်ယောက်က အစီအစဉ်ကို ကြီးမားစွာ ဆန့်ကျင်ဆောင်ရွက်ခြင်း၊

(၆) မသင့်လျော်သော နှောင့်နှေးကြန့်ကြာမှု သို့မဟုတ် မတရားမှု မဖြစ်စေဘဲ ပြန်လည်ထူထောင်ရေးအစီအစဉ်အား အကောင်အထည်ဖော်ရန် မဖြစ်နိုင်ခြင်း၊

(၇) အစီအစဉ်ကြီးကြပ်သူသည် ပြန်လည်ထူထောင်ရေးအစီအစဉ် သို့မဟုတ် ၎င်း၏ တာဝန်များကို ဆန့်ကျင်ဆောင်ရွက်ခြင်း။

( ခ ) ပုဒ်မခွဲ (က) ပါ အခြေအနေတစ်ရပ် သို့မဟုတ် တစ်ရပ်ထက်ပိုသော အခြေအနေများအရ အစီအစဉ်ကြီးကြပ်သူ သို့မဟုတ် အကျိုးသက်ဆိုင်သူ မည်သူမဆို အစီအစဉ်ကို ရပ်စဲပေးရန် တရားရုံးသို့ လျှောက်ထားနိုင်သည်။

( ဂ ) ပုဒ်မခွဲ (ဃ) ပါ အခြေအနေမှလွဲ၍ ကုမ္ပဏီ၏သဘောတူစာချုပ်များ ရပ်စဲမှုသည် ထိုသဘောတူစာချုပ်အရ ယခင်ဆောက်ရွက်ခဲ့မှုများကို မထိခိုက်စေရ။

(ဃ) တရားရုံးက သဘောတူစာချုပ် တစ်စုံတစ်ရာအား ရပ်စဲကြောင်း အမိန့်ချမှတ်သည့်အခါ အစီအစဉ်အရ ရရှိထားသော အကျိုးအမြတ်များကို ပြောင်းလဲပြင်ဆင်ရန် လိုအပ်သည်ဟု ထင်မြင်လျှင် အောက်ပါပုဂ္ဂိုလ်များအပေါ် နောက်ဆက်တွဲ အမိန့်များလည်း ချမှတ်နိုင်သည်-

(၁) အစီအစဉ်ကိုဖြစ်စေ၊ အစီအစဉ်အရ ချုပ်ဆိုသည့် ပဋိညာဉ်ကို ဖြစ်စေ ချိုးဖောက်သူ၊

(၂) ကုမ္ပဏီ၏ တွဲဖက်လုပ်ကိုင်သူနှင့် ပတ်သက်သူ။

( င ) ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁)၊ (၂)၊ (၃) နှင့် (၄) တို့အရ လျှောက်ထားလိုလျှင် တရားရုံးက ခိုင်လုံသောအကြောင်းရှိသည်ဟု ယူဆသည်မှအပ မြီရှင်များက အစီအစဉ်ကို စတင်ရန် ဆုံးဖြတ်သည့်နေ့မှ ၂၈ ရက်အတွင်း လျှောက်ထားရမည်။

**အခန်း(၆)**

**စာရင်းရှင်းလင်းဖျက်သိမ်းခြင်းသို့ ကူးပြောင်းခြင်း**

**စာရင်းရှင်းလင်းဖျက်သိမ်းခြင်းသို့ ကူးပြောင်းသည့် အခြေအနေ**

၈၈။ (က) အောက်ပါအခြေအနေတစ်ရပ်ရပ်တွင် ကုမ္ပဏီသည် မြီရှင်များ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းခြင်းသို့ ကူးပြောင်းသည်-

(၁) မြီရှင်များသည် ပုဒ်မ ၈၅ နှင့် ၈၆ တို့အရ ပြန်လည်ထူထောင်ရေးအစီအစဉ်ကို ရပ်စဲရန်ဆုံးဖြတ်ခြင်း၊

(၂) မြီရှင်များမှ ပြန်လည်ထူထောင်ရေး အစီအစဉ်နှင့် စာရင်းရှင်းလင်းဖျက်သိမ်းရေး အစီအစဉ်တို့အား စတင်နိုင်ခြင်း မရှိဘဲ ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်သည် ပြီးဆုံးသွားခြင်း သို့မဟုတ် ပုဒ်မ ၇၅ တွင် သတ်မှတ်ထားသည့် အချိန်အတွင်း ပြန်လည်ထူထောင်ရေး အစီအစဉ်ကို အကောင်အထည်ဖော်နိုင်မှု မရှိခြင်း၊

(၃) ပုဒ်မ ၆၉ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၁) သို့မဟုတ် ပုဒ်မခွဲငယ် (၂) အရ ပြုလုပ်သည့် အစည်းအဝေးတွင် မြီရှင်များက ကုမ္ပဏီကို စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခြင်း၊

(၄) ပုဒ်မ ၈၇ အရ ကုမ္ပဏီကို စာရင်းရှင်းလင်းဖျက်သိမ်းရန် တရားရုံးမှ ဆုံးဖြတ်ခြင်း။

( ခ ) ဖျက်သိမ်းခြင်းသို့ ကူးပြောင်းချိန်တွင် မြီရှင်များက အခြားသော လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူအား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်ထားရန် ဆုံးဖြတ်ချက် ချမှတ်ခဲ့ခြင်း မရှိလျှင် ဖျက်သိမ်းခြင်းသို့ မကူးပြောင်းမီအချိန်အထိ ဆောင်ရွက်ခဲ့သည့် ပြန်လည်ထူထောင်ရေးမန်နေဂျာ သို့မဟုတ် အစီအစဉ်ကြီးကြပ်သူအဖြစ် ဆောင်ရွက်ခဲ့သည့် လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူသည် ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိအဖြစ် ဆက်လက်ဆောင်ရွက်ရမည်။

( ဂ ) စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိသည် စာရင်းရှင်းလင်း ဖျက်သိမ်းခြင်းသို့ ကူးပြောင်းပြီးနောက် အလုပ်လုပ်ကိုင်ရက် ၅ ရက်အတွင်း မှတ်ပုံတင်အရာရှိထံသို့ ထိုသို့ ကူးပြောင်းကြောင်းကို စာဖြင့်ရေးသား အကြောင်းကြားရမည်။ ထို့ပြင် အဆိုပါ အကြောင်းကြားစာကို နည်းဥပဒေများတွင် သတ်မှတ်ပြဋ္ဌာန်းထားသည့်ကာလအတွင်း သတ်မှတ်ပြဋ္ဌာန်းထားသည့် နည်းလမ်းများအတိုင်း အများသိစေရန် ထုတ်ပြန်ကြေညာရမည်။

(ဃ) ပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ် သို့မဟုတ် ပြန်လည်ထူထောင်ရေးအစီအစဉ်အား ဆောင်ရွက်နေသော ကုမ္ပဏီသည် စာရင်းရှင်းလင်းဖျက်သိမ်းခြင်းသို့ ကူးပြောင်းနိုင်သော အခြားအခြေအနေများကို နည်းဥပဒေများတွင် သတ်မှတ်ဖော်ပြနိုင်သည်။

**အခန်း(၇)**

**အရပ်ရပ်ဆိုင်ရာပြဋ္ဌာန်းချက်များ**

**မမှန်မကန်တင်ပြခြင်း**

၈၉။ အဆိုပြုပြန်လည်ထူထောင်ရေးအစီအစဉ် အတည်မဖြစ်စေကာမူ ကုမ္ပဏီ၏ အရာရှိတစ်ဦးသည် အဆိုပါ အစီအစဉ်အတည်ဖြစ်စေရန်အတွက် ကုမ္ပဏီမြီရှင်များ၏ သဘောတူညီချက်ကို ရရှိစေရန် ရည်ရွယ်ချက်ဖြင့် အောက်ပါပြုလုပ်မှုတစ်ခုခုကိုပြုလျှင် မှတ်ပုံတင်အရာရှိသည် ၎င်းအား ငွေကျပ်နှစ်ဆယ့်ငါးသိန်းထက်မပိုသော ဒဏ်ကြေးငွေ တပ်ရိုက်ရမည် -

(က) မမှန်မကန်တင်ပြခြင်း၊

( ခ ) လိမ်လည်လှည့်ဖြားလိုသော သဘောဖြင့် ပြုလုပ်ခြင်း သို့မဟုတ် ပြုလုပ်ရမည့်ကိစ္စကို ပြုလုပ်ရန် ပျက်ကွက်ခြင်း။

**ကုမ္ပဏီ၏ ကိစ္စရပ်များနှင့်စပ်လျဉ်းသည့် ထုတ်ဖော်ကြေညာချက်**

၉၀။ (က) ပြန်လည်ထူထောင်ရေး မန်နေဂျာ သို့မဟုတ် အစီအစဉ်ကြီးကြပ်သူအား ခန့်အပ်ပြီးနောက် ၎င်းသည် ကုမ္ပဏီကိစ္စရပ်များနှင့် သက်ဆိုင်သည့်ပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသူတို့အား ကုမ္ပဏီ၏ကိစ္စရပ်များနှင့် စပ်လျဉ်းသည့် ထုတ်ဖော်ကြေညာချက်ကို ပြုစုလျက် ၎င်းထံပေးပို့ရန် စာဖြင့်အကြောင်းကြားနိုင်သည်။

( ခ ) ပုဒ်မခွဲ (က) နှင့်စပ်လျဉ်း၍ နည်းဥပဒေများတွင် အောက်ပါတို့ကို အထူးပြုဖော်ပြစေရမည်-

(၁) စာဖြင့်ရေးသားသော အကြောင်းကြားစာ၏ပုံစံ၊

(၂) ဆက်နွယ်သည့် ပုဂ္ဂိုလ်များ၊

(၃) ကုမ္ပဏီ၏ ကိစ္စရပ်များနှင့် စပ်လျဉ်းသည့် ထုတ်ဖော်ကြေညာချက်ပုံစံနှင့် ယင်းပုံစံတွင် ပါရှိရမည့် အချက်များ။

( ဂ ) ဤပုဒ်မအရ ကုမ္ပဏီ၏ ကိစ္စရပ်များနှင့်စပ်လျဉ်းသည့် ထုတ်ဖော်ကြေညာချက် တင်ပြရန် တာဝန်ရှိသူသည် အကြောင်းကြားစာ လက်ခံရရှိသည့်နေ့မှ ၂၁ ရက်အတွင်း ထုတ်ဖော် ကြေညာချက်ကို ပေးပို့ရမည်။

(ဃ) မည်သူမဆို ဤပုဒ်မအရ တင်ရှိသောတာဝန်များကို ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ လိုက်နာရန် ပျက်ကွက်ပါက မှတ်ပုံတင်အရာရှိသည် ၎င်းအား ကျပ်ငါးသိန်းထက် မပိုသည့် ဒဏ်ကြေးငွေ တပ်ရိုက်ရမည်။

*ဆက်လက်ဖော်ပြပါမည်*

# (၇)ကြိမ်မြောက် အာဆီယံ-ကိုရီးယား အင်ဂျင်နီယာပညာရပ်ဆိုင်ရာဖိုရမ်

**သိပ္ပံစာရေးဆရာကိုကိုအောင်**

**AAET နှင့် ကိုရီးယားနိုင်ငံ**

အရှေ့တောင်အာရှနိုင်ငံများအသင်း(ASEAN)၏ ပညာရပ်ဆိုင်ရာ အဖွဲ့အစည်းတစ်ခု ဖြစ်သည့် အာဆီယံ အင်ဂျင်နီယာပညာနှင့် နည်းပညာအကယ်ဒမီ (ASEAN Academy of Engineering & Technology – AAET) သည် ဒေသတွင်းနိုင်ငံများ၌ အင်ဂျင်နီယာပညာနှင့် နည်းပညာများ ဖွံ့ဖြိုးတိုးတက်ရေးကို အစဉ်တစိုက် ရှေးရှုဆောင်ရွက်လျက်ရှိသည်။ AAET ၏ ကြိုးပမ်းဆောင်ရွက်မှုများကို တတ်အားသရွေ့ အားဖြည့်ထောက်ကူပေးနေကြသော အာဆီယံအဖွဲ့ဝင်မဟုတ်သည့် နိုင်ငံများထဲတွင် ကိုရီးယား သမ္မတနိုင်ငံ(တောင်ကိုရီးယား)က ထိပ်တန်း၌ရှိနေသည်။ AAET ကကျင်းပပြုလုပ်သော ဒေသတွင်း အစည်းအဝေးနှင့် ဖိုရမ်များသို့ ပါဝင်တက်ရောက်ရုံမျှမက မိမိနိုင်ငံသို့လည်းဖိတ်ခေါ်ပြီး ဖိုရမ်များကို အခါအားလျော်စွာ ကျင်းပပေးသော ကိုရီးယားသမ္မတနိုင်ငံ၏ အားတက်သရော ရှိမှုသည် အာဆီယံနိုင်ငံများ၏ ညီညွတ်မှုနှင့် ဖွံ့ဖြိုးတိုးတက်လိုမှုတို့ကို အားပေးအားမြှောက် ပြုပေးလျက်ရှိနေသည်။

**(၇)ကြိမ်မြောက် ဖိုရမ်**

အာဆီယံ-ကိုရီးယား ပူးပေါင်းဆောင်ရွက်မှု၏ အထင်ကရ မှတ်တိုင်တစ်ခုဖြစ်သော (၇)ကြိမ်မြောက် အာဆီယံ-ကိုရီးယား အင်ဂျင်နီယာပညာရပ်ဆိုင်ရာဖိုရမ်ကို ၂၀၁၉ ခုနှစ် နိုဝင်ဘာလ ၂၉ ရက်က ကိုရီးယား သမ္မတနိုင်ငံ ဘူဆန်ဆိပ်ကမ်းမြို့ကြီး၌ ကျင်းပပြုလုပ်ခဲ့သည်။ အဆိုပါ ဖိုရမ်သို့ အာဆီယံ အင်ဂျင်နီယာပညာနှင့် နည်းပညာအကယ်ဒမီ (ASEAN Academy of Engineering & Technology – AAET)၏ Fellow ဖြစ်သော မိမိအနေဖြင့် AAET ကိုကိုယ်စားပြု၍လည်းကောင်း၊ AAET Myanmar Chapter ကို ကိုယ်စားပြု၍လည်းကောင်း၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီကို ကိုယ်စားပြု၍လည်းကောင်း တက်ရောက်ကာ စာတမ်းဖတ်ကြားခဲ့သည်။ မိမိအနေဖြင့် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၏ အပြည်ပြည်ဆိုင်ရာနှင့် ပြည်သူ့ဆက်ဆံရေး ကော်မတီဥက္ကဋ္ဌ ဖြစ်သည့်အားလျော်စွာ အာဆီယံဒေသတွင်းနိုင်ငံများနှင့် ကမ္ဘာ့နိုင်ငံအချို့၌ ကျင်းပပြုလုပ်သော အင်ဂျင်နီယာပညာရပ်နှင့် သက်ဆိုင်သည့် အစည်းအဝေးနှင့်ဖိုရမ်များသို့ အခါအားလျော်စွာ တက်ရောက်ရသည့် ကိစ္စရပ်များထဲတွင် ယခု အာဆီယံ-ကိုရီးယား အင်ဂျင်နီယာ ပညာရပ်ဆိုင်ရာဖိုရမ်ကလည်း တစ်ခုအပါအဝင်ဖြစ်သည်။

**အာဆီယံ-ကိုရီးယား ဖိုရမ်များ**

ယခုကျင်းပခဲ့သည့် အာဆီယံ-ကိုရီးယား အင်ဂျင်နီယာပညာရပ်ဆိုင်ရာ ဖိုရမ်သည် သတ္တမ အကြိမ်မြောက်ဖြစ်ပြီး ပထမအကြိမ်မြောက် အာဆီယံ-ကိုရီးယားဖိုရမ်ကို ၂၀၁၃ ခုနှစ်က ကိုရီးယား သမ္မတနိုင်ငံ ဆိုးလ်မြို့၌လည်းကောင်း၊ ဒုတိယအကြိမ်မြောက်ဖိုရမ်ကို ၂၀၁၄ ခုနှစ်က အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌လည်းကောင်း၊ တတိယအကြိမ်မြောက်ဖိုရမ်ကို ၂၀၁၅ ခုနှစ်က မလေးရှားနိုင်ငံ ပီနန်မြို့၌ လည်းကောင်း၊ စတုတ္ထအကြိမ်မြောက်ဖိုရမ်ကို ၂၀၁၆ ခုနှစ်က ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့၌လည်းကောင်း၊ ပဉ္စမအကြိမ်မြောက်ဖိုရမ်ကို ၂၀၁၇ ခုနှစ်က မြန်မာနိုင်ငံ ရန်ကုန်မြို့၌ လည်းကောင်း၊ ဆဋ္ဌမ အကြိမ်မြောက် ဖိုရမ်ကို ၂၀၁၈ ခုနှစ်က ကမ္ဘောဒီးယားနိုင်ငံ ဖနောင်းပင်မြို့၌လည်းကောင်း အသီးသီး ကျင်းပခဲ့ပြီး ဖြစ်သည်။

**ဖိုရမ်အစီအစဉ်များ**

ယခုကျင်းပခဲ့သည့် (၇)ကြိမ်မြောက် အာဆီယံ-ကိုရီးယား အင်ဂျင်နီယာပညာရပ်ဆိုင်ရာဖိုရမ်၏ ခေါင်းစဉ်က Smart Life & Smart Development ဖြစ်ပြီး ကိုရီးယားသမ္မတနိုင်ငံ ဘူဆန်ဆိပ်ကမ်းမြို့ရှိ Paradise Hotel ၌ ကျင်းပခဲ့ခြင်းဖြစ်သည်။ နံနက်ပိုင်း ဖိုရမ်အဖွင့် Session သည် National Plan on Smart Life & Smart Development ဖြစ်ပြီး မွန်းလွဲပိုင်းဖိုရမ် ပထမ Session က Smart Energy & Smart Home Devices ဖြစ်ကာ၊ မွန်းလွဲပိုင်းဖိုရမ် ဒုတိယ Session က Smart City & Renewable Energy ဖြစ်သည်။

ဖိုရမ်အဖွင့်တွင် The National Academy of Engineering of Korea–NAEK ၏ ဒုတိယဥက္ကဋ္ဌ ပါမောက္ခ Dr. Donggun Park နှင့် ASEAN Academy of Engineering & Technology–AAET ၏ ဥက္ကဋ္ဌ ပါမောက္ခ Dr. Chuah Hean Teik တို့က ကြိုဆိုနှုတ်ခွန်းဆက်စကားများ အသီးသီးပြောကြားကြသည်။ ထို့နောက် နံနက်ပိုင်း Opening Session ကို ဆက်လက်ကျင်းပပြုလုပ်ရာ ကိုရီးယားသမ္မတနိုင်ငံ စမတ်စီးတီး အထူးကော်မတီ၏ အကြံပေးအရာရှိချုပ် ပါမောက္ခ Dr. Kabsung Kin က The Strategies of Smart City in Korea ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ကိုရီးယားသမ္မတနိုင်ငံ Presidential Committee for New Southern Policy ၏ Policy Coordinator ဖြစ်သူ Ms. Eui–hae Cecilia Chung က The New Southern Policy : Progress & Future Direction ခေါင်းစဉ်ဖြင့်လည်းကောင်း မိန့်ခွန်းများကို အသီးသီးပြောကြားကြသည်။

မွန်းလွဲပိုင်း Smart Life Session တွင် ကိုရီးယားသမ္မတနိုင်ငံ သိပ္ပံနှင့် နည်းပညာ တက္ကသိုလ်၏ Principal Research Scientist ဖြစ်သူ Mr. Kyung–Ho Shin က Chairperson အဖြစ်ဆောင်ရွက်သည်။ Speaker များဖြစ်ကြသော မလေးရှားနိုင်ငံ Universiti Tunku Abdul Rahman (UTAR) မှ ပါမောက္ခ Dr. Lim Yun Seng က Services & Benefits of Grid–scale Energy Storage System ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Samsung Electronics ၏ ဒုတိယဥက္ကဋ္ဌဖြစ်သူ Dr. Sunggy Koo က Future of Smart Home Devices & Experiences with AI–powered IOTခေါင်းစဉ်ဖြင့်လည်းကောင်း၊ ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်၏ အကြံပေးအရာရှိ Dr. Men Den က Sustainable Development of Renewable Energy & Smart Control ခေါင်းစဉ်ဖြင့်လည်းကောင်း၊ LG Electronics ၏ Head of Business Solution Development ဖြစ်သူ Mr. Youngseag Baeg က Case Study of Smart & Green Eenergy Nexus Project with Renewable Energy ခေါင်းစဉ်ဖြင့်လည်းကောင်း ဖတ်ကြားတင်ပြကြသည်။

ယင်းနောက် မွန်းလွဲပိုင်း၏ ပထမ Panel Discussion ကို ဆက်လက်ကျင်းပရာ မွန်းလွဲပိုင်း ပထမ Session ၏ Speaker များက တက်ရောက်လာကြသူများ၏ သိလိုသမျှ မေးမြန်းမှုများကို ပြန်လည်ရှင်းလင်း ဖြေကြားပေးကြသည်။

**မြန်မာနိုင်ငံနှင့် စမတ်စီးတီးဆိုင်ရာ စိန်ခေါ်မှုများ**

မွန်းလွဲပိုင်း Smart Development Session တွင် မလေးရှားနိုင်ငံ Universiti Tunku Abdul Rahman (UTAR) ၏ ဥက္ကဋ္ဌဖြစ်သူ ပါမောက္ခ Dr. Lee Sze Wei က Chairperson အဖြစ် ဆောင်ရွက်သည်။ Speaker များ ဖြစ်ကြသော Hanwha Q–cells ၏ မန်နေးဂျင်းဒါရိုက်တာဖြစ်သူ Dr. Jeongeui Hong က Solar Industry & Technology Trend ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မလေးရှားနိုင်ငံ Universiti Tunku Abdul Rahman (UTAR) ၏ တွဲဖက်ပါမောက္ခ Dr. Liew Soung Yue က Towards Mass & Speady Percel Delivery for Smart Cities ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Doosan Heavy Industries & Construction ၏ ဒုတိယဥက္ကဋ္ဌဖြစ်သူ Dr. Yongjin Song က Doosan Wind Power Solutions ခေါင်းစဉ်ဖြင့် လည်းကောင်း၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၊ အပြည်ပြည်ဆိုင်ရာနှင့် ပြည်သူ့ဆက်ဆံရေး ကော်မတီဥက္ကဋ္ဌနှင့် အင်ဂျင်နီယာအရည်အသွေးအကဲဖြတ်ပညာရှင် Engr ကိုကိုအောင် (သိပ္ပံစာရေးဆရာ ကိုကိုအောင်)က Smart City Challenges for Myanmar ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီးဖတ်ကြား တင်ပြကြသည်။

ယင်းနောက် မွန်းလွဲပိုင်း ဒုတိယ Panel Discussion ကို ဆက်လက်ကျင်းပရာ မွန်းလွဲပိုင်း ဒုတိယ Session Speaker များက တက်ရောက်လာကြသူများ၏ သိလိုသမျှ မေးမြန်းမှုများကို ပြန်လည်ရှင်းလင်း ဖြေကြားကြသည်။ ဆက်လက်၍ Round Table Meeting နှင့် Working Group Meeting ကို ဆက်လက် ကျင်းပရာ မြန်မာနိုင်ငံကိုယ်စားပြု အင်ဂျင်နီယာပညာရှင်အနေဖြင့် ပါဝင် ဆွေးနွေးခဲ့သည်။

မြန်မာနိုင်ငံကိုယ်စားပြု အင်ဂျင်နီယာပညာရှင်အနေဖြင့် (၇)ကြိမ်မြောက် အာဆီယံ–ကိုရီးယား အင်ဂျင်နီယာပညာရပ်ဆိုင်ရာ ဖိုရမ်၌ တင်သွင်းဖတ်ကြားခဲ့သည့် Smart City Challenges for Myanmar စာတမ်းတွင် Characteristics of Framework for ASEAN Smart Cities အပိုင်းနှင့် အဆိုပါအပိုင်းအတွက် အဓိကအရေးကြီးသည့် ကဏ္ဍများကိုလည်းကောင်း၊ ထိုကဏ္ဍများတစ်ခုချင်း ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် အဓိကအရေးကြီးသည့် ကဏ္ဍများနှင့် အသေးစိတ် အချက်အလက်များကိုလည်းကောင်း၊ မြန်မာနိုင်ငံ၏ အဓိက မြို့ကြီးသုံးမြို့ဖြစ်သည့် နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့များကို Smart City များ ဖြစ်လာစေရန် အတွက် ဦးတည်ဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့် အဆိုပါမြို့ကြီးများ၏ လက်ရှိအခြေအနေ အရပ်ရပ်ကိုလည်းကောင်း၊ အဆိုပါ မြို့ကြီးသုံးမြို့ အနေဖြင့် Smart City များဖြစ်လာနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် ရင်ဆိုင်ကြုံတွေ့နေရသည့် စိန်ခေါ်မှုများကိုလည်းကောင်း Power Point နှင့်တကွ ရှင်းလင်းတင်ပြခဲ့ရာ ဖိုရမ်သို့ တက်ရောက်လာကြသည့် အာဆီယံနိုင်ငံများနှင့် ကိုရီးယားသမ္မတနိုင်ငံ NAEK မှ ပညာရှင်များ၏ အထူးစိတ်ဝင်စားအားပေးမှုကို ရရှိခဲ့သည်။

Smart City Challenges for Myanmar ခေါင်းစဉ်ဖြင့် ဤကဲ့သို့ စာတမ်းဖတ်ကြားတင်သွင်းခြင်းကို အကြောင်းပြုကာ နောင်လာမည့် အာဆီယံ–ကိုရီးယား အင်ဂျင်နီယာပညာရပ်ဆိုင်ရာဖိုရမ်များတွင် Smart City Challenges ဆိုင်ရာ အလားတူအကြောင်းအရာများကို ဆွေးနွေးသွားကြရန်လည်း Round Table Meeting ၌ သဘောတူဆုံးဖြတ်ခဲ့ကြသည်။

(၇)ကြိမ်မြောက် အာဆီယံ–ကိုရီးယား အင်ဂျင်နီယာပညာရပ်ဆိုင်ရာ ဖိုရမ် အထိမ်းအမှတ်အဖြစ် ကိုရီးယားသမ္မတ နိုင်ငံ၏ အကြီးမားဆုံးသော စက်မှုလုပ်ငန်းကြီးလည်းဖြစ်ပြီး၊ ကမ္ဘာ့ပဉ္စမမြောက် အကြီးမားဆုံးသော သံမဏိစက်ရုံကြီးလည်း ဖြစ်သည့် Posco Steel Mill သို့ ၂၀၁၉ ခုနှစ် နိုဝင်ဘာလ ၃၀ ရက်က သွားရောက်လေ့လာခွင့် ရရှိခဲ့သည်။ ဘရာဇီးနိုင်ငံမှ သံမဏိအရိုင်းများကို အဓိကထား တင်သွင်းကာ မီးပြင်းဖိုများဖြင့် အရည်ကျိုပြီး စက်မှုလုပ်ငန်းသုံး သံမဏိထည်ကုန်ကြမ်းအမျိုးမျိုးကို ထုတ်လုပ်ပေးနေသည့် Posco Steel Mill တွင် အရည်ကျိုရန်အတွက် အပူပေးသည့် High Temperature Furnace များကို Smart Control စနစ်ဖြင့် ထိန်းချုပ်လုပ်ကိုင် ဆောင်ရွက်နေမှုများနှင့်အတူ ကမ္ဘာကျော် Posco Museum ကိုပါ တစ်ပါတည်း လေ့လာကြည့်ရှုခဲ့ရသည်မှာ မိမိလို အင်ဂျင်နီယာပညာရှင်တစ်ဦးအတွက် အလွန်ပင် တန်ဖိုးရှိလှပေတော့သည်။ ။




(၇)ကြိမ်မြောက် အာဆီယံ-ကိုရီးယားအင်ဂျင်နီယာပညာရပ်ဆိုင်ရာ ဖိုရမ်သို့ မြန်မာအင်ဂျင်နီယာပညာရှင် တက်ရောက်နေစဉ်

**"မြန်မာနိုင်ငံ၏ အဓိက မြို့ကြီးသုံးမြို့ဖြစ်သည့် နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့များကို Smart City များ ဖြစ်လာစေရန် အတွက် ဦးတည်ဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့် အဆိုပါမြို့ကြီးများ၏ လက်ရှိအခြေအနေ အရပ်ရပ်ကိုလည်းကောင်း၊ အဆိုပါ မြို့ကြီး သုံးမြို့ အနေဖြင့် Smart City များဖြစ်လာနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် ရင်ဆိုင်ကြုံတွေ့နေရသည့် စိန်ခေါ်မှုများကို လည်းကောင်း Power Point နှင့်တကွ ရှင်းလင်းတင်ပြခဲ့ရာ ဖိုရမ်သို့ တက်ရောက်လာကြသည့် အာဆီယံနိုင်ငံများနှင့် ကိုရီးယားသမ္မတ နိုင်ငံ NAEK မှ ပညာရှင်များ၏ အထူးစိတ်ဝင်စားအားပေးမှုကို ရရှိခဲ့သည်။"**

# ၂၀၂၀ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု အင်္ဂလိပ်စာဘာသာရပ်ဆိုင်ရာသိကောင်းစရာများ

ဒေါက်တာပိုးပိုး ပါမောက္ခ (ဌာနမှူး) အင်္ဂလိပ်စာဌာန၊ရန်ကုန်တက္ကသိုလ်

**တက္ကသိုလ်ဝင်စာမေးပွဲ အင်္ဂလိပ်စာဘာသာရပ် မေးခွန်းဟာ ၂၀၁၉ နှစ်၊ မတ်လစာမေးပွဲကစပြီး ကျောင်းသား ကျောင်းသူတွေ ပြဋ္ဌာန်းစာအုပ်ကို အလွတ်ကျက်မှတ်ဖြေဆိုမှုလျော့နည်းစေပြီး ကျောင်းသား ကျောင်းသူများ၏ စဉ်းစားတွေးခေါ်မှု (Critical Thinking) နှင့် ပြောဆို ဆက်ဆံနိုင်မှု (Communicative Skills) ပိုမိုဖွံ့ဖြိုးတိုးတက်လာစေဖို့ ပြောင်းလဲခဲ့ပါတယ်။ မနှစ်ကမေးခွန်းတွေကိုလေ့လာကြည့်ရင် ကျောင်းသားအများစုဖြေဆိုနိုင်တဲ့ လွယ်၊ သင့်၊ ခက် မေးခွန်းတွေပါဝင်လို့ သင်ခန်းစာများကို သေသေချာချာ လေ့ကျင့်ထားတဲ့ ကျောင်းသား ကျောင်းသူတွေ ဖြေဆိုနိုင်ခဲ့တာ တွေ့ရပါတယ်။**

အင်္ဂလိပ်စာဘာသာရပ် မေးခွန်းမှာ မေးခွန်းပုဒ်ရေ စုစုပေါင်း(၉)ပုဒ်မေးပြီး မေးခွန်းတစ်ဝက်ခန့်က ပြဋ္ဌာန်းစာအုပ်ပါ အကြောင်းအရာတွေကို အခြေခံပြီး မေးထားတာ ဖြစ်ပါတယ်။ ဒီနှစ်မေးခွန်းမှာလည်း မေးခွန်း(၉)ပုဒ်ပဲ မေးမှာဖြစ်ပြီး မေးခွန်းပုံစံတွေကလည်း မနှစ်က ပုံစံတွေအတိုင်းပဲ ဖြစ်ပါတယ်။

**မေးခွန်းနံပါတ်(၁)** ကတော့ သင်ခန်းစာ(၁၄)ခုထဲက ကျောင်းသားများ လေ့လာထားပြီးဖြစ်တဲ့ စာပိုဒ်တစ်ပိုဒ်ကို ပေးထားပြီး အဲဒီစာပိုဒ်မှာပါတဲ့ အကြောင်းအရာတွေကို မေးခွန်းအမျိုးအစား (၂)မျိုးနဲ့မေးမှာ ဖြစ်တယ်။

**Question No. I (A)** က **Write the correct word or words to complete each sentence.** ဖြစ်ပါတယ်။ ပေးထားတဲ့ စာကြောင်းကို အဓိပ္ပာယ်ပြည့်စုံအောင် ကွက်လပ်ဖြည့်ပေးရမှာ ဖြစ်တယ်။ ဝါကျ(၅)ကြောင်း ပေးထားပြီး ပေးထားတဲ့ ကွက်လပ်ကို စာလုံးတစ်လုံး၊ ဒါမှမဟုတ် စကားစုတစ်စုနဲ့ ဖြည့်ပေးရမှာ ဖြစ်ပါတယ်။ သတိပြုရမှာက ပေးထားတဲ့ ဝါကျရဲ့ တည်ဆောက်ပုံပေါ်မူတည်ပြီး သင့်လျော်သလို စကားလုံးတွေကို ပြောင်းရေးဖို့ လိုကောင်း လိုပါလိမ့်မယ်။

ဥပမာ – စာပိုဒ်ထဲမှာ If you are worried about how you look, you're certainly not the only one. လို့ ပေးထားပေမယ့် မေးခွန်းမှာ If you are worried about your look, it is ---------- that you're not the only one. လို့ပေးထားရင် ဒီကွက်လပ်မှာဖြည့်ရမယ့် စကားလုံးက adjective ဖြစ်ရပါမယ်။ ဒါကြောင့် certainly ဆိုတဲ့ စာပိုဒ်ထဲက စာလုံးကို ဒီအတိုင်း ပြန်ကူးရေးလို့ မရပါဘူး။ certainly ကို certain လို့ ပြောင်းပေးမှ အဖြေမှန်မှာ ဖြစ်ပါတယ်။

တစ်ခါတစ်ရံ Passive Voice ကို Active Voice နဲ့ ပြောင်းဖို့ လိုကောင်း လိုပါလိမ့်မယ်။ ဥပမာ – စာပိုဒ်ထဲမှာ There's a treasure inside her that needs to be opened. လို့ စာပိုဒ်မှာ ပေးထားပေမယ့် မေးထားတဲ့စာကြောင်းက Somebody needed ---------- the treasures inside Helen. လို့ ပေးထားမယ်ဆိုရင် ဒီစာကြောင်းမှာ ဖြည့်ရမယ့် စကားလုံးဟာ Active Voice ဖြစ်ရပါမယ်။ ဒါကြောင့် to be opened လို့ ဖြေပေးလို့မရပါဘူး။ to open လို့ ရေးမှ အဖြေမှန်မှာ ဖြစ်ပါတယ်။

**Question No. I (B)** ကတော့ **Answer each question in one sentence.** ဖြစ်ပါတယ်။

စာပိုဒ်ထဲမှာပါတဲ့ အကြောင်းအရာ အချက်အလက်တွေနဲ့ ဆက်စပ်ပြီး မေးခွန်း (၅)ခု မေးမှာ ဖြစ်ပြီး ပေးထားတဲ့စာပိုဒ်ထဲကအဖြေရှာပြီး မေးခွန်းတစ်ခုစီကို ပြည့်စုံတဲ့ဝါကျတစ်ကြောင်းစီနဲ့ ဖြေပေးရမှာ ဖြစ်ပါတယ်။ အမှတ်ပြည့်ရရှိဖို့အတွက် မေးခွန်းမှာမေးတဲ့ အချက်အလက် (fact) ရော၊ သဒ္ဒါ (grammar) ပါ မှန်မှန်ကန်ကန်ဖြေနိုင်အောင် လေ့ကျင့်ထားဖို့လိုပါတယ်။

ဥပမာ – She became angry and violent very easily and threw things onto the floor or at other people. လို့ပေးထားပြီး When Helen became angry and violent, what did she do? လို့မေးခဲ့ရင် ပေးထားတဲ့ စာပိုဒ်ထဲက စာကြောင်း She became angry and violent very easily and threw things onto the floor or at other people. ကို ပြန်ကူးချလို့မရပါဘူး။ မေးထားတဲ့ မေးခွန်းကို ပြန်ကောက်ပြီး When Helen became angry and violent, she threw things onto the floor or at other people. လို့ ပြန်ဖြေပေးရပါမယ်။

ဒ့ါအပြင် The beach resorts at Pattaya and Phuket offer a wide range of activities from scuba diving and windsurfing to golf. လို့ပေးထားပြီး What examples of water sports are given in the passage? လို့မေးခဲ့ရင် The examples of water sports (that are) given in the passage are scuba diving and windsurfing. လို့ ဖြေမှမှန်ပါမယ်။ water sports ကို မေးတာဖြစ်လို့ golf ကို ထည့်ရေးရင် အမှတ်ပြည့်မရနိုင်ပါဘူး။

တစ်ခါတစ်ရံမှာ စာပိုဒ်ထဲက အကြောင်းအရာနဲ့ ဆက်စပ်ပြီး မိမိကိုယ်တိုင် ဆုံးဖြတ်ဖြေဆိုရတဲ့ မေးခွန်းမျိုးတွေလည်း မေးနိုင်ပါတယ်။ ဥပမာ – Travel in Southeast Asia II ထဲက မြန်မာပြည်အကြောင်း စာပိုဒ်တစ်ပိုဒ်ပေးထားပြီး Among the torurist attractions mentioned in Myanmar, which place would you like to visit? Why? လို့မေးခဲ့ရင် ပေးထားတဲ့ စာပိုဒ်ကို ကိုးကားပြီး I would like to visit Chaungtha beach because I want to view nature at its best. (သို့မဟုတ်) because I want to study marine life လို့ ဖြေလို့ရပါတယ်။ ဒါမှမဟုတ် I would like to go to Bagan because I want to see the thousands of old pagodas it has. လို့ ရေးလို့ ရပါတယ်။ အဓိကကတော့ ဆီလျော်မှုရှိတဲ့ အဖြေဖြစ်ဖို့နဲ့ သဒ္ဒါမှန်ဖို့ပဲ ဖြစ်ပါတယ်။

ပြဋ္ဌာန်းစာအုပ်ပါ စာပိုဒ်တွေနဲ့ မေးခွန်းတွေကို အလွတ်ကျက်မှတ်တာထက် မေးခွန်းအမျိုးမျိုးကို အဓိပ္ပာယ်ရှိရှိ မှန်မှန်ကန်ကန် ဖြေတတ်အောင် လေ့ကျင့်ထားဖို့ လိုပါတယ်။ စာပိုဒ်ထဲက သက်ဆိုင်တယ်ထင်တဲ့ စာကြောင်းတွေကို တိုက်ရိုက်ကူးချပေးလိုက်တာမျိုးလည်း မပြုလုပ်ကြဖို့ သတိပေးချင်ပါတယ်။

**မေးခွန်းနံပါတ်(၂)** ကတော့ **Fill in each numbered blank with a word from the list given. There are five extra words.** Write down only the number of the blank and the word that fills it. ဖြစ်ပါတယ်။

ပြဋ္ဌာန်းစာအုပ်မှာပါတဲ့ သင်ခန်းစာ(၁၄)ခုထဲက စာပိုဒ်တစ်ပိုဒ်ပေးထားပြီး (၈)လုံးမြောက် စကားလုံးတွေမှာ ပေးထားတဲ့ ကွက်လပ်တွေကို ဖြည့်ပေးရမှာ ဖြစ်ပါတယ်။ ကွက်လပ်ပေါင်း (၂၀)ရှိပြီး ဒီကွက်လပ်တွေကို ဖြည့်စွက်ဖို့ စကားလုံး (၂၅) လုံးကိုလည်း ပေးထားပါတယ်။ သတိပြုရမယ့် အချက်ကတော့ စာလုံး (၅) လုံး ပိုပေးထားတာပါပဲ။ စာပိုဒ်ကြီး တစ်ပိုဒ်လုံးကို ပြန်ကူးရေးဖို့ မလိုပါဘူး၊ ကွက်လပ်နံပါတ်နဲ့ အဖြေကိုသာ ရေးရမှာ ဖြစ်ပါတယ်။ အဖြေကို ရေးတဲ့အခါမှာ capital letter တို့၊ small letter တို့၊ spelling တို့ကို မှန်အောင် ရေးရပါမယ်။

**မေးခွန်းနံပါတ်(၃)** မှာ အပိုင်း(၂)ပိုင်းပါ ပါမယ်။

III (A) ကတော့ **Choose the appropriate word to complete the sentences.** ဖြစ်ပါတယ်။ ဖတ်စာအုပ်ထဲက စကားလုံးတွေကို အဓိပ္ပာယ်သိရှိမှုနဲ့ မှန်မှန်ကန်ကန်သုံးတတ်မှုကို စစ်ဆေးတာ ဖြစ်ပါတယ်။ ကွက်လပ်ပါတဲ့ မေးခွန်း(၅)ခုပေးထားပြီး ရွေးချယ်ဖို့ စကားလုံး(၃)လုံး ပေးထားမှာဖြစ်တယ်။ အဲဒီဝါကျမှာ မှန်တဲ့စကားလုံးကို ရွေးရမှာဖြစ်ပါတယ်။

ဥပမာ – Myanmar people ---------- their respect to their elders during Thidingyut. လို့ ပေးထားပြီး ရွေးချယ်စရာ A. give, B. pay, C. offer လို့ ပေးထားပါမယ်။ ဒီမေးခွန်းမှာ အဖြေမှန်က pay ဖြစ်လို့ B. pay လို့ ရေးပေးရပါမယ်။ ပေးထားတဲ့ ဝါကျရဲ့ အဓိပ္ပာယ်နဲ့ ရွေးချယ်ဖို့ ပေးထားတဲ့ စကားလုံးတွေကို ဘယ်လိုသုံးရတယ်ဆိုတာသိမှ အဖြေမှန်ကို ရွေးချယ်နိုင်မှာ ဖြစ်ပါတယ်။

နောက်ဥပမာတစ်ခုကတော့ My car broke ---------- on the way home last night. ဖြစ်ပြီး ပေးထားတဲ့ စကားလုံးတွေက A. up, B. down, C. out ဖြစ်မယ်ဆိုရင် အဖြေမှန်က B. down ဖြစ်လို့ နံပါတ်တပ်ပြီး B. down ရေးရင် ရပါတယ်။ မေးထားတဲ့ ဝါကျ တစ်ကြောင်းလုံးကို ပြန်ကူးဖို့မလိုပါဘူး။

III (B) ကတော့ **Write the appropriate words or groups of words to complete the lines of verse.** ဖြစ်ပြီး ကဗျာ(၇)ပုဒ်ထဲက ကောက်နုတ်ချက်တွေကို ကွက်လပ်ဖြည့် မေးတာပဲ ဖြစ်ပါတယ်။ ဒီမေးခွန်းဟာ ကျောင်းသား ကျောင်းသူတွေရဲ့ သင်ယူထားတဲ့ ကဗျာတွေကို နားလည်မှတ်သားထားရင် ဖြေဆိုဖို့လွယ်ကူတဲ့ မေးခွန်းဖြစ်ပါတယ်။ တိတိကျကျ ပြန်လည်ဖော်ပြဖို့နဲ့ စာလုံးပေါင်းမှားယွင်းမှုမရှိအောင် သတိထားကြဖို့ လိုပါတယ်။

ဥပမာ – The Arrow and the Song ကဗျာထဲက စာကြောင်းနှစ်ကြောင်း ဖြစ်တဲ့

For, so swiftly it flew, the sight

Could not follow it in ----------.

လို့မေးရင် its flight လို့ ဖြေပေးရမှာ ဖြစ်ပါတယ်။ မေးထားတဲ့ စာကြောင်းတွေကို ပြန်ကူးဖို့ မလိုပါဘူး။

**မေးခွန်းနံပါတ်(၄)** ကတော့ ပြဋ္ဌာန်းစာအုပ်ကို ကျေကျေညက်ညက် လေ့လာထားမှုရှိ မရှိ စစ်ဆေးဖို့ မေးခွန်း(၅)ခုမေးမှာဖြစ်ပါတယ်။ ရွေးချယ်စရာ မေးခွန်းပေးမထားဘူး ဆိုတာကို သိရှိထားဖို့လိုပါတယ်။ ကျောင်းသား ကျောင်းသူတွေဟာ အချက်အလက်ရော သဒ္ဒါပါ မှန်မှန်ကန်ကန်နဲ့ မေးခွန်းတွေကို ဖြေဆိုရမှာ ဖြစ်ပါတယ်။

ဥပမာ –

What are nightmares and when do they occur? လို့ မေးထားတယ်ဆိုရင် Nightmares are terrifying dreams, a collection of confused thoughts and they occur towards dawn. လို့ ပြန်ဖြေပေးရမှာ ဖြစ်ပါတယ်။

Name two advantages of self–service supermarkets. လို့ မေးခဲ့ရင် Two advantages of self–service supermarkets are that there is no waiting to be served and there is a wide variety of choice. လို့ ပြန်ဖြေပေးရမှာ ဖြစ်ပါတယ်။

နောက်ပုံစံတစ်ခုဖြစ်တဲ့

Who said these words and to whom were they said? What does the underlined word refer to?

"There's a treasure inside her that needs to be opened. And I think you can open **it** for her."

ဆိုတဲ့ ပုံစံလည်းမေးနိုင်ပါသေးတယ်။ ဒီလိုမေးရင် The director of the Perkins Institute for the Blind said these words to Annie Sullivan. The underlined word "it" refers to "the treasure inside Helen". လို့ ဖြေပေးရပါမယ်။

ဒီမေးခွန်းတွေကို မှန်မှန်ကန်ကန်ဖြေဆိုနိုင်ဖို့ သင်ခန်းစာ (၁၄) ခုလုံး မှာပါတဲ့ အကြောင်းအရာတွေကို အသေးစိတ်ဖတ်ပြီး မှတ်သားထားဖို့ လိုပါတယ်။ ယခု ဖြေပြတဲ့ အဖြေတွေက နမူနာအဖြေများသာ ဖြစ်ပါတယ်။ ဆိုလိုရင်းမှန်ကန်တဲ့ သဒ္ဒါမှန်တဲ့ ဘယ်အဖြေကိုမဆို လက်ခံမှာ ဖြစ်ပါတယ်။

မေးခွန်းနံပါတ်(၄) အပုဒ်ငယ် (၅) ကတော့ ကဗျာတွေထဲက စာကြောင်း နှစ်ကြောင်းလောက်ကိုပေးထားပြီး ဆိုလိုရင်းအဓိပ္ပာယ်ကို ရေးခိုင်းတာ ဖြစ်ပါတယ်။ What do these lines mean? လို့မေးမှာဖြစ်ပါတယ်။ ဒီမေးခွန်းကို ဖြေနိုင်ဖို့ကတော့ ပြဋ္ဌာန်းထားတဲ့ ကဗျာတွေရဲ့ အဓိပ္ပာယ်ကို နားလည် သိရှိထားဖို့လိုပါတယ်။ ကဗျာကို အဓိပ္ပာယ်ဖွင့်ဆိုတဲ့ အခါမှာ ဆိုလိုရင်းအဓိပ္ပာယ်ရော သဒ္ဒါရော မှန်ရပါမယ်။

ဥပမာ – What do these lines mean?

Content to breathe his native air In his own ground. ဆိုတဲ့ကဗျာထဲက စာကြောင်း (၂) ကြောင်းကို ပေးထားတယ်ဆိုရင် အဲဒီကဗျာ (၂) ကြောင်းကို စကားပြေ ပြန်ပေးရမှာ ဖြစ်ပါတယ်။

**မေးခွန်းနံပါတ်(၅)** ကတော့ ဖတ်စာအုပ်ထဲမှာမပါတဲ့ စာပိုဒ်တစ်ပိုဒ်ပေးထားပြီး မေးခွန်း (၅)ခုကို ဖြေပေးရမှာဖြစ်တယ်။ Unseen passage ဖြစ်ပေမယ့် ကျောင်းသား ကျောင်းသူတို့ အသက်အရွယ်နဲ့ ကိုက်ညီမယ့် အကြောင်းအရာပိုင်းနဲ့ language တို့ ပါဝင်တဲ့ စာပိုဒ်မျိုးကို ပေးထားမှာ ဖြစ်လို့ စိတ်ပူစရာမလိုပါဘူး။ မနှစ်က အတွေ့အကြုံအရဆိုရင် ဒီလိုမေးခွန်းကို ဖြေဆိုတတ်အောင်လေ့ကျင့်ထားတဲ့ ကျောင်းသားအများစု ဖြေဆိုနိုင်ကြတာကို တွေ့ရပါတယ်။

ဥပမာ – စာပိုဒ်က

'After you' is an expression seldom heard in public nowadays. When someone says 'After you', it means he or she wants you to go first or to do something first. လို့ပေးထားပြီး What does someone want you to do when he says 'After you'? လို့မေးရင် အဖြေက Someone wants me to go first or to do something first when he says 'After you' လို့ ဖြေပေးရပါမယ်။

ဒ့ါအပြင် ကျောင်းသား ကျောင်းသူတွေ စာဖတ်ပြီးနားလည်နိုင်စွမ်းကို စစ်ဆေးတဲ့အနေနဲ့ စာပိုဒ်ထဲက အကြောင်းအရာကို တိုက်ရိုက်မမေးဘဲ ဆက်စပ်ပြီးမေးတဲ့ မေးခွန်းမျိုးတွေလည်း မေးနိုင်ပါတယ်။

ဥပမာ – စာပိုဒ်ထဲမှာ One of the best customs is 'After you'. We say 'After you' because we have respect for each other. လို့ ပေးထားပြီး Do you let other people do things before you sometimes? Why? လို့ မေးရင် ကိုယ်က သူတစ်ပါးကို တစ်ခါတစ်ရံမှာ ကိုယ့်ရှေ့က ပေးလုပ်မလားလို့ မေးရင် ပေးလုပ်မယ်၊ မလုပ်ဘူးနဲ့ ဘာကြောင့်ဆိုတဲ့ အကြောင်းပြချက်ကို ပေးရမှာပါ။ ဒါဆိုရင် Yes, I let other people do things before me sometimes because I have respect for them. (သို့) No, I don't let other people do things before me sometimes because I have a bad habit of wanting to get ahead of others လို့ ဖြေဆိုနိုင်ပါတယ်။

ဒီလိုမေးခွန်းတွေဟာ open–ended ဖြစ်လို့ အဖြေက တစ်ခုထက်မက ရှိပါတယ်။ အဓိပ္ပာယ်ရှိတဲ့ သဒ္ဒါမှန်တဲ့ မည်သည့် အဖြေကိုမဆို အမှတ်ပေးမှာ ဖြစ်ပါတယ်။ ဒီမေးခွန်းတွေက တစ်ပုဒ်ကို (၂) မှတ်ပေးတဲ့ မေးခွန်းတွေ ဖြစ်တဲ့အတွက် အဖြေတစ်ဝက်လောက် မှန်ရင်လည်း အမှတ်တစ်ဝက် ရနိုင်ပါတယ်။

**မေးခွန်းနံပါတ်(၆)** ကတော့ capital letter, small letter, comma, semi–colon, colon, full stop, question mark, open and close inverted commas, exclamation mark, apostrophe စတဲ့ Punctuation တွေကို မှန်မှန်ကန်ကန် သုံးတတ်မှုကို စစ်ဆေးတဲ့မေးခွန်းတွေ ဖြစ်ပါတယ်။ Punctuate the following. လို့ မေးမှာဖြစ်ပါတယ်။

အဓိကကတော့ Punctuation တွေကို ဘယ်လိုသုံးရမလဲဆိုတာ သိဖို့ လိုပါတယ်။ Punctuation မေးခွန်းအတွက် အလွတ်ကျက်မှတ်ဖို့ မလိုပါဘူး။ လေ့ကျင့်ခန်းများများ လုပ်ပေးဖို့ပဲ လိုပါတယ်။ ဥပမာအားဖြင့် ဝါကျရဲ့အစ စကားလုံးတို့ လူနာမည်တို့ကို capital letter နဲ့ရေးဖို့၊ ဝါကျအဆုံးမှာ အဆိုဝါကျဖြစ်ရင် full stop သုံးဖို့၊ လူတစ်ဦး တစ်ယောက်က ပြောတဲ့ စကားလုံးတွေကို ပေးထားရင် အဲဒီစကားလုံးတွေရဲ့ အစနဲ့ အဆုံးမှာ inverted comma တွေသုံးဖို့ သိရပါမယ်။ ဥပမာ –

thuzar said id love to but i couldnt as im not feeling well လို့ ပေးထားရင်

Thuzar said, "I'd love to but I couldn't as I'm not feeling well."

လို့ ပြန်ရေးပေးရမှာ ဖြစ်ပါတယ်။

**မေးခွန်းနံပါတ်(၇)** မှာ အပိုင်း( ၂) ပိုင်း ပါဝင်ပါတယ်။

ပထမပိုင်း **VII.(A)** က **Stylistic Transformation. Finish each sentence in such a way that it means exactly the same as the sentence that is given.** လို့မေးမှာ ဖြစ်ပါတယ်။ ပေးထားတဲ့ ဝါကျ(၁၀)ကြောင်းကို အဓိပ္ပာယ် မပြောင်းလဲစေဘဲ ပြန်ရေးပေးရမှာဖြစ်တယ်။ ဒီလိုအဓိပ္ပာယ်မပြောင်းလဲဘဲ တည်ဆောက်ပုံမတူတဲ့ဝါကျတွေ နဝမတန်းနဲ့ ဒသမတန်းပြဋ္ဌာန်းစာအုပ်တွေထဲမှာ ပါပါတယ်။ အဲဒီလေ့ကျင့်ခန်းတွေကို များများလေ့ကျင့်ရင် ဒီအပိုင်းကို ကောင်းကောင်း ဖြေဆိုနိုင်ကြမှာ ဖြစ်ပါတယ်။

*စာမျက်နှာ ၂၁ သို့*

*စာမျက်နှာ ၂၀ မှ*

ဒုတိယပိုင်း **VII.(B)** ကတော့ **Using the prompts given, write a very short paragraph on:** ဆိုပြီး ရွေးစရာ(၂)ပုဒ် ပေးပါမယ်။ ပေးထားတဲ့ prompt တွေကိုသုံးပြီး စာပိုဒ်တိုလေး တစ်ပိုဒ်ရေးရမှာ ဖြစ်တယ်။ ကိုယ်ပိုင်နိုင်စွာရေးနိုင်မယ့်တစ်ပုဒ်ကိုရွေးပါ။ ကြိုတင်ပြင်ဆင်ရေးသား ကျက်မှတ်ထားတာတွေကို ဘာမှမစဉ်းစားဘဲ ချရေးတာမျိုး မလုပ်ပါနဲ့။ မလိုတာတွေ ထည့်မရေးပါနဲ့။ **write a very short paragraph** ဆိုတာကို သတိပြုပါ။ ပေးထားတဲ့ prompt အားလုံးကို ပြန်သုံးပြီး သဒ္ဒါမှန်တဲ့ဝါကျတွေ ရေးရမှာမို့လို့ ကိုယ်ပိုင်ဝါကျတွေ တည်ဆောက်တတ်အောင် လေ့ကျင့်ထားကြပါ။

ဥပမာ – Malaysia အကြောင်းကို ရေးခိုင်းတယ်ဆိုပါစို့။ ပေးထားတဲ့ prompt တွေက – separated – two sections – South China Sea ဖြစ်ရင် Malaysia is separated into two sections by the South China Sea. လို့ ရေးပေးရမှာ ဖြစ်ပါတယ်။ ဒီဝါကျကို ရေးဖို့ subject က Malaysia ဖြစ်လို့ subject နေရာမှာ “Malaysia” ထည့်ပြီး verb နေရာမှာ “separated” လို့ ပေးထားပါတယ်။ ဒါကိုကြည့်ရင် ဒီဝါကျဟာ passive voice ဖြစ်လို့ “is” ထည့်ပေးရပါတယ်။ ဒ့ါအပြင် “separated” နောက်မှာ preposition လိုတဲ့အတွက် “into” ထည့်ပေးဖို့ လိုပါတယ်။ နောက် object က South China Sea ရှေ့မှာ “by” နဲ့ “the” တို့ ထည့်ပေးဖို့ လိုပါတယ်။ ဒါမှ ပြည့်စုံတဲ့ ဝါကျတစ်ကြောင်း ဖြစ်မယ်။

ဒီမေးခွန်းကို ဖြေနိုင်ဖို့ဆိုရင် article တွေ၊ preposition တွေ၊ conjunction တွေ၊ pronoun တွေနဲ့ punctuation တွေကို ဘယ်လို သုံးရမယ်ဆိုတာ သိရှိပြီး များများလေ့ကျင့်ထားဖို့ လိုပါတယ်။ ပြဋ္ဌာန်းစာအုပ်ထဲက စာပိုဒ်တွေကို တိုက်ရိုက်ပေးထားမှာ မဟုတ်လို့ အလွတ်ကျက်မှတ်တာထက် မိမိကိုယ်တိုင်ဝါကျတွေကို တည်ဆောက်တတ်အောင် လေ့ကျင့်ထားကြပါ။

**မေးခွန်းနံပါတ် (၈)** ကတော့ Letter writing ဖြစ်ပါတယ်။ **Choose a situation given below and write a letter. Do not write more than 300 words.** လို့မေးမှာဖြစ်ပါတယ်။ ပေးထားတဲ့ မေးခွန်း(၂)ပုဒ်ထဲက ကြိုက်ရာတစ်ပုဒ်ကို ရွေးပြီး စာလုံးရေ (၃၀၀)ထက် မပိုအောင် ရေးသား ဖြေဆိုရပါမယ်။ ဒီမေးခွန်းကို ဖြေဆိုတဲ့အခါ သတိပြုရမယ့် အချက်တွေကတော့ ပေးထားတဲ့ ညွှန်ကြားချက်တွေကို သေသေချာချာဖတ်ဖို့ပဲ ဖြစ်ပါတယ်။ ဒီနေရာမှာ (၁) စာရေးသူ(Addresser)နဲ့ စာလက်ခံရရှိမယ့်သူ (Addressee) တွေကို သေသေချာချာသိဖို့ လိုပါတယ်။ (၂) ဘာအကြောင်းအရာ ရေးရမလဲဆိုတာ သေသေချာချာဖတ်ပါ။ ရေးခိုင်းတဲ့ အကြောင်းအရာ တစ်ခုလား၊ နှစ်ခုလားဆိုတာ သေသေချာချာဖတ်ပြီးမှ ရေးဖို့ လိုပါတယ်။ အရေးကြီးတဲ့အချက်တစ်ချက်ကတော့ မေးခွန်းမှာ စာရေးသူ (Addresser) နဲ့ စာလက်ခံရရှိမယ့်သူ (Addressee) တွေရဲ့ နာမည်ကို ပေးထားပြီး ဖြစ်ပါတယ်။ ဒါကြောင့် မိမိနာမည်၊ မိမိကျောင်း၊ မိမိမြို့ စတာတွေကို လုံးဝထည့်မရေးဖို့ အထူးသတိပေးချင်ပါတယ်။ ဥပမာ –

You are **Thida** and you live at **No.7, Insein Road, Yangon.** Write to **your aunt,** who has been teaching high school students for nearly twenty years. Tell her how much you fear the matriculation examination and request her to give you some advice to overcome your fear.

ဆိုတဲ့မေးခွန်းကို ကြည့်ရင် အကြောင်းအရာနှစ်ချက် ပါပါတယ်။ ပထမအချက်က how much you fear the matriculation examination နဲ့ ဒုတိယအချက်က request her to give you some advice to overcome your fear ဖြစ်ပါတယ်။ မိမိစာမေးပွဲကို ဘယ်လိုကြောက်ကြောင်း၊ ဒီလိုကြောက်ရွံ့မှုကို ကျော်လွှားနိုင်ဖို့ အဒေါ်ထံက အကြံဉာဏ် တောင်းလိုကြောင်းနဲ့ အဒေါ်ဖြစ်သူက အထက်တန်း ကျောင်းသားတွေကို နှစ်(၂၀)နီးပါး သင်ကြားနေတဲ့ ဆရာမဖြစ်လို့ မိမိကို အကြံဉာဏ်ကောင်းတွေ ပေးနိုင်မယ်လို့ မျှော်လင့်ကြောင်း စသည်ဖြင့် အချက်နှစ်ချက်လုံးကို တိတိကျကျ ဆီလျော်မှုရှိအောင်ရေးမှ အမှတ်ကောင်းကောင်းရမှာ ဖြစ်ပါတယ်။ မေးခွန်းမှာ မေးထားတဲ့ အကြောင်းအရာကို သေသေချာချာ မဖတ်ဘဲ အလွတ်ကျက်ထားသမျှ အားလုံးချရေးတာမျိုးဟာ မေးထားတာနဲ့ မဆီလျော်လို့ အမှတ်ကောင်းကောင်း မရနိုင်ပါဘူး။

**မေးခွန်းနံပါတ်(၉)** ကတော့ **Write an essay of three paragraphs on ONE of the following. Do not write more than 500 words.** ဖြစ်ပါတယ်။ ပေးထားတဲ့ ခေါင်းစဉ်(၃)ခုထဲက မိမိအပိုင်နိုင်ဆုံး ခေါင်းစဉ်တစ်ခုကို ရွေးပြီး ရေးရမှာ ဖြစ်ပါတယ်။ ဥပမာ – Trees are the lungs of the earth လို့ မေးတာကို ကိုယ်ကျက်ထားတဲ့ သစ်ပင်တွေရှိဖို့ အရေးကြီးတာ၊ သစ်ပင်စိုက်ဖို့ အရေးကြီးတာ၊ သစ်ပင်စိုက်ခြင်းကရတဲ့ အကျိုးကျေးဇူးတွေ အကြောင်းနဲ့ ရပ်ထားလို့ မရပါဘူး။ နောက်တစ်ဆင့် ထပ်ပြီး စဉ်းစားရပါမယ်။ လူတစ်ဦးမှာ အဆုတ်ပျက်စီးသွားရင်၊ ဒါမှမဟုတ် မကောင်းတော့ရင် အသက်အန္တရာယ် စိုးရိမ်ရသလို ကမ္ဘာကြီးမှာ သစ်ပင်သစ်တောတွေမရှိရင်၊ ပျက်စီးပြုန်းတီးသွားရင် ကမ္ဘာကြီးမှာ အန္တရာယ်တွေ ကျရောက်လာမယ့်အကြောင်းအထိ စတဲ့သစ်ပင်နဲ့ အဆုတ်တွေရဲ့လုပ်ဆောင်ချက် တူညီတာတွေကို ဖွဲ့နွဲ့ရေးသားပေးဖို့ လိုပါတယ်။ ဒါမှသာလျှင် မေးထားတဲ့မေးခွန်းကို ထိထိမိမိ ဖြေနိုင်မှာ ဖြစ်ပါတယ်။

တက္ကသိုလ်ဝင်စာမေးပွဲမှာ စာစီစာကုံးနဲ့ ပေးစာတွေကို ကောင်းကောင်းရေးနိုင်ဖို့

(၁) Organization – ဖွဲ့စည်းပုံကောင်းခြင်း။ အကြောင်းအရာ အချက်အလက်တွေကို နိဒါန်း၊ စာကိုယ်၊ နိဂုံး စသဖြင့် အစီအစဉ်ကျကျ ရေးနိုင်ရပါမယ်။

(၂) Relevancy – ဆီလျော်မှုရှိခြင်း။ မိမိရေးရမယ့် အကြောင်းအရာနဲ့ ဆီလျော်တာကိုပဲ ရေးရမှာ ဖြစ်ပါတယ်။ လုံးဝသက်ဆိုင်မှုမရှိတဲ့ အကြောင်းအရာတွေကို ရေးခဲ့ရင် ဆီလျော်မှု မရှိလို့ အမှတ်မရနိုင်ပါဘူး။

(၃) Content – အချက်အလက်ပြည့်စုံခြင်း။ ရေးရမယ့်အကြောင်းအရာနဲ့ စပ်လျဉ်းတဲ့ အချက်အလက်နဲ့ ဥပမာတွေကို ပြည့်ပြည့်စုံစုံရေးနိုင်ဖို့လိုပါမယ်။

(၄) Language – အသုံးအနှုန်းမှန်ကန်ခြင်း။ သုံးတဲ့စကားလုံးဝေါဟာရတွေမှန်ခြင်း၊ ကောင်းခြင်း၊ လှခြင်း၊ ကြွယ်ဝခြင်းနဲ့ သဒ္ဒါမှန်ခြင်း၊ ဝါကျဖွဲ့စည်းပုံ မှန်မှန်နဲ့ ဝါကျ အမျိုးမျိုးကို ရေးတတ်ရပါမယ်။

(၅) Creativity – ဖန်တီးတင်ပြနိုင်ခြင်း။ ရေးတဲ့အကြောင်းအရာကို စာဖတ်သူ စိတ်ဝင်စားအောင် စိတ်ကူးစိတ်သန်းကောင်းကောင်းနဲ့ ဖန်တီးတင်ပြနိုင်စွမ်း ရှိရပါမယ်။

ပေးစာနဲ့ စာစီစာကုံး ရေးရာမှာ ထပ်မံသတိပေးလိုတာကတော့ စာလုံးရေကန့်သတ်ထားတာကို သတိရှိဖို့ပါပဲ။ ဆီလျော်မှုရှိတဲ့ ပေးစာတွေ၊ စာစီစာကုံးတွေကို ကျစ်ကျစ်လျစ်လျစ် ထိထိမိမိ၊ သဒ္ဒါမှန်မှန်နဲ့ရေးဖို့ ရည်ရွယ်ချက်နဲ့ စာလုံးရေကန့်သတ်ထားတာပဲ ဖြစ်ပါတယ်။ မနှစ်ကစပြီး ဒီလိုစာလုံးရေကန့်သတ်လိုက်တဲ့အတွက် ကျောင်းသား ကျောင်းသူတွေ ရေးသားတဲ့ စာပိုဒ်တွေက ပိုပြီးဆက်စပ်မှုရှိလာတယ်။ မဆိုင်တာတွေ ထည့်ရေးတာတွေ လျော့ကျလာတယ်။ ပိုမိုကျစ်လျစ်ပြီး ထိရောက်မှုရှိလာပါတယ်။ ဒါပေမယ့် တစ်ချို့ကတော့ အကြောင်းအရာတွေကို ထပ်တလဲလဲရေးပြီး ပေးထားတဲ့ စာလုံးရေထက်များနေပြီး လိုအပ်တဲ့ အချက်အလက်တွေ မပါတာကို တွေ့ရပါသေးတယ်။ ဒ့ါကြောင့် စာမရေးခင်မှာ မိမိရေးသားမယ့် အကြောင်းအရာကို သေသေချာချာ အစီအစဉ်ချပြီးမှ ရေးသင့်ပါတယ်။ ဒါမှသာ မေးထားတဲ့ အချက်တွေ အားလုံးကို ထည့်သွင်းရေးသားနိုင်ပြီး အမှတ်ကောင်းကောင်းရမှာ ဖြစ်ပါတယ်။

တက္ကသိုလ်ဝင်စာမေးပွဲကိုဖြေဆိုကြမယ့် ကျောင်းသား ကျောင်းသူတွေကို အထူးမှာချင်တာကတော့ ပြဋ္ဌာန်းစာအုပ်မှာပါတဲ့ သင်ခန်းစာအားလုံးကို သေသေချာချာ လေ့လာမှတ်သားဖို့၊ စကားလုံးတွေရဲ့ ဝေါဟာရတွေရဲ့ အဓိပ္ပာယ်တွေအပြင် သူတို့ကို ဘယ်လိုအသုံးပြုတယ် ဆိုတာကိုပါ သိရှိအောင် လေ့လာဖို့၊ reading comprehension တွေကို ဘယ်လိုဖြေဆိုရမယ်ဆိုတာသိရှိအောင် လေ့ကျင့်ထားဖို့၊ ကဗျာတွေကိုလည်း ရွတ်ဆိုနိုင်ရုံသာမက အဓိပ္ပာယ်ဖွင့်ဆိုတတ်အောင် ကြိုးစားဖို့ လိုပါတယ်။ ပေးစာနဲ့စာစီစာကုံးတွေကိုလည်း သတ်မှတ်ထားတဲ့ စကားလုံးအရေအတွက်အတွင်းမှာ ကျစ်ကျစ်လျစ်လျစ်နဲ့ ဆီလျော်မှန်ကန်အောင် ရေးတတ်ဖို့လည်း လေ့ကျင့်ကြပါလို့ မှာကြားလိုပါတယ်။

ကျောင်းသား ကျောင်းသူများအားလုံး ၂၀၂၀ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အင်္ဂလိပ်စာ ဘာသာရပ်ကို အခက်အခဲမရှိ ထူးထူးချွန်ချွန်နဲ့ ဖြေဆိုအောင်မြင်နိုင်ကြပါစေလို့ ဆုမွန်ကောင်း တောင်းလိုက်ပါတယ်။

## ရန်ကုန်မြို့ပြအမွေအနှစ် အထိမ်းအမှတ် (၃၆)ခုမြောက် အပြာရောင်ကမ္ပည်းပြား အင်းလျားလိတ်ဟိုတယ်၌ တပ်ဆင်

**ရန်ကုန် ဖေဖော်ဝါရီ ၂၀**

ရန်ကုန်မြို့ပြအမွေအနှစ် အထိမ်းအမှတ် (၃၆) ခုမြောက် အပြာရောင်ကမ္ပည်းပြားကို စစ်ပြီးခေတ် မော်ဒန်ဗိသုကာလက်ရာ အဆောက်အအုံတစ်ခုဖြစ်သော အင်းလျားလိတ်ဟိုတယ်၌ ဖေဖော်ဝါရီ ၁၈ ရက်က တပ်ဆင်ခဲ့သည်။

အခမ်းအနားတွင် ရန်ကုန်မြို့ ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့မှ သုတေသနနှင့် အသိပညာမျှဝေဖလှယ်ရေးစီမံချက်အရာရှိ ဦးသူရိန်အောင်က အပြာရောင်ကမ္ပည်း ပြားများအကြောင်းကို ရှင်းလင်းတင်ပြပြီး အင်းလျားလိတ်ဟိုတယ်မှ Mr Suki Singh က ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ရန်ကုန်မြို့တော် ဒုတိယမြို့တော်ဝန် ဦးစိုးလွင်၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီး မစ္စတာ နီကိုလိုင်း လစ်တိုပါဒွေါ့ပ်၊ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးနိုင်ဝင်း၊ ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့နှင့် အင်းလျားလိတ်ဟိုတယ်မှ တာဝန်ရှိသူများက ကမ္ပည်းပြားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။

အင်းလျားကန်စောင်းတွင် တည်ရှိသော အင်းလျားလိတ်ဟိုတယ်သည် စစ်ပြီးခေတ် မော်ဒန်ဗိသုကာလက်ရာ ပြယုဂ်တစ်ခုဖြစ်ပြီး အရေးပါသော မြို့ပြအမွေအနှစ်တစ်ခုဖြစ်ကာ ထိန်းသိမ်းရမည့် အဆောက်အအုံတစ်ခု လည်းဖြစ်သည်။ ဆိုဗီယက်ပြည်ထောင်စု၏ နည်းပညာအကူအညီဖြင့် တည်ဆောက်ထားသော အင်းလျားလိတ်ဟိုတယ်ကို နာမည်ကျော် ဆိုဗီယက် ဗိသုကာဖြစ်သည့် Viktor Semyonovich နှင့် အမျိုးသမီးဗိသုကာ Kaleriya Dmitriyevna Kislova တို့က ပုံစံရေးဆွဲခဲ့သည်။ ၁၉၅၈ ခုနှစ်က စတင်တည်ဆောက်ခဲ့ပြီး ၁၉၆၂ ခုနှစ်တွင် ပြီးစီးကာ ၁၉၆၂ ခုနှစ် အောက်တိုဘာလတွင် ဧည့်သည်များကို စတင်ဝန်ဆောင်မှုပေးခဲ့သည်။ ထိုခေတ်ထိုအခါက အရှေ့တောင်အာရှတွင် ခေတ်အမီဆုံး ဟိုတယ်တစ်ခုအဖြစ် နိုင်ငံတကာမီဒီယာများက ဖော်ပြခဲ့ကြသည်။

ရန်ကုန်မြို့ပြအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့၏ ဒါရိုက်တာ ဒေါ်မိုးမိုးလွင်က "ဗိသုကာလက်ရာကောင်းတစ်ခုအဖြစ် သူ့ခေတ်သူ့အခါအရ ဂုဏ်ယူဖွယ်ရာဖြစ်ခဲ့တာမို့ မြန်မာ့လူမှုရေးသမိုင်းကဏ္ဍမှာလည်း အလွန်အရေးပါခဲ့ပါတယ်။ လူမှုရေးနဲ့ စီးပွားရေးဆိုင်ရာ အခမ်းအနားပေါင်းများစွာ ကျင်းပခဲ့တဲ့ အမှတ်ရစရာ မြို့ဂုဏ်ဆောင်တဲ့နေရာလည်း ဖြစ်ပါတယ်"ဟု အင်းလျားလိတ်ဟိုတယ်နှင့်ပတ်သက်၍ ပြောကြားခဲ့သည်။

၁၉၉၀ ပြည့်နှစ်တွင် အင်းလျားလိတ်ဟိုတယ်ကို အင်ဒိုနီးရှားဟိုတယ်လုပ်ငန်းရှင် Adrian Zecha က ပြန်လည်ပြင်ဆင်၍ အဆင့်မြှင့်တင်ခဲ့သည်။ အခန်းပေါင်း ၂၃၉ ခန်းပါရှိသော အင်းလျားလိတ်ဟိုတယ်ကို ထိုင်းနိုင်ငံအခြေ စိုက် GCP Hospitality က စီမံခန့်ခွဲလျက်ရှိသည်။ အင်းလျားလိတ်ဟိုတယ်ကို ခေတ်မီအင်္ဂါရပ်များနှင့် ထပ်မံဖြည့်သွင်းထားသော်လည်း မူလအဆောက် အအုံ၏ ဗိသုကာနှင့် သမိုင်းကြောင်းတို့ကို ဖော်ပြနေသည့် မြင့်မားသော မျက်နှာကြက်ပါ အဝင်ခန်းမနှင့်အိပ်ခန်းများ၊ မင်္ဂလာခန်းမကြီးနှင့် ကဖေး တို့ကို ဆက်လက်ထိန်းသိမ်းထားရှိသည်။ ယခုတပ်ဆင်သော (၃၆) ခုမြောက် အပြာရောင်ကမ္ပည်းပြားအတွက် သုတေသနနှင့်ထုတ်လုပ်မှုကုန်ကျစရိတ်များကို အင်းလျားလိတ်ဟိုတယ်က ကျခံထည့်ဝင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)၊ ဓာတ်ပုံ – ထိန်လင်း**

## ချောက်မြို့နယ်၌ အိမ်တိုင်ရာရောက် ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်နေ

**ချောက် ဖေဖော်ဝါရီ ၂၀**

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် ငွေးပင်ကျေးရွာအုပ်စု သန်းပင်မြောက်ကျေးရွာ၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ယူနီဆက်ဖ်နှင့် ကျေးရွာနေပြည်သူများ ပူးပေါင်း၍ အိမ်တိုင်ရာရောက် ရေပေးရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။



ပိုက်လိုင်းသွယ်တန်းရန် စုဆောင်းထားသော ရေပိုက်များ

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကျေးလက်နေပြည်သူများ သောက်သုံးရေ လုံလောက်စွာ ရရှိစေရေးအတွက် နှစ်စဉ် ဦးစားပေးအလိုက် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ သန်းပင်မြောက်ကျေးရွာ အိမ်တိုင်ရာရောက် ရေပေးရေးစနစ်ကို ဖေဖော်ဝါရီလ ပထမပတ်က စတင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ယခုအခါ ၇၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူး ဒေါ်မေသက်နိုင်က ပြောကြားသည်။

အဆိုပါအိမ်တိုင်ရာရောက် ရေပေးရေးစနစ်များကို ပြည်သူထည့်ဝင်ငွေ ကျပ် ၂ ဒသမ ၇ သန်းနှင့် ယူနီဆက်ဖ်မှ ထောက်ပံ့ရန်ပုံငွေ ကျပ် ၁၅ ဒသမ ၃၅ သန်းတို့ဖြင့် ဆောင်ရွက်ပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပိုက်လိုင်းဒီဇိုင်းရေးဆွဲခြင်းနှင့် လိုအပ်သည့် နည်းပညာအကူအညီများပေး၍ ပူးပေါင်း အကောင်အထည်ဖော်ပေးနေကြောင်းနှင့် လုပ်ငန်းများဆောင်ရွက်ပြီးစီးပါက အဆိုပါ ကျေးရွာရှိ အိမ်ခြေ ၂၀၇ အိမ်မှ လူဦးရေ ၁၀၀၀ ကျော်နှင့် ကျွဲ၊ နွား တိရစ္ဆာန်များအတွက်ပါ သောက်သုံးရေများကို အိမ်အရောက် လုံလောက်စွာ ရရှိစေမည်ဖြစ်ကြောင်း သိရသည်။

**စိုးမိုးကျော်**

## ကျိုက်ဝိုင်းစေတီတော် (၁၅၇)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၀**

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်၏ ကျက်သရေဆောင် ရှေးဟောင်းသမိုင်းဝင် အပရာဇိတ ဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်၏ (၁၅၇)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို ဖေဖော်ဝါရီ ၁၈ ရက်က ဆွမ်းတော်ကြီးတင်လှူ၍ ဩဝါဒါစရိယ ဆရာတော်ကြီးများက ဗုဒ္ဓါဘိသေက အနေကဇာတင် ပူဇော်ကြပြီး စတင်ဖွင့်လှစ်သည်။

ဗုဒ္ဓပူဇနိယပွဲတော်ရက်အတွင်း ဓမ္မပူဇာသဘင်အဖြစ် အသံမစဲ မဟာပဋ္ဌာန်းပွဲကို ငါးရက်တိုင်တိုင် ကျင်းပမည်ဖြစ်ပြီး သံဃာတော်များက ပဋ္ဌာန်းရွတ်ဖတ်သရဇ္ဈာယ်မည်ဖြစ်သည်။ ထို့နောက် တပို့တွဲလကွယ်နေ့ညနေ ၄ နာရီတွင် ပင့်သံဃာ အပါး ၂၀၀ အား ဆွမ်းဆန်စိမ်းလောင်းလှူပွဲကိုလည်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးက ဦးဆောင်ကာ မြို့နယ်အတွင်းရှိ အစိုးရဌာနဆိုင်ရာများမှ ဝန်ထမ်းမိသားစုများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင်ပြည်သူများ ပူးပေါင်းပါဝင်၍ ကျင်းပမည်ဖြစ်သည်။ ကျိုက်ဝိုင်းဘုရား ဗုဒ္ဓပူဇနိယပွဲတော်ကြီး ကျင်းပရာတွင် ပွဲလမ်းသဘင်များ ဆင်ယင်ကျင်းပခြင်း မပြုဘဲ ဗုဒ္ဓပူဇာသဘင်၊ ဓမ္မပူဇာသဘင်၊ သံဃာ့ပူဇာသဘင် အစီအစဉ်များဖြင့် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**




**Tournament Category (29.02.2020)**

- Opening Ceremony

**06:05 AM – 11:30 AM**

- (Veteran)
- (Lady)
- (Bronze) (H'cap – 17 to 24)

**11:30 AM – 05:30 PM**

- (Veteran)
- (Gold) (H'cap – 0 to 9)
- (Silver) (H'cap – 10 to 16)
- Networking Session

**Tournament Category (1.03.2020)**

**11:30 AM – 05:30 PM**

- **(Longest Drive 10th Tee)**
  1. (Veteran)
  2. (Gold) (H'cap – 0 to 9)
  3. (Silver) (H'cap – 10 to 16)
  4. (Bronze) (H'cap – 17 to 24)
- **7 – Hole Stableford (Hole No. 1,2,3,4,5,8,9)**
  1. Anyone can Participate
- **One Stick Tournament (Hole No,10,11,9)**
  1. Anyone can Participate
- **Putting(Putting Green)**
  1. Anyone can Participate

**05:30 PM – 06:30 PM**

- **Capt; Driving**
  **(President, Secretary, Patronal, VVIP)**

**06:30 PM - 9:00 PM**

